ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ- ၂၀၈)

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 30 April 2020 ၉၉၉၈

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ အမြင်ကျယ်စေချင်ကြောင်း၊ စိတ်ခိုင်မာစေချင်ကြောင်း၊ ဝီရိယကောင်းစေချင်ကြောင်း၊ သွေးစည်းစေချင်ကြောင်း သတင်းစကားပါး




နေပြည်တော် ဧပြီ ၂၉

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ အမြင်ကျယ်စေချင်ကြောင်း၊ စိတ်ခိုင်မာစေချင်ကြောင်း၊ ဝီရိယကောင်းစေချင်ကြောင်း၊ သွေးစည်းစေချင်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် –**

ဒီကနေ့ COVID ရောဂါရှင်တစ်ဦး ကွယ်လွန်အနိစ္စ ရောက်သွားပါတယ်။ အသက်(၆၀)ကျော် ရောဂါအခံရှိသူ အမျိုးသားတစ်ဦးဖြစ်ပါတယ်။

COVID ရောဂါသာမက၊ ဘယ်ရောဂါကိုမဆို၊ ကာကွယ်ဖို့ရာ ကျန်းမာရေး အခြေခံကောင်းခြင်းက အရေးပါပါတယ်။ ဒါကြောင့် ပြည်သူတွေအတွက် အမိဝမ်းထဲရှိစဉ်ကစ၍ အသက်ထက်ဆုံး၊ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ဖို့ ကြိုးစားနေရတာပါ။

ကြုံတုန်းပြောပါရစေ။ မနေ့က video တွေ့ဆုံပွဲအပြီးမှာ မန္တလေး ကန်တော်နဒီဆေးရုံကြီး ပြုပြင်ရေးအတွက် အလှူရှင်ရှိနေပြီဆိုတာ သိရပါတယ်။ ပြည်သူ့ကျန်းမာရေးအတွက် အထောက်အကူပါ။ ကျေးဇူးတင်ပါတယ်။

COVID နဲ့နွှယ်တဲ့ ပြဿနာတွေကို စဉ်းစားတဲ့အခါမှာ ကျွန်မတို့နိုင်ငံရဲ့ မြောက်မြားလှစွာသော အခြားစိန်ခေါ်မှုတွေကိုလည်း မြင်လာကြလိမ့်မယ်လို့ ထင်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံရဲ့ ထွန်းသစ်စ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး တိုးတက်မှုတွေ မယိမ်းယိုင်သွားအောင် ထိန်းသိမ်းထားရေး၊ များပြားလှစွာသော ကျွန်မတို့ ပြည်တော်ပြန် အလုပ်သမားများအရေး၊ ပြည်တွင်းစစ်နဲ့ နွှယ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း၊ အနယ်နယ်အရပ်ရပ်ရှိ IDP စခန်းများအတွင်း၊ COVID ရောဂါ ကာကွယ်ရေး၊ မတည်ငြိမ်သေးတဲ့ မြောက်ပိုင်းရခိုင်အရေး။

COVID ရောဂါပေါ်လာလို့ အခြားစိန်ခေါ်မှုတွေက မပျောက်သွားပါဘူး။ COVID အလွန်အတွက်လည်း အခုကတည်းက ပြင်ဆင်ထားရပါတယ်။ ဒ့ါကြောင့် ကျွန်မတို့ ပြည်သူတွေကို အမြင်ကျယ်စေချင်တယ်၊ စိတ်ခိုင်မာစေချင်တယ်၊ ဝီရိယကောင်းစေချင်တယ်၊ သွေးစည်းစေချင်တယ်။

ပြည်သူတွေဟာ အဓိက မဟုတ်ပါလား။

> “COVID ရောဂါပေါ်လာလို့ အခြားစိန်ခေါ်မှုတွေက မပျောက်သွားပါဘူး။ COVID အလွန်အတွက်လည်း အခုကတည်းက ပြင်ဆင်ထားရပါတယ်။ ဒ့ါကြောင့် ကျွန်မတို့ ပြည်သူတွေကို အမြင်ကျယ်စေချင်တယ်၊ စိတ်ခိုင်မာစေချင်တယ်၊ ဝီရိယကောင်းစေချင်တယ်၊ သွေးစည်းစေချင်တယ် ”

ကြေးမုံ ယနေ့ ဖတ်စရာ

**ပညာရေးဝန်ကြီးဌာန (၁၄) ကြိမ်မြောက် ပညာရေးနှင့် နည်းပညာ၊ သက်မွေးပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းအဝေး ကျင်းပ** စာမျက်နှာ » ၃

**အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ ကိုဗစ်-၁၉ ဆိုင်ရာ Video Conference အထူးအစည်းအဝေး ကျင်းပ** စာမျက်နှာ » ၄

**COVID-19 ကူးစက်ရောဂါဖြစ်ပေါ်နေချိန် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးပန်ကြားခြင်း** စာမျက်နှာ » ၈

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## ဘေးဘယာဝေးကွာဖို့ မပြတ်သောသတိပြုကြစို့

ကိုဗစ်-၁၉ ရောဂါကို တစ်ကမ္ဘာလုံးနှင့်အတူတကွ ရင်ဆိုင်ကြုံတွေ့ကျော်လွှားနေကြသည်။ မျှော်လင့်မထားသော ဆန်းပြားသည့်ရောဂါဘေးကို ကြံ့ကြံ့ခံတွန်းလှန်နိုင်ကြလျှင် ကြုံတွေ့နေကျ အခြားဘေးဘယာများကို မကျော်လွှားနိုင်စရာ အကြောင်းရှိမည်မဟုတ်ပေ။ လူရယ်လို့ဖြစ်လာပါက ဒုက္ခအမျိုးမျိုးနှင့် လွတ်ကင်းနိုင်မည် မဟုတ်ပါလေ။ ထိုဘေးဒုက္ခများအနက် ကမ္ဘာကြီးတွင် ဖြစ်ရိုးဖြစ်စဉ်ဖြစ်လာသည့် သဘာဝဘေးဒုက္ခကို လူတို့ ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်း ရှိနေကြပါသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါဘေးကို ရင်ဆိုင်ကျော်လွှားနေချိန်တွင် အချိန်ကာလအလျောက်ဖြစ်ပေါ်လာသော ပူပြင်းသည့်ဒဏ်၊ ရေရှားပါးသည့်အခက်အခဲ၊ မိုးသက်လေပြင်းဒုက္ခနှင့် ကိုဗစ်-၁၉ ရောဂါဘေးကြောင့် ဖြစ်ပေါ်လာသည့် လူမှုဘဝဒုက္ခ အခက်အခဲများကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအားလုံး ရင်ဆိုင်ဖြေရှင်းနေကြသည်။ ထိုသို့ဖြေရှင်းနေရသော အချိန်ကာလတွင် ရာသီကာလကြုံတွေ့ရလေ့ရှိသည့် မုန်တိုင်းအန္တရာယ်ကိုလည်း အထူးသတိပြုကြဖို့လိုမည်ဖြစ်သည်။

ယခုအချိန်ကာလသည် ပူပြင်းသောနွေရာသီကာလဖြစ်သကဲ့သို့ မိုးကြိုကာလလည်းဖြစ်သည်။ လာမည့် မေလလယ်တွင် မုတ်သုံရာသီဝင်တော့မည်ဖြစ်၍ ယခုအချိန်မှစ၍ မိုးသက်လေပြင်းများ၊ မုန်တိုင်းများကို သတိထားကြရတော့မည်ဖြစ်သည်။ မိုးကြိုကာလတွင် လေဖိအားနည်းရပ်ဝန်းများနှင့် မုန်တိုင်းများလည်း နှစ်စဉ်ဖြစ်လေ့ရှိသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့မိုးလေဝသဌာနများ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် မိုးရွာသွန်းနေပြီး ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တွင် ဧပြီ ၂၈ ရက်မှ ၃၀ ရက်အတွင်း လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်မည်ဟု ခန့်မှန်းထားသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မေလဆန်းတွင် ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်လာဖွယ်ရာရှိသည့် မုန်တိုင်းနှင့်ပတ်သက်၍ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်သည့်အချိန်ရောက်မှ ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းလားရာကို အချိန်နှင့်တစ်ပြေးညီ အသိပေးသွားနိုင်မည်ဖြစ်သည်။ ယခုလက်ရှိအချိန်တွင် ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းဖြစ်ပေါ်နိုင်သည်မှာ သေချာသလောက်ရှိသော်လည်း မုန်တိုင်းဖြတ်ကျော်မည့်နေရာ၊ ဖြတ်ကျော်မည့်ရက်၊ ဖြတ်ကျော်မည့်အချိန်တို့ကို အတိအကျပြောဆို၍ ရနိုင်မည်မဟုတ်သေးပေ။

သို့သော် မုန်တိုင်းငယ်အဆင့်သို့ ရောက်ရှိပါက မေ ၂ ရက်၊ ၃ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တောင်ပိုင်းတို့တွင် မိုးရွာသွန်းမှုများနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နိုင်သည်။ လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းတို့၏လားရာတို့ကို အတိအကျပြောဆိုရန်ခက်ခဲပြီး ဖြစ်ပေါ်နေသည့် အနီးဆုံးကာလရောက်မှသာ ရေရေရာရာဆုံးဖြတ်နိုင်မည်ဖြစ်သည်။ လက်ရှိတွင် မိုးလေဝသဌာနများ၏ ခန့်မှန်းချက်များအရ မေ ၅ ရက်နှင့် ၇ ရက်တို့တွင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်နိုင်မည်ဟု ခန့်မှန်းကြပြီး ရခိုင်ကမ်းရိုးတန်း သို့မဟုတ် မြစ်ဝကျွန်းပေါ် သို့မဟုတ် ရခိုင်နှင့်မြစ်ဝကျွန်းပေါ်တို့ကို ဖြတ်သန်းနိုင်မည်ဟု ခန့်မှန်းကြသည်။

လက်ရှိတွင် လူမှုကွန်ရက်များ၌ မမှန်သတင်းများ၊ ကောလာဟလသတင်းများ ထုတ်လွှင့်နေပြီး ယင်းသတင်းများကြောင့် ပြည်သူများအနေဖြင့် စိုးရိမ်မှုလွန်ကဲခြင်းမဖြစ်ရန်လိုပေသည်။ သက်ဆိုင်ရာတရားဝင်ဌာနမှ လေဖိအားနည်းရပ်ဝန်းဖြစ်နိုင်ခြေ၊ မုန်တိုင်းငယ်အဆင့် ပြောင်းလဲနိုင်ခြေ၊ မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုအခြေအနေတို့ကို ထုတ်ပြန်အသိပေးမှုအပေါ် မူတည်စောင့်ကြည့်ပြီး သတိပြုလိုက်နာဆောင်ရွက်ကြရန်လိုပေသည်။ အကယ်၍ မုန်တိုင်းနှင့် ကြုံတွေ့ရပါက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားခြင်းသည် ပျက်စီးဆုံးရှုံးထိခိုက်မှုများကို လျှော့ချနိုင်မည်ဖြစ်သည်။ အချိန်နှင့်အမျှ ပြောင်းလဲနေသော မိုးလေဝသဖြစ်စဉ်များကို ကြိုတင်သတိ၊ အသိတို့ဖြင့် ရင်ဆိုင်တုံ့ပြန်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါဘေးနှင့် ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် ဘေးဘယာများကို ရှောင်ရမည့် အသိ၊ သတိများရှိထားကြပြီး ဖြစ်ရာ ရောဂါဘေးကို ရင်ဆိုင်ကျော်လွှားခုခံတိုက်ဖျက်ရင်း ရာသီကာလအလိုက် ရောက်ရှိလာနိုင်သော မိုးသက်မုန်တိုင်းဘေးအန္တရာယ်များကို ရရှိထားပြီးဖြစ်သောအတွေ့အကြုံများနှင့် ညီညီညွတ်ညွတ် လက်တွဲတွန်းလှန်ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် “စောစောရှာ” Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ “စောစောရှာ” Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်“စောစောရှာ” Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ “စောစောရှာ” Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ “စောစောရှာ” Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် “စောစောရှာ” Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် “စောစောရှာ” Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉-၄-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၁,၀၇၆ | ၁၀,၇၆၃,၀၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၀၀ | ၁၈,၇၇၂ | ၇၀,၉၄၄,၂၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၁ | ၈,၃၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၅၀၀ | ၄၄၀ | ၉,၈၉၉,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂ | ၅,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၉

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၁၅/၄၅၅ ကျပ် | ၄၆၀/၄၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၃၀/၄၅၀ ကျပ် | ၄၉၅/၅၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၂၉၀/၃၁၀ ကျပ် | ၃၄၀/၃၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၂၅/၄၇၀ ကျပ် | ၄၇၅/၄၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၃၀/၃၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၃၄၀/၃၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၂၃၀/၂၃၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၁၈.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၁.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၀.၄၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၇၈၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၆.၅၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၇၄၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၁.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၆.၄၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၅.၇၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၃.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်ကို (အင်္ဂလိပ်/ မြန်မာ) နှစ်ဘာသာဖြင့် ၂၀၂၀ ပြည့်နှစ် မေလ ၃၀ ရက်နေ့တွင် ထုတ်ပြန်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် http://www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန် ဖြစ်သည်။

၂၀၁၉ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံးအသုံးပြုသူများသာမက အများပြည်သူအလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု၊ ၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းဒုတိယနှစ်လုပ်ငန်းအစီအစဉ်(၂၀၁၉)အကောင်အထည်ဖော် ဆောင်ရွက်မှုများဟူ၍ အပိုင်း (၄) ပိုင်း ခွဲခြား၍လည်းကောင်း၊ နောက်ဆက်တွဲများ၊ ပုံပြကားချပ်များဖြင့်လည်းကောင်း ပြုစုထားပါသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့်ပတ်သက်၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့၏ အီးမေးလ် scunionoff.dydgtir@mptmail.net.mm သို့ ပေးပို့နိုင်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**နေပြည်တော်**

## ပညာရေးဝန်ကြီးဌာန (၁၄) ကြိမ်မြောက် ပညာရေးနှင့် နည်းပညာ၊ သက်မွေးပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၉**

ပညာရေးဝန်ကြီးဌာန (၁၄) ကြိမ်မြောက် ပညာရေးနှင့် နည်းပညာ၊ သက်မွေးပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Education & TVET Sector Coordination Group – ETVSCG) အွန်လိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်၍ Video Conferencing စနစ်ဖြင့် ချိတ်ဆက်ဆွေးနွေးကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အွန်လိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများအားလုံးကို ကြိုဆိုပါကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ဝင်များမှာ မိမိတို့ခေတ္တပြန်လည်ရောက်ရှိနေသည့် အချိန်ကာလ မတူညီသော တိုင်းပြည်များမှ တက်ရောက်ဆွေးနွေးရသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ETVSCG ၏ Co-Facilitator အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဩစတြေးလျနိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်းနှင့် အသစ်တာဝန်ထမ်းဆောင်မည့် ဖင်လန်နိုင်ငံအား ကြိုဆိုပါကြောင်း၊ ယနေ့အချိန်အခါသည် ပညာရေးဝန်ကြီးဌာနအတွက် ကမ္ဘာ့ကပ်ရောဂါ စိန်ခေါ်မှုကာလကို ရင်ဆိုင်ကျော်ဖြတ်နေချိန်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို လာမည့်လများတွင် အရေးပေါ်ပြန်လည်တုံ့ပြန်နိုင်ရေးအတွက် မိမိတို့ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် ဆရာအတတ်ပညာသင်တန်းများ၊ သင်ယူမှုအခွင့်အလမ်းများကို မြန်မာဒစ်ဂျစ်တယ် ပညာရေးစနစ်ဖြင့်လည်း ဖြည့်ဆည်းဆက်လက်အကောင်အထည်ဖော်ရေး ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် လာမည့်သုံးလအတွင်း ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ် (၃)ရပ်ကို တင်ပြဆွေးနွေးမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဦးစားပေးလုပ်ငန်းစဉ်များကို ထိရောက်သော ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုလျက် အချိန်တိုကာလအတွင်း ပြီးမြောက်အောင် ပူးပေါင်းအကောင်အထည်ဖော်ကြမည်ဖြစ်ပါကြောင်း၊ ပထမဦးစားပေးလုပ်ငန်းမှာ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ ဆရာမများအားလုံးအတွက် သင်ရိုးသစ် Grade-4, Grade-7, Grade-10 သင်ကြားသင်ယူမှုသင်တန်းများနှင့် ပညာရေးကောလိပ်များအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်းများကို ပညာရေးဝန်ကြီးဌာနက မြန်မာဒစ်ဂျစ်တယ်ပညာရေးစနစ် (Myanmar Digital Education Platform–MDEP) တည်ဆောက်ပံ့ပိုးဆောင်ရွက်မည့် အစီအစဉ်ဖြစ်ပါကြောင်း၊ လာမည့်စာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများနှင့် မိဘများသည် MDEP စနစ်၏ အကူအညီဖြင့်လည်း သင်ယူခြင်းကို အားဖြည့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း အိုင်စီတီနှင့် အလှမ်းဝေးသော ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများသို့တိုးချဲ့ပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဖြစ်နိုင်လျှင် DBE Box၊ TV Education Channel၊ ဒီဗွီဒီ၊ ကွန်ပျူတာ၊ လက်ပ်တော့၊ Tablet ကဲ့သို့သော အထောက်အကူပြုပစ္စည်းများဖြင့် e-Learning အစီအစဉ်များစတင်နိုင်ရေး စီစဉ်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိကာလတွင် ပညာရေးဝန်ကြီးဌာနသည် မိုဘိုင်းဖုန်းအသုံးပြုပြီး On-line Training၊ e-Learning Training များကို ပို့ချရန် ဆက်သွယ်ရေးကုမ္ပဏီများနှင့် ညှိနှိုင်းရန် စီစဉ်လျက်ရှိပါကြောင်း၊ ဒုတိယဦးစားပေးလုပ်ငန်းအနေဖြင့် MDEP Platform အောက်တွင် အခမဲ့အွန်လိုင်းစာကြည့်တိုက် (Free Online Library) တစ်ခု တည်ထောင်ရန်ဖြစ်ပါကြောင်း။

ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ ဖတ်ရှုလေ့လာလိုသည်များကို e-Library Website နှင့် App တို့မှတစ်ဆင့် မိမိလက်ကိုင်ဖုန်းဖြင့် သင်ယူခြင်းပြုလုပ်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ တတိယဦးစားပေးလုပ်ငန်းမှာ ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ အတူတကွပူးပေါင်း၍ ကဏ္ဍအလိုက် ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအစီအစဉ် (၂၀၂၀-၂၀၂၁) COVID-19 Response and Recovery Plan (2020 – 2021) ကို ပြုစုစီစဉ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍအားလုံးကို ခြုံငုံမိစေပြီး ကာလတို၊ ကာလလတ်၊ ကာလရှည် ပိုင်းခြား၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ပူးပေါင်းပြုစုကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ဖော်ပြပါ ဦးစားပေးလုပ်ငန်းစဉ်(၃)ရပ် အောင်မြင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များက သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းပူးပေါင်းပံ့ပိုးပေးနိုင်ရန်နှင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Comprehensive Education Development Plan) အရ ပညာရေး လိုအပ်နေသော ဒေသများကို ဝိုင်းဝန်းပူးပေါင်းဖြည့်ဆည်းပေးနိုင်ရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် Co-Facilitator ဖြစ်သူ Ms. Riikka Laatu, Ambassador of Finland to Myanmar က ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအစီအစဉ် (၃)ရပ်ကို ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များဖြင့် ပူးပေါင်းပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ကိုဗစ်-၁၉ တုံ့ပြန်ရေးအတွက် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် ဦးစားပေးအစီအစဉ်များကို PowerPoint Slides များဖြင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က ဆွေးနွေးတင်ပြပြီး ယူနက်စကိုမှ ဌာနေကိုယ်စားလှယ် Ms. Min Jeong Kim က ရှေ့လုပ်ငန်းစဉ်အကျဉ်းချုပ်ကို ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

facebook

ထိန်းချုပ်ကုန်စည်များကို ခွင့်ပြုချက်မရှိဘဲ မရောင်းရ

သင်သည် စည်းမျဉ်းစည်းကမ်းဖြင့် ကန့်သတ်ထားသည့် ထိန်းချုပ်ကုန်စည်များကို တရားဝင်ခွင့်ပြုချက်မရှိဘဲ Facebook တွင် ရောင်းဝယ်ဖောက်ကားခြင်း လုပ်ခွင့်မရှိပါ။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ




## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၂၉**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ ကိုဗစ်-၁၉ ဆိုင်ရာ Video Conference အထူးအစည်းအဝေး ကျင်းပ





**နေပြည်တော် ဧပြီ ၂၉**
အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ ကိုဗစ်-၁၉ ဆိုင်ရာ Video Conference အထူးအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံမှ ဥက္ကဋ္ဌနှင့် အင်ဒိုနီးရှားနိုင်ငံမှ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အထူးအစည်းအဝေးကို ကိုဗစ်-၁၉ ကြောင့် အဖွဲ့ဝင်နိုင်ငံများ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအပေါ် ဆိုးကျိုးသက်ရောက်မှုအခြေအနေများ သက်သာလျော့ပါးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သုံးသပ်အကဲဖြတ် စာတမ်းရေးသားထုတ်ဝေရန်နှင့် အာဆီယံဒေသတွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ် (Joint Statement)ကို ထုတ်ပြန်ရန် ကျင်းပခြင်းဖြစ်သည်။

**ဆွေးနွေး**

အစည်းအဝေးတွင် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများက ကိုဗစ်-၁၉ ကြောင့် အာဆီယံခရီးသွားလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုများ၊ ဖြစ်ပေါ်လာမည့် ဆိုးကျိုးများလျှော့ချနိုင်ရေးမူဝါဒများ၊ ပြန်လည်ထူထောင်ရေး မဟာဗျူဟာများ၊ အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အာဆီယံအရေးပေါ်အခြေအနေ ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ အထူးအစည်းအဝေးအား Video Conferencing ဖြင့် အချိန်နှင့်တစ်ပြေးညီကျင်းပသွားရန်၊ အာဆီယံ ဝက်ဘ်ဆိုက်တွင် အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားအကြံပြုချက်များကို စုစည်းလွှင့်တင်သွားရန်၊ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်တွင်းခရီးသွားလုပ်ငန်းကို ဦးစွာမြှင့်တင်သွားရန်၊ ကိုဗစ်-၁၉ ကာလအလွန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်လည်ပတ်ရေးကို မြှင့်တင်ဆောင်ရွက်သွားရန်၊ အနာဂတ်တွင် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်း ခေါင်းဆောင်များ ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အထူးအစည်းအဝေးက ထုတ်ပြန်မည့် ပူးတွဲကြေညာချက်ပါ ကိုဗစ် -၁၉ ၏ သက်ရောက်မှုများလျှော့ချရေးလုပ်ငန်းစဉ်များတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ပူးတွဲကြေညာချက်အရ အဓိကအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားဧည့်သည်များနှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများအားလုံးအတွက် ကိုဗစ်-၁၉ ဆိုင်ရာ တိကျမှန်ကန်သော သတင်းအချက်အလက်များ ဖြန့်ဝေပေးရန်နှင့် ဖွဲ့စည်းထားရှိသော အာဆီယံခရီးသွားလုပ်ငန်း အရေးပေါ်အခြေအနေ ဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ အပြင် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် ကပ်ဘေးများကြောင့် အကျိုးသက်ရောက်မှုများလျှော့ချရေးအတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သောဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည့်စုံ၍ ပွင့်လင်းမြင်သာမှုရှိသည့် ဆောလျင်စွာတုံ့ပြန်နိုင်သော ပူးပေါင်းဆောင်ရွက်မှု အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ ဆိုးကျိုးသက်ရောက်မှုအခြေအနေများ၊ ပြန်လည်ထူထောင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများ၊ အတွေ့အကြုံကောင်းများနှင့် သတင်းအချက်အလက်များ ပြန်လည်မျှဝေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ အာဆီယံသို့ လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များအကြား ဘေးကင်းလုံခြုံစိတ်ချမှုကိုမြှင့်တင်ရန် ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်သူများအတွက် ပြည့်စုံလုံလောက်သည့် အကာအကွယ်များရရှိစေမည့် လုပ်ငန်းခွင်စံနှုန်းနှင့် လမ်းညွှန်ချက်များရေးဆွဲဆောင်ရွက်ရန်၊ အာဆီယံ၏ ပေါင်းစည်းဈေးကွက်ဖြစ်ပေါ်လာရေး ရည်မှန်းချက်နှင့်အညီ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ကိုဗစ်-၁၉ အလွန် ပြန်လည်ထူထောင်ရေး စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ရန်၊ အကြီးစား၊ အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းငယ်များနှင့် အခြားထိခိုက်မှုရှိသော လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေး၊ အခွန်အခနှင့် ဒစ်ဂျစ်တယ်အခြေခံ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးဆိုင်ရာ အကူအညီပေးရေးမူဝါဒများ ရေးဆွဲဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ အလွန်ကာလအတွက် အာဆီယံကိုရေရှည်တည်တံ့၍ အားလုံးပါဝင်မှုရှိသော ခရီးသွားလုပ်ငန်း ဖြစ်ပေါ်လာရေး မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအားလုံးနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အထူးအစည်းအဝေးတွင် အာဆီယံခရီးသွားလုပ်ငန်းများအပေါ် ကိုဗစ်-၁၉ ဆိုင်ရာ သက်ရောက်မှုများ သုံးသပ်အကဲဖြတ်စာတမ်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်တို့ကိုလည်း အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် တိုင်းရင်းသားဘာသာစကား အသံဖိုင်များပါဝင်သည့် Hand Speaker များ လှူဒါန်း

**ရန်ကုန် ဧပြီ ၂၉**
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီတို့ အသုံးပြုရန်အတွက် တိုင်းရင်းသားဘာသာစကား အသံဖိုင်များပါဝင်သည့် Hand Speaker များလှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကျင်းပသည်။



အခမ်းအနားတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက နှုတ်ခွန်းဆက် အဖွင့်အမှာစကား ပြောကြားပြီး အလှူရှင် ဒေါက်တာသန်းစိုးက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေါက်တာသန်းစိုးနှင့် ဇနီးဒေါ်တင်သူဇာတို့က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီတို့ အသုံးပြုရန်အတွက် Hand Speaker အလုံး ၂၀ ကို လှူဒါန်းရာ ကော်မတီဥက္ကဋ္ဌဒေါက်တာတင်မျိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဒေါက်တာသန်းစိုးက " Hand Speaker နဲ့အတူ အသံဖိုင်ပါ တွဲသုံးလို့ရတာတွေကို လာလှူတာပါ။ အသံဖိုင်တွေကလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကနေ ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်တွေကို မူတည်ပြီးတော့ ထုတ်ထားတာပါ။ ရည်ရွယ်ချက်ကတော့ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ Hand Speaker တွင် ကိုဗစ်-၁၉ အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များနှင့် တိုင်းရင်းသား အနုပညာရှင်များက မေတ္တာဖြင့် ပါဝင်ကူညီပေးထားသည့် အသံဖိုင်များပါဝင်ကြောင်း သိရသည်။

"အသံဖိုင်တွေမှာ တိုင်းရင်းသားဘာသာစကားအနေနဲ့ ရှမ်းဆိုရင် အောက်စဖို့ဒ်ဆရာတော်ကြီးက မိန့်မှာပေးထားတယ်။ ပိုးကရင်၊ စကောကရင် နှစ်ဘာသာနဲ့ ပြောပေးထားသလို တမီးလ်၊ ဟိန္ဒူ ၊ ဂေါ်ရခါး၊ တရုတ်ပညာရှင်တွေကလည်း သူတို့ဘာသာစကားအလိုက် ကူညီပေးထားကြတယ်" ဟု ဒေါက်တာသန်းစိုးက ပြောသည်။

ကော်မတီဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦးက " Hand Speaker တွေ လာလှူတာ အဓိကက အဲဒီအထဲမှာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ တစ်ဦးချင်းကာကွယ်လိုက်နာရမယ့် ကိစ္စတွေ၊ သတင်းစကားတွေ၊ ထုတ်ပြန်ချက်တွေကို တိုင်းရင်းသားဘာသာစကားတွေအပါအဝင် ဘာသာစကား ၁၀ မျိုး ထည့်သွင်းပေးထားပါတယ်။ ကော်မတီကို စဖွဲ့ပြီလို့ သတင်းရတဲ့အချိန်မှာပဲ အခုလို ဆက်သွယ်လှူဒါန်းတာပါ။ အဲဒါတွေကို တိုင်းရင်းသားဒေသတွေဆီ ဖြန့်ခွဲပေးသွားဖို့ ရှိပါတယ်" ဟု ပြောသည်။

**သတင်း-ညွန့်ကိုကို၊ ဓာတ်ပုံ-ဖိုးထောင်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ခွင့်ပြု

**ရန်ကုန် ဧပြီ ၂၉**
Coronavirus Disease 2019 (COVID-19) သက်ရောက်မှုကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ခွင့်ပြုနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၀)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလေးခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတစ်ခုတို့ကို အတည်ပြုပေးခဲ့ကြောင်း၊အတည်ပြုပေးခဲ့သည့် လုပ်ငန်းများတွင် CMP စနစ်ဖြင့် ဆောင်ရွက်မည့် အိတ်ချုပ်လုပ်ငန်းများ၊ အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းများ၊ Roof Sheet, Deck Sheet, Steel Angel ထုတ်လုပ်သည့် လုပ်ငန်းတို့ ပါဝင်ကြောင်း သိရသည်။

အတည်ပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏ စုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၅ ဒသမ ၈၂ သန်းနှင့် ငွေကျပ် ၁၂၅၅ ဒသမ ၀၅ သန်းဖြစ်ပြီး လုပ်ငန်းစုစုပေါင်း ငါးခုတို့မှ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းဦးရေ ၁၉၀၀ အတွက် ဖန်တီးပေးနိုင်မည်ဖြစ်သည်။

အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့်ကုမ္ပဏီ ၁၄ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**မြင့်မောင်**






## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

*(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)*



## ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကာလတွင် စက်ရုံအလုပ်ရုံများ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေး

မြိတ် ဧပြီ ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကာလ၌ စက်ရုံအလုပ်ရုံများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့မှ ယနေ့ နံနက်ပိုင်းမှစတင်ကာ ကွင်းဆင်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

"စက်ရုံအလုပ်ရုံတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ လိုက်နာဆောင်ရွက်ရမယ့် အချက်အလက်တွေ၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမယ့် အချက်တွေကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ ကော်မတီအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သတ်မှတ်ထားတာကတော့ နှစ်ရက် စစ်ဆေးပါ့မယ်။ နှစ်ရက်အတွင်းမှာ အဖွဲ့ခွဲပြီးတော့ စက်ရုံစုစုပေါင်း (၆၇)ရုံ စစ်ဖို့ ရွေးချယ်ထားပါတယ်"ဟု စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဖြိုးဇာနည်ဝင်းက ပြောသည်။

စစ်ဆေးရေးအဖွဲ့မှ လိုက်လံစစ်ဆေးရာ၌ မြိတ်မြို့နယ်တွင် စက်ရုံအလုပ်ရုံများအား အဖွဲ့နှစ်ဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင် အဝင်အထွက် အပေါက်များ၊ ထမင်းစားခန်း၊ နားနေခန်း၊ သန့်စင်ခန်း၊ လက်ဆေးရန်နေရာများတွင် ခြေနင်းဖြင့် အဖွင့်အပိတ်ပြုလုပ်ထားရှိမှု၊ ဝန်ထမ်းများ အလုပ်ဆင်းသည့်အခါ လိုက်နာဆောင်ရွက်ရမည့် တစ်ယောက်နှင့် တစ်ယောက်ခြောက်ပေကွာပြီး အလုပ်လုပ်ရမည့် အခန်း၊ အလုပ်ဆိုင်းများ ခွဲခြားထားရှိမှု၊ ဝန်ထမ်း၏ မိသားစုများ ကျန်းမာရေးအရေးပေါ် ဖြစ်ပါက စက်ရုံအလုပ်ရုံများမှ ကြိုတင်ပြင်ဆင်ထားရှိမှုများ စသည်တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

"စက်ရုံအလုပ်ရုံတွေကို ကိုဗစ်-၁၉ ကာလမှာ လည်ပတ်လို့ရအောင် ညွှန်ကြားချက်နဲ့အညီ လုပ်ဆောင်ထားခြင်း ရှိ၊ မရှိ အပိုင်းကို လိုက်ပြီးစစ်ဆေးနေပါတယ်။ သတ်မှတ်ထားတဲ့ ကဏ္ဍအနေနဲ့ သုံးခုရှိပါတယ်။ ညွှန်ကြားချက်တွေကို အပြည့်အဝလိုက်နာပြီးတော့ လည်ပတ်လို့ရတဲ့ စက်ရုံတွေရှိနိုင်တယ်။ လုပ်တော့ လုပ်ထားတယ်။ အပြည့်အဝမလုပ်ထားတဲ့ စက်ရုံတွေကို ကော်မတီမှ ညွှန်ကြားချက်နဲ့ လိုက်နာသင့်တဲ့အကြောင်းအရာတွေကို သူတို့ကို ရှင်းပြပြီး လည်ပတ်ရမယ့်အပိုင်းတွေရှိတယ်။ နောက်တစ်ခုက လိုက်နာမှုမရှိဘူး။ ကော်မတီအဖွဲ့ သွားတဲ့အခါမှာလည်း ဘာမှပြုပြင်ပြောင်းလဲနိုင်ခြင်းမရှိတဲ့ စက်ရုံကို ယာယီပိတ်သိမ်းဖို့ ကဏ္ဍသုံးခုနဲ့ ညွှန်ကြားချက်ထဲမှာ ပါပါတယ်"ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇင်ကိုအောင်က ပြောသည်။

ခိုင်ထူး(ပြန်/ဆက်)



### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
| --- | --- |
| ၇၇၁၈ | ၁၅၀ |

| ပြန်လည်သက်သာသူ | သေဆုံးသူ |
| --- | --- |
| ၂၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၀၁၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ - ၁၆ (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ၊ သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
| --- | --- | --- | --- |
| ၁ | ရန်ကုန် | ၁၁၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၆ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| | စုစုပေါင်း | ၁၅၀ | ၆ |

- အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
| --- | --- |
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီ တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန　　၂၉-၄-၂၀၂၀ ရက် ည (၈:၀၀) နာရီ

## ရန်ကုန်မြို့ပတ်ရထား ၂၈ စင်းဖြင့် နေ့စဉ် ပြေးဆွဲ၊ ခရီးသည် ငါးထောင်ဝန်းကျင်သာ စီးနင်း

ရန်ကုန် ဧပြီ ၂၉

မြန်မာ့မီးရထားမှ တာဝန်ယူပြေးဆွဲပေးသည့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတို့တွင် ယခင်ကတစ်ရက်လျှင် ရထား ၁၆၈ စင်းဖြင့် ပြေးဆွဲပြီး စီးနင်းသည့် ခရီးသည်မှာ ငါးသောင်းခန့်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ရထားစီးနင်းသည့် ခရီးသည် နည်းပါးပြီး မြန်မာ့မီးရထားမှ သင်္ကြန်ကာလမတိုင်မီ ရထားစင်းရေလျှော့၍ ပြေးဆွဲလျက်ရှိသည်။ လက်ရှိတွင် တစ်ရက်လျှင် ရထားစင်းရေ ၂၈ စင်းဖြင့် ပြေးဆွဲပြီး စီးနင်းသည့် ခရီးသည်မှာ တစ်ရက်လျှင် ငါးထောင်ခန့်သာရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ဧပြီ ၂၀ ရက်တွင် ရုံးများပြန်ဖွင့်လာရာ ခရီးသည်များလာပြီး ဧပြီ ၂၂ ရက်မှစတင်ကာ လှော်ကားရထားကို နံနက်တစ်ကြောင်း ညနေတစ်ကြောင်း၊ တိုးကြောင်ကလေးရထားကို နံနက်တစ်ကြောင်း ညနေတစ်ကြောင်းတိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။

ယခုအခါ ရန်ကုန်မြို့ပတ်လမ်းကြောင်း ရထားပြေးဆွဲမှုမှာ လှော်ကားခရီးစဉ်၊ မင်္ဂလာဒုံခရီးစဉ်၊ ရွာသာကြီးခရီးစဉ်၊ လက်ဝဲရစ်တစ်ပတ်၊ လက်ယာရစ်တစ်ပတ် ပြေးဆွဲပြီး ရထားအချိန်စာရင်း ပြောင်းလဲမှုရှိသည်။ ရထားအချိန်စာရင်းများကို သက်ဆိုင်ရာဘူတာများတွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။

မြန်မာ့မီးရထားမှ နယ်ဝေးရထားခရီးစဉ်အဖြစ် ရန်ကုန်-မန္တလေးရထား၊ ရန်ကုန်-မော်လမြိုင်ရထား၊ ကြည့်မြင်တိုင်-ပြည်ရထား၊ မန္တလေး-မြစ်ကြီးနားရထား၊ နေပြည်တော်-တောင်တွင်းကြီးရထား၊ ကျောက်ပန်းတောင်း-ချောက်ရထား၊ ပုသိမ်-ကြံခင်းရထားတို့ကို ပြေးဆွဲလျက်ရှိပြီး ရထားစင်းရေအနည်းငယ်လျှော့ချထားသည်။ ရထားစင်းရေ ပုံမှန်ပြေးဆွဲနိုင်ရန် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေပေါ်တွင် မူတည်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **အောင်သူရ**

## ခင်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

ခင်ဦး ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန သန္နိဋ္ဌာနတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်တို့ ပူးပေါင်း၍ ယနေ့နံနက် ၈ နာရီက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ပိုးသတ်ဆေးဖျန်းရာတွင် ခရီးသွားလာမှုများသော မီးရထားဘူတာရုံနှင့် စောင့်ကြည့်သူများထားရှိရာ မြကန်သာရပ်၊ စာသင်ကျောင်း တို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ပိုးသတ်ဆေးရည်ဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်ပြီး ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စောင့်ကြည့်သူများ ထားရှိရာနေရာများကိုလည်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစီးမှူး ဦးကျော်သူခ၏ ပြောကြားချက်အရ သိရသည်။

စိုးဝေအောင်(ခင်ဦး)

အလုပ်သမားနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စီးပွားရေးအသိုက်အဝန်းတစ်ခု ဖော်ဆောင်နိုင်ရေး အလုပ်သမားများဘဝမြှင့်တင်ပေး

ထက်ဝေအောင်(စစ်ကိုင်း)

နိုင်ငံ၏ ကုန်ထုတ်စွမ်းအားတိုးတက်သော ဈေးကွက်စီးပွားရေးစနစ်တစ်ရပ် ဖော်ဆောင်ရာတွင် စက်ရုံ၊ အလုပ်ရုံများ၏ လည်ပတ်မှုအခန်းကဏ္ဍမှာ အရေးကြီးလှပါသည်။ ကုန်ထုတ်စွမ်းအားတိုးတက်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စားပြုပြီး ရေရှည်ကောင်းမွန်သော စီးပွားရေးအသွင်သဏ္ဌာန်ကို ဖြစ်ပေါ်စေပါသည်။ စက်ရုံ၊ အလုပ်ရုံများ ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် လူ၊ စက်ပစ္စည်း၊ ငွေကြေးအရင်းအနှီးများ လိုအပ်သည်ကို တွေ့ရပါသည်။ စက်ပစ္စည်းနှင့် ငွေကြေးအရင်းအနှီးသည် ငွေကြေးခနှင့် အင်အားပြည့်စုံသည်နှင့် အခက်အခဲတစ်ခု မဖြစ်နိုင်ဘဲ လွယ်ကူစွာဖြည့်တင်းရယူနိုင်သော ကိစ္စရပ်များ ဖြစ်ပါသည်။ လူဟူသော လူ့စွမ်းအားအရင်း အမြစ်မှာ ရှားပါးအရေးပါ တန်ဖိုးကြီးမားလွန်းလှပါသည်။ အကြောင်းမှာ အလုပ်သမားများ၏ကျွမ်းကျင်မှု အတွေ့ အကြုံများသည် အချိန်တိုအတွင်း လွယ်လင့်တကူ မရရှိနိုင်သော ရင်းနှီးမြှုပ်နှံမှုဖြစ်သဖြင့် ရေရှည်အသုံးဝင်နေမည် ဖြစ်ပါသည်။

**ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေမည်**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံသားများ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်တိုးမြှင့်ရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ပေး လျက်ရှိကြသည်။ အမှန်တကယ် အလုပ်လိုအပ်နေသူများကို အလုပ်ခန့်ထားပေးနိုင်မှုသည် ပြည်သူအများစု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးကို အလေးထားခြင်းဖြစ်သည်။ အလားတူ ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍတွင် အဓိကအင်အားဖြစ်သည့် အလုပ်သမားများ၏ ကျွမ်းကျင်မှုအတွေ့အကြုံ၊ လုပ်သားအင်အားခါးဆက်မပြတ်ရေးမှာပဓာနကျပြီး စည်းကမ်းကောင်းမွန်သော ကျွမ်းကျင်လုပ်သားများ၏ လုပ်ငန်းကျွမ်းကျင်မှုများသည် အခြေခံအကျဆုံး လုပ်ငန်းခွင်များကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါသည်။

**ပဋိပက္ခများ လျော့နည်းလာ**

နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ နည်းပညာ၊ အရင်းအနှီးများ ပိုမိုရရှိရေးအတွက် အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံလိုသူများစွာကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းခွင်တည်ငြိမ်မှုရှိသော ပြည်တွင်း ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများကို ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။ အလုပ်သမားများအတွက် သင့်လျော်သည့် အလုပ်အကိုင်တိုးမြှင့်ရရှိရေး ကြိုးပမ်းမှုအဖြစ် ပြည်တွင်း ပြည်ပအလုပ်အကိုင်ရှာဖွေပေးရေး၊ အလုပ်သမား မှတ်ပုံတင်ပြုလုပ်ပေးရေး၊ ပြည်တွင်းအလုပ်သမားများ၏ အနည်းဆုံးအခကြေးငွေဆိုင်ရာ လုပ်ခလစာတိုးမြှင့်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ လုပ်ငန်းခွင်များအတွင်း လိုက်နာကျင့်သုံးရန် ဥပဒေ၊ နည်းဥပဒေများ ခိုင်မာစွာ ပြဋ္ဌာန်းပေးနိုင်ခြင်းကြောင့် အလုပ်ရှင်၊ အလုပ်သမားများကြားရှိ ပဋိပက္ခများမှာလည်း တဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့ရပါသည်။

အလုပ်အကိုင်အခြေအနေများ တိုးတက်ကောင်းမွန်လာစေရေး အလုပ်သမား၊ အစိုးရနှင့် အလုပ်ရှင် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံတော်အစိုးရနှင့်အတူ အိုင်အယ်လ်အိုအဖွဲ့ကြီးက ပါဝင်ကူညီပေးလေ့ရှိသည်။ အိုင်အယ်လ်အို၏ ဦးတည်ချက်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများကို ကျွမ်းကျင်အကူအညီ၊ နည်းပညာအကူအညီနှင့် ပညာသင်ဆုများပေးလျက် အားဖြည့်ကူညီခြင်းများ ဆောင်ရွက်ပေးသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ညီလာခံကို တစ်နှစ်တစ်ကြိမ် နှစ်စဉ်ကျင်းပလေ့ရှိပြီး အုပ်ချုပ်ရေးအဖွဲ့ကို ရွေးချယ်တင်မြှောက်ပေးခြင်း၊ ညီလာခံမှရရှိသော သဘောတူညီချက်များ၊ အကြံပြုချက်များဖြင့် အလုပ်သမား စံနှုန်းများနှင့် အလုပ်သမား ဥပဒေများကို အတည်ပြု သတ်မှတ်ပေးလေ့ရှိသည့် အိုင်အယ်လ်အိုအဖွဲ့ကြီး၏ လူမှုတရားမျှတရေး လုပ်ဆောင်ချက်များ သည် အရေးပါအရာရောက်နေဆဲဖြစ်သည်။ အပြည်ပြည် ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်လ်အို) (International Labour Organization-ILO)ကို ၁၉၁၉ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်ကို လေ့လာ သိရှိရသည်။ ရည်ရွယ်ချက်ကောင်းများဖြင့် ဖွဲ့စည်းခဲ့သော အိုင်အယ်လ်အိုအဖွဲ့ကြီးသည် နိုင်ငံများ၏ အလုပ်သမားရေးရာကိစ္စရပ်များတွင် လူမှုရေး၊ တရားမျှတမှုကို ရှေ့ဆောင်ရှေ့ရွက်ပြုရေး၊ ထာဝစဉ်တည်တံ့သော ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူပြုရေးကိစ္စများကို အလေးထားဆောင်ရွက်ပေးခဲ့သည်။ အလုပ်သမားများနှင့် ပတ်သက်သော လုပ်ငန်းခွင် အခြေအနေ တိုးတက်ကောင်းမွန်ရေးနှင့် လူနေမှုစနစ်များ တည်ငြိမ်ရေးတို့ကို အလေးထားသဖြင့် အပြည်ပြည်ဆိုင်ရာ အစိုးရများ၊ သမဂ္ဂများနှင့် အလုပ်သမားကိုယ်စားလှယ်များပါဝင်သော ညီလာခံများကျင်းပပြီး အလုပ်သမားများ၏ အရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးပေးခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပါသည်။

> ❖ **အလုပ်သမားများသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်အားရင်းမြစ်ဖြစ်ပြီး မိခင်နိုင်ငံနှင့် အလုပ်လက်ခံပေးသော နိုင်ငံများ၏ ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးရေးကို အဓိက မောင်းနှင်ပေးလျက်ရှိသည်။ ထို့ကြောင့် ပြည်တွင်းအလုပ်သမားများနှင့် ရွှေ့ပြောင်းသွားလာနေကြသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝအာမခံချက်နှင့် လူမှုဘဝလုံခြုံစိတ်ချရသော အခြေအနေကောင်းများရရှိရေးမှာ လွန်စွာအရေးပါ**
>
> ❖ **စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းခွင်များတွင် အလုပ်သမားခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ပြဋ္ဌာန်းထားသည့် အလုပ်သမားဥပဒေနှင့်အညီ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် အလုပ်သမားရေးရာပြဿနာများ ဖြေရှင်းပေးခြင်းများ စဉ်ဆက်မပြတ် ဖြစ်ထွန်းအောင်မြင်မှုရှိရန် လိုအပ်**

**အနာဂတ်အိပ်မက်များ ပိုမိုတောက်ပလာမည်**

အလုပ်သမားအရေးသည် နိုင်ငံ့အရေးကိစ္စ ဖြစ်ပါသည်။ ပြည်တွင်း ပြည်ပအလုပ်အကိုင်အခွင့်အလမ်း ရရှိရေး၊ အလုပ်သမားခံစားခွင့် ပြည့်ပြည့်ဝဝရရှိရေး၊ အလုပ်သမားရေးရာ ပဋိပက္ခများချုပ်ငြိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးကြရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများဖြစ်သည့် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍများမှ အလုပ်အကိုင် ပိုမိုရရှိရေး နှစ်အလိုက်ဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ပြည်ပအလုပ်အကိုင်ရှာဖွေပေးနိုင်မှုကို လေ့လာကြည့်လျှင် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေများ အတိုင်း အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်း ခံစားခွင့်ရရှိရေး အလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများ မှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နိုင်သူများ တစ်ဦးချင်း ဝင်ငွေရရှိရေး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရန် လိုအပ်ပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ ပိုမိုဆောင်ရွက်ပေးခြင်းဖြင့် အလုပ်လိုအပ်နေသူများ၏ အနာဂတ်အိပ်မက်များ ပိုမိုတောက်ပလာမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လုပ်ငန်းလိုအပ်ချက်များတွင် လုပ်သားလိုအပ်ချက်မှာ ဟင်းတစ်ခွက်တွင် မပါမဖြစ် ဆားတစ်ပွင့်ပမာတူညီသည်။ ပြည်ပနိုင်ငံအသီးသီးမှ စက်ရုံ၊ အလုပ်ရုံများတွင် ကျွမ်းကျင်အလုပ်သမားများ တရားဝင်ခေါ်ယူရခြင်းဈေးကွက်များ ဖြစ်ထွန်းအောင်မြင်လာခဲ့သည်။ နိုင်ငံတကာ ရွှေ့ပြောင်းအလုပ်သမားအချို့သည် အိမ်တွင်းမှု အထောက်အကူပြု အလုပ်နေရာများဖြစ်သည့် အိမ်တွင်းဧည့်ကြိုများ၊ သန့်ရှင်းရေးအလုပ်သမားများ၊ ယာဉ်မောင်းများ၊ ချက်ပြုတ်သူများ၊ ကလေးသူငယ်စောင့် ရှောက်ပေးရသူများ၊ သက်ကြီးရွယ်အို စောင့်ရှောက်ပေးရသူများ၊ လုံခြုံရေးဝန်ထမ်းများအစရှိသည့် အလုပ်အမျိုးအစားများတွင် ပါဝင်လုပ်ကိုင်လာကြသည်ကို တွေ့ရှိရ သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ရွှေ့ပြောင်းသွားလာ အလုပ်လုပ် ကိုင်နေကြသည့် အလုပ်သမားများကို လေ့လာဆန်းစစ် ကြည့်လျှင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ လုပ်ခလစာ နည်းပါးခြင်းတို့ကြောင့် လုပ်ခလစာပိုမိုရရှိသည့် နိုင်ငံများကို ရွေးချယ်သွားလာနေကြခြင်း ဖြစ်ပါသည်။ နိုင်ငံအလိုက် ရေခံမြေခံ သဘောတရား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကြောင့် တစ်နိုင်ငံချင်းစီ၏ အလုပ်သမားရပိုင်ခွင့် အခွင့်အရေးများလည်း မတူကွဲပြား ရှိနိုင်ပါသည်။

**အမိမြေတွင် ပြန်လည်အသုံးပြုနိုင်**

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် အဓိကလိုအပ်လျက်ရှိသည့် ကျွမ်းကျင်အလုပ်သမားများ၏ အခန်းကဏ္ဍသည် ထိပ်ဆုံးကအရေးပါလာခဲ့သည်။ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်ရရှိရန်လိုအပ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်သမားလိုအပ်ချက်ပြည့်မီရေး ရွှေ့ပြောင်းအလုပ်သမားလိုအပ်မှု အရေအတွက်မှာ စဉ်ဆက်မပြတ် တိုးပွားလာဖွယ်သာရှိပါသည်။ နိုင်ငံတစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်း အလုပ်လုပ်ကြသဖြင့် အလုပ်သမား၊ အလုပ်ရှင်နှစ်ဖက်စလုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသော အကျိုးအမြတ်များ ရရှိစေနိုင်ပါသည်။ မြန်မာအလုပ်သမားများအနေဖြင့် အချိန်ပေးဆပ်ရရှိလာမည့် နိုင်ငံခြားဝင်ငွေ၊ ပြည်ပအလုပ်အကိုင် အတွေ့အကြုံများ၊ အသိပညာ၊ အတတ်ပညာများကို အမိမြေတွင် ပြန်လည်အသုံးပြုနိုင်သည့်အခွင့်အရေးများ ပိုင်ဆိုင်ရရှိနိုင်ပါသည်။

အလုပ်သမားများသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်အားရင်းမြစ်ဖြစ်ပြီး မိခင်နိုင်ငံနှင့် အလုပ်လက်ခံပေးသော နိုင်ငံများ၏ ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးရေးကို အဓိက မောင်းနှင်ပေးလျက်ရှိသည်။ ထို့ကြောင့် ပြည်တွင်းအလုပ်သမားများနှင့် ရွှေ့ပြောင်းသွားလာနေကြသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝအာမခံချက်နှင့် လူမှုဘဝ လုံခြုံစိတ်ချရသော အခြေအနေကောင်းများရရှိရေးမှာ လွန်စွာအရေးပါလာခဲ့ပါသည်။ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းခွင်များတွင် အလုပ်သမားခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ ပြဋ္ဌာန်းထားသည့် အလုပ်သမားဥပဒေနှင့်အညီ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် အလုပ်သမားရေးရာပြဿနာများ ဖြေရှင်းပေးခြင်းများ စဉ်ဆက်မပြတ် ဖြစ်ထွန်းအောင်မြင်မှုရှိရန် လိုအပ်သည်။

ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းသည် ပွင့်လင်းမြင်သာရှိသည့် ခေတ်ကို အမီလိုက်လျက် တစ်ဟုန်ထိုးတိုးတက်နေသော အလုပ်သမားများ၏ စီးပွားရေးအရွေ့ပင် ဖြစ်သည်။ ကမ္ဘာကြီးသည် ခေတ်မီတိုးတက်ခြင်းဖြင့် စက်မှုနည်းပညာနယ်ပယ်အသီးသီးကို ကျော်လွှားရောက်ရှိသည့်တိုင် အသိဉာဏ်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို အသုံးပြုနေရဆဲ ဖြစ်ပါသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာခြင်းကြောင့် ကမ္ဘာကြီးသည် ရွာတစ်ရွာပမာ တည်ရှိလာခဲ့သည်။ နည်းပညာနယ်ပယ်အသီးသီးတွင်လည်း စက်ကိုထိန်းချုပ်နိုင်သည့် လူသားအကူအညီများ၊ ကျွမ်းကျင်အလုပ်သမားများ၏ စွမ်းပကားများမှာ ထိပ်ဆုံးရောက်ရှိလာခဲ့သည်။

**ခံစားခွင့်များရရှိရေးမှာ လွန်စွာအရေးကြီး**

သို့ဖြစ်ရာ ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်လမ်းကြောင်းမှ သွားရောက်အလုပ်လုပ်ကိုင်ရေး သတင်းအချက်အလက်၊ အသိပညာများ ကျယ်ပြန့်စွာ သိရှိနားလည်ရန် လိုအပ်လှသည်။ အလုပ်သမားများသည် မသိနားမလည်သဖြင့် တရားမဝင်အလုပ်သမားစေလွှတ်ရေးအေဂျင်စီများနှင့် အလုပ်ပွဲစားများကို ဆက်သွယ်ကြလေ့ရှိသဖြင့် အလိမ်ခံရနိုင်ဖွယ်ရှိကြောင်း သတိပြုကြရပါမည်။ အလုပ်သမားစေလွှတ်ရေး အေဂျင်စီများကလည်း လူစုဆောင်းမှုအစီအစဉ်တွင် ပွင့်လင်းမြင်သာမှုရှိရပါမည်။ သို့မှသာ ရွှေ့ပြောင်းအလုပ်သမားများအတွက် ခေါင်းပုံဖြတ်မှုကင်းဝေးခြင်း၊ ကုန်ကျစရိတ်အနည်းဆုံးဖြစ်ခြင်းအစရှိသော တရားမျှတမှုများ ရရှိစေမည်ဖြစ်ပါသည်။ ရွှေ့ပြောင်း အလုပ်သမားများအတွက် ရွှေ့ပြောင်းသွားလာမှု လုံခြုံရေး၊ အလုပ်သမား ဥပဒေပါအတိုင်း ခံစားခွင့်များ ရရှိရေးမှာ လွန်စွာအရေးကြီးလှပါသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးလျက်ရှိပြီး ထိုင်း၊ မလေးရှား၊ ကိုရီးယားကဲ့သို့နိုင်ငံကြီးများတွင် အလုပ်သမားအရေး ဖြေရှင်းပေးနိုင်မည့် အလုပ်သမားသံအရာရှိများ စေလွှတ်ထားရှိပေးခြင်း၊ နိုင်ငံတကာအလုပ်သမားရေးရာစံသတ်မှတ်ချက်များကို အလေးထားရှိခြင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ အလုပ်သမားဥပဒေနှင့် အမိန့်ညွှန်ကြားချက်များနှင့်အညီ အလုပ်သမားများအရေး ကူညီဖြေရှင်းပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ဘာသာစကား အခက်အခဲ၊ လုပ်ငန်းခွင်အခက်အခဲများ ကူညီဖြေရှင်းပေးနိုင်ရန် စကားပြန်များထားရှိပေးခြင်းနှင့် သက်ဆိုင်ရာသံရုံးနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် လေ့လာသိရှိရသည်။

**စည်းမျဉ်းစည်းကမ်းများ လိုက်နာရန်လိုအပ်**

လုပ်ငန်းခွင်အတွင်း အလုပ်သမားများ အချိန်မတိုင်မီ သေဆုံးခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ ရောဂါတစ်မျိုးမျိုး ခံစားခြင်းများ မဖြစ်စေရန် လုပ်ငန်းခွင်ဘေးကင်းရေး၊ အလုပ်သမားများ၏ ကျန်းမာရေး၊ သက်သာချောင်ချိရေးဆိုင်ရာ ရပိုင်ခွင့်များကို အလုပ်ရှင်ဘက်မှစီစဉ်ဆောင်ရွက်ပေးရပြီး လုပ်သားများဘက်ကလည်း လုပ်ငန်းခွင်ဘေးကင်းရေး၊ အလုပ်သမားများ၏ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကိုလိုက်နာရန်လိုအပ်ပါသည်။ လုပ်ငန်းခွင်မတော်တဆမှုနှင့် ရောဂါဖြစ်ပွားမှု လျှော့ချရေးဆောင်ရွက်ရာတွင် အလုပ်ရှင်၊ အလုပ်သမားများမှ မှန်ကန်သော အသိအမြင်၊ အတွေးအခေါ်ဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန်လိုအပ်ပါသည်။ ထို့အတူပင် အလုပ်ရှင်၊ မန်နေဂျာ၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲများကို အခါအားလျော်စွာ ကျင်းပပြုလုပ်ပေးခြင်းဖြင့် ဘေးကင်းလုံခြုံသော ဘဝများကို ပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။ အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင် ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် စံချိန်မီထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်မည့်အပြင် နှစ်ဦးနှစ်ဖက် အကျိုးတူပူးပေါင်းလျက် ဂုဏ်သိက္ခာရှိသော တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော လုပ်ငန်းခွင်အဖြစ် ရေရှည်တည်တံ့နိုင်မည် ဖြစ်ပါကြောင်း ယုံကြည်လျက် မေလ ၁ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ငဖဲမြို့နယ်ရှိ မန်းချောင်းရေကာတာလုပ်ငန်းဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး



ငဖဲ မေ ၂၉
မင်းဘူးခရိုင် ငဖဲမြို့နယ် အိုးမြေတွင်းကျေးရွာ မန်းချောင်းတွင်မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၄)၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၀၀ ဖြင့် မြတ်ဘုန်းယံကုမ္ပဏီမှတာဝန်ယူဆောင်ရွက်သည့် မန်းချောင်းရေ တိုက်စားမှုကာကွယ်ရေးလုပ်ငန်းအဖြစ် ရေကာတာတည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ လုပ်ငန်း၏ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း လုပ်ငန်းခွင် ကြီးကြပ်ရေးမှူး ဦးနိုင်ဝင်းအောင်ထံမှ သိရသည်။

အဆိုပါ လုပ်ငန်းသည် ငဖဲမြို့နှင့် အိုးမြေတွင်းကျေးရွာကြား မန်းချောင်းဘေးတွင် တည်ရှိပြီး Steel Basket အခြေပြု ကျောက်စီကမ်းထိန်းတမံ အလျားပေ ၃၉၀ နှင့် Steel Basket ရေကာတာ အရှည်ပေ ၆၀ သုံးခုဖြစ်ကာ မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းပြီးစီးမည့်ကာလမှာ မေ ၃၀ ရက် အထိဖြစ်သည်။

အိုးမြေတွင်းကျေးရွာ မန်းချောင်းသည် ရေပြင်ကျယ်ပြီး မိုးရာသီကာလတွင် ရေများ တစ်ဟုန်ထိုးစီးဆင်းမှုကြောင့် ကမ်းပြိုခြင်း၊ တံတားချဉ်းကပ်လမ်း ပျက်စီးခြင်းများ ဖြစ်ပွား၍ ယခုနှစ်တွင် မန်းချောင်း ရေကာတာ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

# “ဝေးလေကောင်းလေ ကိုဗစ် – ၁၉ ရေ”

- ဝေးလေကောင်းလေ ကိုဗစ်-၁၉ ရေ မြန်မာပြည်နဲ့ ဝေးဝေးနေ။
- တို့ပြည်သူတွေ ညီညွတ်ထား ပေါင်းစည်းတွဲလက်များ။
- အသွားအလာ ဆင်ခြင်ကာ အိမ်မှာနေကြပါ။
- ကိုဗစ်ရောဂါ ကာကွယ်ခြင်း လက်တွေ့ဆေးကြောရင်း။
- မြို့ရွာအတွင်း လူစိမ်းဝင် သတိပြုစေချင်။
- နေ့စဉ်၊ ညစဉ် သတိထား မိဘပြည်သူများ။
- တိုင်ကြား၊ သတင်းပို့သိရှိကာ ဖော်ထုတ်နိုင်မှသာ။
- ကိုဗစ်ရောဂါဘယာဘေး လူတိုင်းကင်းစင်ဝေး။
- အသိပေးလို့နှိုးဆော်နေ လူတိုင်းလိုက်နာစေ။
- ဝေးလေကောင်းလေ မောင်ကိုဗစ် မြန်မာပြည်မှ အမြန်လစ် ပြည်သူတွေက မင်းကိုမချစ်။. . .။

မြင့်မိုရ်ဦး (ပဲခူး)

# မန္တလေးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ၌ သောက်သုံးရေ ရရှိရေး နယ်စပ်ရေးရာဝန်ကြီးဌာန ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၉
နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ညှိနှိုင်းတောင်းဆိုလာမှုအရ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ ပေနက်တွင်းတူးစက် အကူအညီရယူကာ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကြပ်မတ်ဆောင်ရွက်မှုဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ သောက်သုံးရေရှားပါးပြတ်လပ်နေသော ကျေးရွာများအတွက် ရေနက်တွင်းတူးဖော်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ရေနက်တွင်းတူးဖော်ခြင်းလုပ်ငန်းစဉ်များအနက်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၄၃ သန်းဖြင့် သန့်ရှင်းသော သောက်သုံးရေ လိုအပ်လျက်ရှိသည့် မကွေးတိုင်းဒေသကြီး မကွေးမြို့ အခြေခံကျန်းမာရေးတက္ကသိုလ်အတွင်း၌ အနက်ပေ ၄၀၀ စက်ရေတွင်း တစ်တွင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် လုပ်ငန်းအား ၂၀၂၀ ပြည့်နှစ် မေ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မေ ၂၄ ရက်တွင် ရေတွင်းတူးဖော်ခြင်းလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှုနှင့် ကျန်ဆက်စပ်လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့်တာဝန်ရှိသူများက မေ ၂၈ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သောက်သုံးရေ ရှားပါးသည့် ကျေးရွာများ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာ ခြောက်ရွာတို့၌ အဝီစိရေနက်တွင်း တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မကွေးမြို့ အခြေခံကျန်းမာရေးတက္ကသိုလ်နှင့် မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် တောင်ဇင်းကျေးရွာအုပ်စု မန်ကျည်းစောက်ကျေးရွာတို့တွင်လည်း ဆက်လက်တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကြည်**

# မြန်မာနိုင်ငံသဘင်အစည်းအရုံးဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

မန္တလေး မေ ၂၉
မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နှင့် CB-KMA Foundation တို့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သဘင်အစည်းအရုံးဝင်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း Stay Home နေထိုင်စဉ်ကာလ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် အစည်းအရုံးဝင်တစ်ဦးလျှင် ဆန် (၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ပဲ (၁) ပိဿာ၊ ကြက်သွန်နီ (၁) ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်အရောက်ပို့ဆောင်**

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် တိုင်းဒေသကြီး သဘင်အစည်းအရုံးမှ တာဝန်ရှိသူများက မြို့နယ်အရောက် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

“ အခုလိုထောက်ပံ့မှုတွေ ပေးတဲ့နေရာမှာ လူစုလူဝေးမဖြစ်စေဖို့အတွက် ကျွန်တော်တို့ တိုင်းဒေသကြီးအစည်းအရုံးမှ တာဝန်ရှိသူတွေက မေ ၂၉ ရက်မှာ ငါန်းဇွန်မြို့ကိုသွားရောက်ပြီး ငါန်းဇွန်ဥက္ကဋ္ဌထံ ထောက်ပံ့ပစ္စည်းတွေ ပေးအပ်ခဲ့ပါတယ်။ မေ ၂၇ ရက်ကလည်း မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ မလှိုင်၊ ရမည်းသင်း၊ ပျော်ဘွယ်နဲ့ မေ ၂၈ ရက်မှာ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ညောင်ဦးမြို့တွေက မြို့နယ်သဘင်အစည်းအရုံးဥက္ကဋ္ဌတွေထံမှ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်မြို့နယ်တွေနဲ့ မန္တလေးမြို့ပေါ်ကို ဆက်လက်ပေးဝေသွားမှာ ဖြစ်ပါတယ်” ဟု မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံး အတွင်းရေးမှူး ဦးပေါက်ကျိုင်းက ပြောသည်။

**သဘင်အစည်းအရုံးဝင်ပေါင်း ၅၅၂၈ ဦးရှိ**

ယခုအခါ နယ်မြို့ ၁၂ မြို့သို့ ထောက်ပံ့ပေးဝေပြီးဖြစ်ကြောင်းနှင့် ကျန်နယ်မြို့များ ပေးဝေပြီးပါက မန္တလေးမြို့ပေါ်ရှိ မြို့နယ်များအား ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းတွင် သဘင်အစည်းအရုံးဝင်ပေါင်း ၅၅၂၈ ဦး ရှိကြောင်း သိရသည်။

**သိန်းဇော်(ကျည်ပွေ့)**

# မိုးတွင်းကာလ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေး



ဝါးခယ်မ မေ ၂၉
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ မိုးတွင်းကာလ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ယနေ့ နံနက် ၁၀ နာရီက ဈေးရပ်ကွက်၌ ပြုလုပ်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးနှင့် ကော်မတီဝင်များက ကြီးကြပ်ပြီး ဝန်ထမ်းများ၊ စက်ယန္တရားများဖြင့် ရေကျော်ရပ်ကွက်မှ မင်းပိုင်းရပ်ကွက်အထိ မြို့ရုံးလမ်းမကြီးဝဲ/ယာ များရှိ ရေနုတ်မြောင်းများအား ရေဆိုးများဖယ်ရှားခြင်း၊ အမှိုက်များဆယ်ယူခြင်း၊ တိမ်ကောနေသော ရေနုတ်မြောင်းများအား တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူပင် ကျန်ရှိသော မြို့ပေါ်ရပ်ကွက်များရှိ အဓိကရေထွက်ပေါက်များ၊ ရေနုတ်မြောင်းများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

## သထုံမြို့နယ်အတွင်း သောက်သုံးရေ ဖြန့်ဝေ

သထုံ မေ ၂၉
သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် သထုံမြို့နယ်အတွင်း နွေရာသီသောက်သုံးရေ ရှားပါးပြတ်လပ်သော ကျေးရွာဖြစ်သည့် ထုံးဘိုလေးကျေးရွာနှင့် ထုံးဘိုကြီးကျေးရွာတို့သို့ မေ ၈ ရက်မှ ၂၈ ရက်အထိ ကြိမ်ရေ ၆၁ ကြိမ်ဖြင့် ရေဂါလန်ပေါင်း ၁၀၉၃၄၀ ကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ သောက်သုံးရေ ဖြန့်ဝေခြင်းဆောင်ရွက်ရာတွင် အိမ်ခြေပေါင်း ၂၆၅ အိမ်နှင့် လူဦးရေပေါင်း ၁၈၇၃ ဦးအား ပေးဝေခဲ့ကြောင်း သိရသည်။

**မိုးဝင်း( ကျေးလက်)**

## နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

နေပြည်တော် မေ ၂၉
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# COVID-19 ကူးစက်ရောဂါဖြစ်ပေါ်နေချိန် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးပန်ကြားခြင်း

- မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလမှာ မိုးဦးကာလနှင့် မိုးနှောင်းကာလတို့ဖြစ်ရာ ယခု COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေချိန်တွင် ရာသီကာလအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို ပိုမိုသတိပြုဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားစဉ်ကာလတွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ စီမံခန့်ခွဲဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကိုလည်း ပေါင်းစပ်ထည့်သွင်းပြီး ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့မုန်တိုင်းဖြစ်ပေါ်နိုင်သည့်ရာသီကာလတွင် မိသားစုအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကိုလည်း မမေ့မလျော့ထည့်သွင်းဆောင်ရွက်နိုင်ပါရန်နှင့် အောက်ပါအတိုင်း သတိပြုနေထိုင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် နိုးဆော်အပ်ပါသည်-
  - မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပါ။ မိမိ၏ အိမ်နီးချင်းများကိုလည်း အသိပေးနိုးဆော်ပါ။
  - အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
  - COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာ ခိုလှုံနေထိုင်နိုင်ရေးအတွက်နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ကြိုတင်ပြင်ဆင်ပါ။
  - မိမိနေအိမ်သည် လုံခြုံမှုမရှိနိုင်ဟုယူဆပါက မိသားစုများ အရေးပေါ်ပြောင်းရွှေ့ရန် ဘေးလွတ်ကင်းသည့်နေရာ ကြိုတင်ရွေးချယ်ထားပါ။ အဆိုပါနေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၃)ပေအကွာ နေနိုင်ရေးဆောင်ရွက်ပါ။ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ မျက်နှာနှင့် နှာခေါင်းစည်းများ ကြိုတင်စုဆောင်းယူဆောင်သွားပါ။ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။
  - မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့မည့်နေရာ မရရှိနိုင်ပါက ဒေသရှိ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုကို လိုက်နာဆောင်ရွက်ပါ။
  - ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ရောက်နိုင်ကြောင်း၊ ကုန်းတွင်းပိုင်းဒေသများသည် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း အထူးသတိပြုနေထိုင်ပါ။
  - လှေများ၊ အသက်ကယ်ဘောကွင်းများ၊ Life Jacket များနှင့် ရေလုံသော ပလတ်စတစ်ပုံးများ ကြိုတင်စုဆောင်းပါ။
  - မိသားစုအလိုက် (၁)ပတ်စာခန့် အရေးပေါ်အသင့်စားအစားအစာများ၊ ဆေးဝါး၊ သောက်ရေများ ကြိုတင်စုဆောင်းထားပါ။
  - မိသားစုများ တကွဲတပြားစီဖြစ်သွားပါက ပြန်လည်ဆုံတွေ့နိုင်မည့်နေရာကို ကြိုတင်သတ်မှတ်ထား၍ မိသားစုဝင်အားလုံးသိရှိပါစေ။
  - လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများဖြစ်ပွားနေချိန်တွင် ဖုန်းများကိုအသုံးမပြုပါနှင့်။
- ပြည်သူလူထုအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန် ယခုကာလတွင် မုန်တိုင်းဘေး၊ ရေဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည်ကိုလည်း ကြိုတင်သတိပြုနိုင်ပါရန်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အလေးထားဂရုပြုနားထောင်ရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့လည်း ဆက်သွယ်သတင်းယူခြင်း၊ အကူအညီတောင်းခံ နိုင်ခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့**

မေ ၂၅ ရက်မှ ၂၈ ရက်အထိ ကချင်ပြည်နယ် တနိုင်းမြို့နယ်၊ ကာမိုင်းမြို့နယ်၊ ဖားကန့်မြို့နယ်၊ မြစ်ကြီးနားမြို့နယ်တို့ရှိ နှစ်ခြင်း IDP စခန်း၊ RC IDP စခန်း၊ လိုင်နောင်နှစ်ခြင်း IDP စခန်း၊ နန်စီအင်ထွယ်ဆန် IDP စခန်း၊ လဝါး IDP စခန်း၊ မော်ဖောင်းခါနန် IDP စခန်း၊ မော်ဖောင်းလော်ဝေါ် IDP စခန်း၊ နန်းကွေ့စိန်ယောဟန် IDP စခန်း၊ နောင်နန်းတြီနတီ IDP စခန်း၊ နောင်နန်းဂျော်မဆပ် IDP စခန်းများသို့ သွားရောက်၍ အိမ်ထောင်စုတစ်စုလျှင် ဆပ်ပြာ နှစ်ခဲနှင့် နှာခေါင်းစည်း နှစ်ခုနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၇၅၅ စု အတွက် ဆပ်ပြာခဲ ၁၅၁၀၊ နှာခေါင်းစည်း ၁၅၁၀၊ လက်ဆေးဘေစင်ခုနစ်ခု၊ Infrared Thermometer ခုနစ်ခုနှင့် ဗီနိုင်း ၁၀ ချပ်တို့ကို ထောက်ပံ့ခဲ့သည်။

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ အေးလင်းမြတ်ရှင် IDP စခန်းနှင့် မြတ်ပန်းဝတ်မှုံ IDP စခန်းတို့ရှိ စုစုပေါင်း အိမ်ထောင်စု ၈၇၁ စုအတွက် လက်ဆေးဘေစင် ၁၈ ခုနှင့် Infrared Thermometer နှစ်ခုတို့ကို ထောက်ပံ့ခဲ့သည်။




ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မော်သီညွှာ IDP စခန်း၊ ဒါးပိုင် IDP စခန်း၊ အုန်းတောကြီးတောင် IDP စခန်း၊ အုန်းတောကြီးမြောက် IDP စခန်း၊ အုန်းတောချေ IDP စခန်း၊ ဘောဒူဖ(၁) IDP စခန်းနှင့် ဘောဒူဖ(၂) IDP စခန်းတို့ရှိ အိမ်ထောင်စု ၁၀၆၃၂ စုအတွက် ဆပ်ပြာတောင့် ၁၀၆၃၂ တောင့်၊ နှာခေါင်းစည်း ၁၁၇၅၄ ခု၊ လက်ဆေးဘေစင် ၁၀ ခုနှင့် Infrared Thermometer သုံးခု ထောက်ပံ့ခဲ့သည်။


အလားတူ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ (၅)ရပ်ကွက် နှစ်ခြင်းအသင်းတော် IDP စခန်း၊ (၆)ရပ်ကွက် မူကြိုကျောင်း IDP စခန်း၊ နမ့်ဖတ်ကာနှစ်ခြင်းအသင်းတော် IDP စခန်း၊ နမ့်ဖတ်ကာ နယ်မြေ(၄) IDP စခန်းနှင့် ပန်ကူ IDP စခန်းတို့ရှိ အိမ်ထောင်စု ၂၀၁ စုအတွက် ဆပ်ပြာတောင့် ၉၂ တောင့်၊ နှာခေါင်းစည်း ၁၈၄ ခု၊ လက်ဆေးဘေစင် လေးခုနှင့် Infrared Thermometer သုံးခုထောက်ပံ့ခဲ့သည်။

**စဉ်ဆက်မပြတ်ဆောင်ရွက်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ရွှေကျင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် YGW ပရဟိတ မိဘမဲ့ကလေးများကျောင်းသို့ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်း

**မလှိုင် မေ ၂၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်း ကော်မတီက မြို့နယ်အတွင်းရှိ ရွှေကျင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း နှင့် ရန်ကုန်- မန္တလေး အမြန်လမ်းမ မိုင်တိုင် (၃၀၆/၂) ရှိ YGW ပရဟိတ မိဘမဲ့ကလေးများ စောင့်ရှောက်ရေး ကျောင်းသို့ ဆန်၊ ဆီနှင့် အစား အသောက်ပစ္စည်းများကို မေ ၂၈ ရက် ညနေပိုင်းက သွားရောက်လှူဒါန်းခဲ့ ကြောင်း သိရသည်။



လှူဒါန်းရာသို့ မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာ ငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်နိုင်နှင့် တာဝန်ရှိသူများသည် ရွှေကျင်ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းသို့ ဆန်ငါးအိတ်၊ ဆီ ၁၀ ပိဿာ၊ ကုလားပဲ ၁၅ ပိဿာ၊ ကြက်သွန် ၁၅ ပိဿာ၊ ဆား ၂ ဒသမ ၅၀ ပိဿာတို့ကို ရွှေကျင်ဘုန်းတော် ကြီးသင်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဘိတထံ သွားရောက်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့်အဖွဲ့သည် ရန်ကုန်- မန္တလေး အမြန်လမ်းမ မိုင်တိုင် (၃၀၆/၂) ရှိ YGW ပရဟိတမိဘမဲ့ ကလေးများ စောင့်ရှောက်ရေးကျောင်း သို့ သွားရောက်၍ ဆန်ငါးအိတ်၊ ဆီ ၁၀ ပိဿာ၊ ကုလားပဲ ၁၅ပိဿာ၊ ကြက်သွန် ၁၅ ပိဿာ၊ ဆား ၂ ဒသမ ၅၀ ပိဿာ၊ ကြက်ဥအလုံး ၁၀၀ နှင့် မိတ္ထီလာမြို့ သမာဓိကိုယ်ပိုင် အထက်တန်းကျောင်းက ဆီ ၁၀ ပိဿာတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည် ။

အောင်ဌေး(မလှိုင်)

## တော်လတီတိုက်နယ်ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများနှင့် အာဟာရပြည့်အစားအစာများ ပေးအပ်လှူဒါန်း

**တိုက်ကြီး မေ ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တော်လတီ ကျေးရွာရှိ တိုက်နယ်ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများနှင့် အာဟာရပြည့်အစားအစာများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၉ နာရီက တော်လတီတိုက်နယ် ဆေးရုံ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးချုပ် မျိုးတင့်အောင်က တော်လတီတိုက်နယ်ဆေးရုံသို့ ဆေးရုံ သုံးပစ္စည်းများနှင့် အာဟာရပြည့်အစားအစာများ လှူဒါန်းရ သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တော်လတီ တိုက်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာဆွေလင်းထံသို့ ဆေးရုံသုံးပစ္စည်းများနှင့် အာဟာရပြည့်အစားအစာများ ပေးအပ်လှူဒါန်းသည်။




အဆိုပါအခမ်းအနားတွင် ဆေးရုံသုံးပစ္စည်းများအဖြစ် တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ ၃၀၊ နှာခေါင်းစည်း အခု ၂၀၀၊ လက်အိတ် ၂၀၀၊ လက်သန့်ဆေးရည်ဘူး ၂၀၊ မျက်မှန် ၁၀ လက်နှင့် အာဟာရပြည့်အစားအစာအဖြစ် ပေါင်မုန့် အလုံး ၁၀၀၊ နွားနို့ သုံးပိဿာ၊ ကြက်ဥ အလုံး ၆၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စန်းကလျာခိုင် (ပြန်/ဆက်)

**ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**



## ချောင်းဦးမြို့နယ်အတွင်းရှိ ခိုကိုးရာမဲ့ဘိုးဘွား ၂၅ ဦးအား ပစ္စည်းများ လှူဒါန်း

**ချောင်းဦး မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်းရှိ ခိုကိုးရာမဲ့ဘိုးဘွား ၂၅ဦးအား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကာဘော်လစ်ဆပ်ပြာတောင့်တို့ကို မေ ၂၈ ရက် နံနက် ၁၁ နာရီက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း စားသောက်မှုအထောက် အပံ့ဖြစ်စေရန်အတွက် အမျိုးသမီးရေးရာစီမံချက်ကျေးရွာနှစ်ရွာဖြစ်သည့် ခင်မွန်ကျေးရွာအုပ်စု ခင်ရှေ့ရပ်နှင့် နတ်ရေကန်ကျေးရွာအုပ်စု မြေနီကျင်း ကျေးရွာတို့ရှိ ခိုကိုးရာမဲ့ဘိုးဘွား ၂၅ ဦးအား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကာဘော်လစ်ဆပ်ပြာတောင့်များ သွားရောက်လှူဒါန်းခဲ့ခြင်း ဖြစ် သည်။




လှူဒါန်းရာသို့ ချောင်းဦးမြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်၊ မြို့နယ်လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးစိုးထွန်းအောင်၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန့်ဝင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အဖွဲ့တို့က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရ သည်။

အိအိအောင်(ချောင်းဦး)

## သုံးခွမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ လာရောက်လှူဒါန်း

**သုံးခွ မေ ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၌ အသုံးပြုရန် တစ်ကိုယ်ရေ သုံး ကာကွယ်ရေးပစ္စည်းများကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ် ပြည်သူ့ဆေးရုံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် သူရိန်အလူမီနီယံ မိသားစု (ရန်ကုန်မြို့)က ကိုဗစ်-၁၉ Testing Booth တစ်လုံး၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ N95 အခု ၂၀ ၊ နှာခေါင်းစည်း အခု ၉၅၀ ၊ သာမိုမီတာ တစ်ခု၊ လက်အိတ် အစုံ ၅၀ တို့အား သုံးခွမြို့နယ် ပြည်သူ့ ဆေးရုံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စည်သူလင်း (ပြန်/ဆက်)

■

## မင်းတစုကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်



**ပန်းတနော် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယ မြို့နယ်ဦးစီးမှူး ဒေါ်သီတာထွေးနှင့်ဝန်ထမ်းများ ၊ မင်းတစုတိုက်နယ် ကျေးလက် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မင်းတစုကျေးရွာ မိခင်စာဖတ်ဝိုင်းမှ ဆရာမများနှင့် ဟိတသုခရေ လူမှုကူညီရေး အဖွဲ့ဝင်များ ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီက ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မင်းတစုကျေးရွာအတွင်းရှိ ပြည်သူများအား ကျန်းမာရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခြင်းများ ဆောင် ရွက်ခဲ့ကြသည်။

ပြည့်ဖြိုးကျော်(ပန်းတနော်)



## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ကျေးရွာများသို့ ကွင်းဆင်း အသိပညာပေး

**ငါးသိုင်းချောင်း မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ကြက်ခြေနီအသင်းခွဲ ငယ်များပါဝင်သော ပူးပေါင်းအဖွဲ့က ဒေါင့်ကြီးဘက်ကျေးရွာအုပ်စုနှင့် သရက်ချောင်းကျေးရွာအုပ်စုနေ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနက ထုတ်ပြန်ထားသော ကျန်းမာရေးအသိပညာပေးအချက် အလက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ကျေးရွာအတွင်း လိုက်လံအသိပေး ကြေညာခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

❖

# ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းနဲ့ အဂတိတရားကင်းစင်မှု၊ ကိုယ်ကျိုးမဖက်မှု

ခင်မောင်ညို (ဘောဂဗေဒ)

ကိုရိုနာဗိုင်းရပ်စ် စတင်တွေ့ရှိတဲ့နေရာဟာ စည်းမျဉ်းစည်းကမ်း လျော့နည်းတဲ့နေရာ တစ်ခု ဖြစ်နေတယ်လို့ လေ့လာချက်တစ်ရပ်ကဆိုလေတော့ စဉ်းစားစရာကောင်းတယ်။ ရောဂါမပြန့်ပွားရလေအောင် ထိန်းချုပ်ကြရာမှာလည်း ချမှတ်တဲ့စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမှုက အရေးပါပြန်တယ်။ တစ်ဖက်မှာလည်း ရန်သူဟာ ဝေဒနာရှင်မဟုတ်၊ ရောဂါပိုးသာဖြစ်တယ်ဆိုတာနားလည်ပြီး လူ့ဂုဏ်သိက္ခာ ထိပါးညှိုးနွမ်းခြင်း မရှိလေရအောင် သတိပြုဆောင်ရွက်ကြရပြန်ပါတယ်။

သတင်းထုတ်ပြန်ချက်တွေကို လူတွေ လေးစားလိုက်နာကြတာ၊ အစိုးရနဲ့ပြည်သူ ဆက်ဆံရေးကောင်းမွန်တာ၊ အစိုးရကို ပူးပေါင်းဆောင်ရွက်ကြတယ် ဆိုတာတွေကလည်း ယုံကြည်စိတ်ချမှုအပေါ်မှာ မူတည်နေပြန်တယ်။

မကျန်းမာတဲ့သူ၊ ကူးစက်တဲ့သူ သေဆုံးတဲ့သူတွေစာရင်းကို ဖုံးကွယ်မထားဘဲ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်တဲ့အခါ ကောလာဟလတွေ မတိုးသာပြန်ဘူး။

**လူတစ်ယောက်စီက မကြာခဏလက်ဆေးတာ၊ အိမ်မှာပဲ တတ်နိုင်သမျှနေကြတာ၊ တခြားသူတွေနဲ့ ခပ်ခွာခွာနေတဲ့နည်းဟာ အတ္တဟိတဆိုတဲ့ ကိုယ်ကျိုးစီးပွားအတွက်လည်းဖြစ်သလို ပရဟိတဆိုတဲ့ အများအကျိုးအတွက်လည်း ဖြစ်ပါတယ်။ တစ်နည်းပြောရရင် အိမ်မှာနေရင်းနဲ့ ကုသိုလ်တွေရနေတာ**

ဒီကာလတွေမှာ သဘာဝကျစွာဆေးပစ္စည်းနဲ့ ဆေးဝါးတွေဝယ်ယူကြရ၊ ဖြန့်ဖြူးကြရတယ်။ အဲဒီအခါမှာ စနစ်တကျလုပ်ဆောင်ဖို့ မြင်သာထင်သာရှိဖို့လည်း လိုအပ်သလို လိုတဲ့နေရာ၊ လိုတဲ့သူဆီကို အချိန်မီအရောက် ပေးပို့နိုင်ဖို့လည်း လိုအပ်တယ်။ လူတစ်စုကို ပေးတာမဟုတ်၊ လိုအပ်တဲ့လူအများစုကို စေတနာ အလျောက်ပေးရတာဖြစ်လို့ ဘက်လိုက်မှုကင်းကြရတယ်။

လိုအပ်တဲ့အသုံးအဆောင်တွေက ခပ်များများ။ ငွေကြေးအင်အားကလည်း မပြည့်စုံ။ နည်းနည်းနဲ့ ကျဲကျဲဝိုင်းရတာဆိုတော့ အလေအလွင့်မရှိဖို့ကလည်း သိပ်အရေးကြီးပါတယ်။ စေတနာနဲ့ လုပ်ဆောင်တာတွေဖြစ်ပေမယ့် ဉာဏ်ပညာနဲ့ယှဉ်ဖို့လိုအပ်သလို စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီဖို့လည်း လိုအပ်ပါတယ်။

မပြည့်စုံတဲ့သူတွေအတွက် အကူအညီ အထောက်အပံ့ပေးတဲ့အခါ သန်းခေါင်စာရင်းနဲ့ အိမ်ထောင်စု စစ်တမ်းတွေကို အတိုင်းအတာ တစ်ခုအထိ အားကိုးအားထားလုပ်နိုင်ပေမယ့် အလေသုံးဆယ် လုပ်ကြရတာဆိုတော့ တချို့နေရာလေးတွေမှာ မကျေလည်တာ နည်းနည်းကြားသိရပေမယ့် အများအားဖြင့်တော့ အဆင်ပြေကြပုံရပါတယ်။ စာရင်းအင်း မပြည့်စုံလို့ ကျန်နေတဲ့သူတွေကို လုပ်ငန်းရှင်တွေနဲ့ တခြားစေတနာရှင်တွေက ဝိုင်းဝန်းထောက်ပံ့ကြတာတွေ့ရတယ်။ အထူးသဖြင့် အရေးရယ်၊ အကြောင်းရယ်ဆို ထိပ်ဆုံးက အားကိုးရတဲ့ ဆရာတော် သံဃာတော်များနဲ့ သူတို့ရဲ့ ဒကာဒကာမများရဲ့ စေတနာကို အထူးတွေ့မြင်ကြရပါတယ်။

အကျပ်အတည်းနဲ့ကြုံတဲ့အခါ လူတွေရဲ့ အကြောက်တရားတွေ စိုးရိမ်စိတ်တွေကို တစ်ဖက်မှာ တွေ့ရသလို တစ်ဖက်ကလည်း အကြင်နာတရားတွေ၊ စာနာမှုတွေ၊ စေတနာတွေ၊ မေတ္တာတွေကိုလည်း တွေ့ရတယ်။

အထူးသဖြင့် အပင်ပန်းခံနိုင်ဆုံးကတော့ ကျန်းမာရေးဝန်ထမ်းဆိုတဲ့ ရှေ့တန်းတိုက်စစ်မှူးတွေနဲ့ သူတို့ကို နောက်ပိုင်းက ဝိုင်းဝန်းအားပေးကြ၊ ထောက်ပံ့ကြတဲ့သူတွေပါ။ သူတို့တစ်တွေရဲ့ ပညာတွေ၊ ကျွမ်းကျင်မှုတွေ၊ စေတနာထက်သန်မှုတွေ၊ မဆုတ်မနစ်လုပ်ဆောင်မှုတွေကို မှတ်တမ်းတင်ဂုဏ်ယူကြရမှာပါ။

လူတစ်ယောက်စီက မကြာခဏလက်ဆေးတာ၊ အိမ်မှာပဲတတ်နိုင်သမျှနေကြတာ၊ တခြားသူတွေနဲ့ ခပ်ခွာခွာနေတဲ့နည်းဟာ အတ္တဟိတဆိုတဲ့ ကိုယ်ကျိုးစီးပွားအတွက် လည်းဖြစ်သလို ပရဟိတဆိုတဲ့ အများအကျိုး အတွက်လည်း ဖြစ်ပါတယ်။ တစ်နည်းပြောရရင် အိမ်မှာနေရင်းနဲ့ ကုသိုလ်တွေ ရနေတာပေါ့။

မကြောက်ရင်လည်း လုံးဝမကြောက်၊ ကြောက်ရင်လည်း အကြောက်လွန်လွန်းတတ်တဲ့ အစွန်းရောက်တွေအတွက်တော့ ဥပဒေအရ အရေးယူဆောင်ရွက်ရတာတွေ လိုအပ်မှာပါ။

နိဂုံးချုပ်ရရင် ကမ္ဘာနဲ့ချီပြီး လူအများ ဒုက္ခရောက်နေတဲ့အချိန်ဟာ ကိုယ်ကျိုးရှာရမယ့်အချိန် မဟုတ်ပါဘူး။ ကိုယ်ကျိုးရှာတာတွေရှိရင်လည်း အခုလိုခေတ်ကြီးမှာ အားလုံးကမြင်တွေ့နေကြရမှာပါ။ အများအကျိုးဆောင်မှ ကိုယ့်အကျိုးအောင်မှာဖြစ်သလို ကိုယ့်ကိုယ်ကိုယ် ရုပ်ပိုင်းရော၊ စိတ်ပိုင်းပါ ကာကွယ်စောင့်ရှောက်တာဟာ အများအကျိုးကိုဆောင်ရွက်ရာရောက်ပါတယ်။

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၃၅၆၂ ဦး၊ မ ၉၆၀၇ ဦး တို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၃၁၆၉ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း လက်ခံရရှိမှု ၁၈၄ မှုတွင် အခြားဌာနသို့ လွှဲပြောင်းမှု လေးမှု၊ ကျေအေးမှု ၁၈ မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၄၂ မှု၊ ပိတ်သိမ်းမှု ၁၈ မှု၊ ငွေကြေးအကျိုးခံစားခွင့် အမှု ၆၀ နှင့် လက်ကျန်အမှု ၄၂ မှု တို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၂၃၅ ဦးအား ငွေကျပ် ၇၃,၁၀၉,၅၄၁ ကိုခံစားခွင့်ရရှိစေခဲ့သည်။ ကျွမ်းကျင်လုပ်သားများရရှိစေရန် လေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်၍ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းများအနေဖြင့် အောက်ပါအတိုင်းဖြစ်သည်–

**ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် ၂၀၂၀ပြည့်နှစ် မတ်လအတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများစာရင်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁။ | လေအေးပေးစက်တပ်ဆင် / ပြုပြင်ခြင်းသင်တန်း (ရန်ကင်း) | ၁၀–၃–၂၀၂၀ မှ ၁၇–၃–၂၀၂၀အထိ | ၃၂ | – | ၃၂ |
| ၂။ | လျှပ်စစ်နှင့် လေအေးပေးစက် အလုပ်အကိုင်အတွက် Reskill & Upskill သင်တန်း (မန္တလေး) | ၃–၃–၂၀၂၀ မှ ၇–၃–၂၀၂၀အထိ | ၃၀ | – | ၃၀ |
| ၃။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း (မန္တလေး) | ၄–၃–၂၀၂၀ မှ ၁၈–၃–၂၀၂၀ အထိ | ၁၁၉၉ | ၃၃၆ | ၁၅၃၅ |
| ၄။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း (မြောက်ဒဂုံ) | ၂၇–၂–၂၀၂၀ မှ ၁၄–၃–၂၀၂၀ အထိ | ၁၀၂၅ | ၄၉၈ | ၁၅၂၃ |
| စုစုပေါင်း | | | ၂၂၈၆ | ၈၃၄ | ၃၁၂၀ |

**၂၀၂၀ပြည့်နှစ် မတ်လတွင် စစ်ဆေးခဲ့သော ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းဇယား**

| စဉ် | အလုပ်အကိုင်အမည် | အဆင့် | ဖြေဆိုသူ | | | အောင်မြင်သူ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | Bamboo | Level–1 | ၇ | ၁ | ၈ | ၅ | ၁ | ၆ |
| ၂။ | Power Loom | Level–1 | ၃ | ၂ | ၅ | ၃ | ၂ | ၅ |
| ၃။ | Hand Loom | Level–1 | – | ၅ | ၅ | – | ၅ | ၅ |
| ၄။ | Traditional Loom | Level–1 | – | ၅ | ၅ | – | ၅ | ၅ |
| ၅။ | MMAW | Level–1 | ၁၆ | ၁ | ၁၇ | ၁၆ | ၁ | ၁၇ |
| ၆။ | GMAW | Level–1 | ၉ | – | ၉ | ၉ | – | ၉ |
| ၇။ | Garment Sewing Machine | Level–1 | ၂၀ | ၃၉၄ | ၄၁၄ | ၂၀ | ၃၈၉ | ၄၀၉ |
| ၈။ | Electrician | Level–1 | ၂၂ | – | ၂၂ | ၂၂ | – | ၂၂ |
| ၉။ | Hydraulic Excavator | Level–1 | ၉ | – | ၉ | ၉ | – | ၉ |
| ၁၀။ | Tiler | Level–1 | ၂၀ | – | ၂၀ | ၁၈ | – | ၁၈ |
| ၁၁။ | Carpenter | Level–1 | ၂၀ | – | ၂၀ | ၁၇ | – | ၁၇ |
| ၁၂။ | Room Attendance | Level–1 | ၁ | ၈ | ၉ | – | ၈ | ၈ |
| ၁၃။ | Automotive Mechanic | Level–1 | ၂၆ | – | ၂၆ | ၂၆ | – | ၂၆ |
| ၁၄။ | Waiting Staff | Level–1 | ၂၄ | ၁၇ | ၄၁ | ၂၄ | ၁၇ | ၄၁ |
| စုစုပေါင်း | | | ၁၇၇ | ၄၃၃ | ၆၁၀ | ၁၆၉ | ၄၂၈ | ၅၉၇ |
| စဉ် | အလုပ်အကိုင်အမည် | အဆင့် | ဖြေဆိုသူ | | | အောင်မြင်သူ | | |
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | Poultry Farm Worker | Level–2 | ၉ | ၁၁ | ၂၀ | ၉ | ၁၁ | ၂၀ |
| ၂။ | Electrician | Level–2 | ၂၀ | – | ၂၀ | ၂၀ | – | ၂၀ |
| စုစုပေါင်း | | | ၂၉ | ၁၁ | ၄၀ | ၂၉ | ၁၁ | ၄၀ |
| စုစုပေါင်း (Level–1 & Level–2) | | | ၂၀၆ | ၄၄၄ | ၆၅၀ | ၁၉၈ | ၄၃၉ | ၆၃၇ |

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၄၄၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၂၁၁ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၁၅၇ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် ၂၆ မှုနှင့် ခုံသမာဓိကောင်စီတွင် ၁၅ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများဆောင်ရွက်ရာတွင်ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၃၀၀၀ ကျော်အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၂၀၀ အတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၂၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။


အာမခံအလုပ်သမားများအား ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်–

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး သုံးရုံ (ပြင်ပလူနာ ၈၀၈၅ ဦး၊ အတွင်းလူနာ ၄၄၈ ဦး) | ၈၅၀၆ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ တိုင်းရင်းဆေးခန်း၊ ဌာနကြီးဆေးခန်း ၆၀ နှင့် လူမှုဖူလုံရေး–ကဲဝဲလ်ဆေးခန်း ကိုးခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း ခုနစ်ခန်းတို့မှ ဆေးကုသပေးမှု | ၈၇၉၇၉ ဦး |
| ဂ | အလုပ်သမားဆေးရုံကြီး သုံးရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု နှစ်ကြိမ် | ၄၉၃ ဦး |
| ဃ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များကွင်းဆင်းဆေးကုသမှု ၁၀၆ ကြိမ် | ၁၉၆၆ ဦး |
| င | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့် အလုပ်ဌာန ၅၆ ဌာနရှိ အာမခံ အလုပ်သမားများအား ဆေးကုသပေးမှု | ၈၉၂၃ ဦး |

သတင်းစဉ်

# ရုရှားသမ္မတက စီးပွားရေးလုပ်ငန်းများ ရပ်နားထားခြင်းကို အချိန်တိုးမြှင့်



**မော်စကို မေ ၁၉**

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားနေမှုကြောင့် ရုရှားနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ရပ်နားထားမှုကို သမ္မတ ဗလာဒီမာပူတင်က မေ ၁၁ ရက်အထိ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ထိုကာလကို မူလက ဧပြီလကုန်အထိသာ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

**သတိထားရမည့် အဆင့်ရောက်ရှိနေ**

နိုင်ငံအတွင်း တစ်ရက်လျှင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုပေါင်း ၆၀၀၀ ကျော်ရှိသည်။ ပူတင်က အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် နိုင်ငံတစ်ဝန်းရှိမြို့တော်ဝန်များအား ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ပြောကြားရာတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုမှာ အမြင့်ဆုံးအခြေအနေသို့ မရောက်ရှိသေးသော်လည်း ရုရှားအနေဖြင့် အထက်ပါကိုရိုနာဗိုင်းရပ်စ် ရောဂါတိုက်ဖျက်ရာတွင် သတိထားရမည့်အဆင့်သို့ ရောက်ရှိရန် နီးကပ်နေကြောင်း ပြောကြားသည်။

မော်စကိုနှင့် အခြားမြို့ကြီးများတွင် ဆေးဆိုင်များနှင့် စတိုးဆိုင်များပိတ်ထားပြီး လူထုအနေဖြင့် နေအိမ်ပြင်ပသို့ ထွက်ခွာရန်အတွက် တာဝန်ရှိသူများထံမှ ခွင့်ပြုချက်ရယူရန် လိုအပ်ကြောင်းသိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၀၄၈၈၃၄ | ၁၄၄၃၅၂ | ၆၀၄၄၀ |
| စပိန် | ၂၃၆၈၉၉ | ၁၃၂၉၂၉ | ၂၄၂၇၅ |
| အီတလီ | ၂၀၃၅၉၁ | ၇၁၂၅၂ | ၂၇၆၈၂ |
| ပြင်သစ် | ၁၆၅၉၁၁ | ၄၆၈၈၆ | ၂၃၆၆၀ |
| ဗြိတိန် | ၁၆၅၂၂၁ | စီစစ်ဆဲ | ၂၆၀၉၇ |
| ဂျာမနီ | ၁၆၀၄၇၉ | ၁၂၀၄၀၀ | ၆၃၇၄ |
| တူရကီ | ၁၁၇၅၈၉ | ၄၄၀၂၂ | ၃၀၈၁ |
| ရုရှား | ၉၉၃၉၉ | ၁၀၂၈၆ | ၉၇၂ |
| အီရန် | ၉၃၆၅၇ | ၇၃၇၉၁ | ၅၉၅၇ |
| တရုတ် | ၈၂၈၅၈ | ၇၇၅၇၈ | ၄၆၃၃ |

# ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် တောင်ကိုရီးယားနှင့် ကနေဒါ ပူးပေါင်းဆောင်ရွက်မည်



တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဂျောင်ကျောင်ဒိုး

**ဆိုးလ် မေ ၁၉**

တောင်ကိုရီးယားနှင့် ကနေဒါနိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများသည် ဖုန်းဖြင့် ယနေ့ဆွေးနွေးခဲ့ကြပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ကာကွယ်ရေးကဏ္ဍ ဆက်ဆံရေးတိုးမြှင့်ရန် သန္နိဋ္ဌာန်ချခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ကနေဒါကာကွယ်ရေးဝန်ကြီး ဟာဂျစ်ဆာဂျန်နှင့် ဆွေးနွေးမှုအတွင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဂျောင်ကျောင်ဒိုးက တောင်ကိုရီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်မှုနှင့် အဆိုပါဗိုင်းရပ်စ်ပိုးပျံ့နှံ့မှု တားဆီးရာတွင် အခန်းကဏ္ဍတစ်ရပ်အဖြစ် တပ်မတော်က မည်ကဲ့သို့ ပါဝင်လျက်ရှိသည်ကို မျှဝေခဲ့ကြောင်း ဝန်ကြီးဌာနက ဆိုသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါကို အောင်မြင်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းအားဖြင့် ကမ္ဘာ့နိုင်ငံများအတွက် စံနမူနာတစ်ခုတည်ဆောက်မှုအတွက် ဟာဂျစ်က တောင်ကိုရီးယားနိုင်ငံကို ချီးကျူးခဲ့ပြီး ကနေဒါနိုင်ငံနှင့် သက်ဆိုင်ရာ သတင်းအချက်အလက်များ မျှဝေခြင်းအတွက် ကျေးဇူးတင်ရှိသည်ဟု ပြောကြားခဲ့ကြောင်း ဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

၁၉၅၀-၁၉၅၃ ကိုရီးယားစစ်ပွဲအတွင်း တိုက်ပွဲဝင်ခဲ့သည့် ကနေဒါစစ်ပြန်ကြီးများနှင့်ပတ်သက်၍ ဂျောင်ကျောင်ဒိုးက ဟာဂျစ်ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။ ယခုနှစ်မှာ ကိုရီးယားစစ်ပွဲဖြစ်ပွားသည့် နှစ် ၇၀ ပြည့်နှစ်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါအခြေအနေ ပူးတွဲတုံ့ပြန်မှုအပါအဝင် နှစ်နိုင်ငံအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတည်တံ့စေရေး အပြန်အလှန် လက်တွဲဆောင်ရွက်ရန် ဝန်ကြီးနှစ်ဦးက သန္နိဋ္ဌာန်ချခဲ့ကြကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။

**ကိုးကား-ယွန်ဟပ်**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# တရုတ်နိုင်ငံမှ ဆေးဝါးပစ္စည်း အကူအညီ နီပေါရရှိ

**ခတ္တမန္ဒူ မေ ၁၉**

နီပေါအစိုးရအနေဖြင့် တစ်တိုပါနီ-ဇန်မူးနယ်စပ်လမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ခဲ့သောကြောင့် တရုတ်နိုင်ငံမှ အရေးကြီးသော ဆေးဝါးပစ္စည်း အကူအညီများကို ပိုမိုရရှိခဲ့ကြောင်း တစ်တိုပါနီ အကောက်ခွန်ရုံးမှ နီပေါတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ပိတ်ထားခဲ့**

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားခဲ့ပြီးနောက် ဇန်နဝါရီနှောင်းပိုင်းမှစတင်ပြီး နိုင်ငံတကာနှင့် ဆက်သွယ်နေသော အဆိုပါ နယ်စပ်လမ်းကြောင်းအား ရာဆူဝါဂါဒီ-ကီရန်းနယ်စပ်လမ်းကြောင်းနှင့်အတူ ပိတ်ထားခဲ့သည်။ နီပေါအစိုးရက မတ် ၂၅ ရက်တွင် တရုတ်နိုင်ငံမှ ဆေးဝါးနှင့်စားသောက်ကုန်များ တင်ပို့နိုင်ရန် နယ်စပ်လမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ နယ်စပ်လမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ချိန် ဧပြီ ၈ ရက်မှစ၍ ဆေးဝါးများရောက်ရှိလာခဲ့ပြီး ထပ်မံ၍ ကုန်ပစ္စည်းရောက်ရှိမှုများ တဖြည်းဖြည်းချင်းများပြားလာခဲ့ကြောင်း တစ်တိုပါနီအကောက်ခွန်ရုံးမှ တာဝန်ရှိ သူတစ်ဦးဖြစ်သူ လာဘဟာဒူးခါထရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

**ပထမဦးစားပေးအဖြစ်သတ်မှတ်**

ယခုကဲ့သို့ နယ်စပ်လမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းကြောင့် ကုန်ပစ္စည်းတင်သွင်းသူများအနေဖြင့် လေယာဉ်ဖြင့်တင်ပို့ခြင်းထက် ပိုမိုစရိတ်သက်သာသော ကုန်းလမ်းကြောင်းမှတစ်ဆင့် ကုန်ပစ္စည်းများတင်သွင်းနိုင်မည်ဖြစ်သည်။ နီပေါနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေမှုများ ရှိနေခြင်းကြောင့် အစိုးရအနေဖြင့် ဆေးဝါးတင်သွင်းမှုများအား ပထမဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားသည်။ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားသူ ၅၈ ဦးရှိကြောင်း နီပေါကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီးဌာနက ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဗြိတိန်လေကြောင်းက အလုပ်အကိုင်နေရာ ၁၂၀၀၀ လျှော့ချရန် စီစဉ်

**လန်ဒန် မေ ၁၉**

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားနေသည့်အတွက် လေကြောင်းဖြင့် ခရီးသွားလာမှုများ ကျဆင်းလာခြင်းကြောင့် အရေးပါသော ယူကေ လေကြောင်းလိုင်းဖြစ်သည့် ဗြိတိန်လေကြောင်း(BA)က အလုပ်အကိုင်နေရာ ၁၂၀၀၀ လျှော့ချရန် စီစဉ်လျက်ရှိသည်။

ဇန်နဝါရီလမှ မတ်လအထိ ပထမသုံးလပတ်အတွင်း လုပ်ငန်းလည်ပတ်မှု၌ ငွေကြေးဆုံးရှုံးမှုပမာဏမှာ ယူရို ၅၃၅ သန်းအထိ ရှိခဲ့ကြောင်း ဗြိတိန်လေကြောင်း (BA)၏ မိခင်ကုမ္ပဏီ International Airlines Group(IAG)က ကြေညာခဲ့သည်။ ဒုတိယသုံးလပတ်အတွင်း လုပ်ငန်းလည်ပတ်မှု ဆုံးရှုံးမှုပမာဏ သိသိသာသာ ပို၍ဆိုးလာမည်ဟု IAG က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ဧပြီလနှင့် မေလအတွင်း ခရီးသည်ပို့ဆောင်မှုပမာဏကို ၉၄ ရာခိုင်နှုန်းလျှော့ချခဲ့ပြီး မရှိမဖြစ်လိုအပ်သော ခရီးသွားလာမှုနှင့် နေရပ်ပြန်ပို့ရေး ခရီးစဉ်များကိုသာ ပြေးဆွဲပေးခဲ့ကြောင်း IAG က ဆိုသည်။




၂၀၁၉ ခုနှစ်ကဲ့သို့ လေကြောင်းဖြင့် ခရီးသွားလာမှုအခြေအနေ ပြန်လည်ရောက်ရှိရန် နှစ်ပေါင်းများစွာ ကြာမြင့်မည်ဟု မျှော်မှန်းထားရာ ကုန်သွယ်ရေးသမဂ္ဂများနှင့် ပြန်လည်တည်ဆောက်ရေးနှင့် ပိုလျှံရေးအစီအစဉ်တစ်ခု စေ့စပ်ညှိနှိုင်းနေကြောင်း IAG က ထုတ်ဖော်ပြောခဲ့သည်။ IAG က ဝန်ထမ်းများ နားနေခွင့်ပြုရန် အစိုးရ၏အလုပ်အကိုင်ဆက်လက်ထားရှိရေး အစီအစဉ်တစ်ရပ်ကို အသုံးပြုခဲ့သည်။

မူလအခြေအနေ ပြန်ရောက်ရှိရန် နှစ်ပေါင်းများစွာ ကြာမြင့်နိုင်ရာ IAG က အုပ်စုလိုက် ပြန်လည်တည်ဆောက်ရေးအစီအမံများ ပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-ကျော်ထိုက်စိုး**

## ဆမ်ဆောင်းအီလက်ထရောနစ်ကုမ္ပဏီ ပထမသုံးလတာကာလအတွင်း အသားတင်အမြတ်ငွေ သုံးရာခိုင်နှုန်း လျော့ကျ

**ဆိုးလ် မေ ၂၉**
ကမ္ဘာ့အကြီးဆုံး စမတ်ဖုန်းထုတ်လုပ်သည့် ဆမ်ဆောင်းအီလက်ထရောနစ် ကုမ္ပဏီသည် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားမှုအတွင်း ဝယ်လိုအား လျော့ကျခဲ့ခြင်းကြောင့် ပထမ သုံးလတာ ကာလအတွင်း အသားတင်အမြတ်ငွေ သုံးရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီလမှ မတ်လအထိ အသားတင် အမြတ်ငွေသည် ဝမ် ၄ ဒသမ ၈၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဘီလီယံ) သာ ရှိခဲ့ခြင်းကြောင့် နှစ်စပိုင်းမှစတင်ကာ အသားတင် အမြတ်ငွေသည် ၃ ဒသမ ၁ ရာခိုင်နှုန်း လျော့ကျခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီက ကြေညာချက်တစ်စောင်တွင် ပြောကြားခဲ့သည်။




ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာတစ်ဝန်းရှိ စတိုးဆိုင်များနှင့် စက်ရုံများကို ပိတ်သိမ်းမှု ဖြစ်စေခဲ့သည့်အပြင် ဝယ်လိုအားကိုပါ လျော့ကျစေခဲ့ခြင်းကြောင့် စမတ်ဖုန်းများနှင့် ရုပ်မြင်သံကြားစက်များအပါအဝင် ထုတ်ကုန်လုပ်ငန်းများ၏ ရောင်းရငွေနှင့် အမြတ်အစွန်းများလည်း သိသိသာသာလျော့ကျမည်ဟု မျှော်လင့်ရကြောင်း ဆမ်ဆောင်းအီလက်ထရောနစ် ကုမ္ပဏီက ပြောကြားခဲ့သည်။

ဝယ်လိုအား ထပ်မံလျော့ကျမှုများကြောင့် ဆမ်ဆောင်းကုမ္ပဏီ၏ စမတ်ဖုန်းနှင့် အီလက်ထရောနစ်လုပ်ငန်းများအပေါ် ရိုက်ခတ်လာမည်ဟု သုံးသပ်သူများက မျှော်လင့်ထားသည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ သက်ရောက်မှုနှင့် အချိန်ကာလသည် မည်သည့်အချိန်အထိ ဆက်ရှိနေမည်ကို မသိရှိရသည့်အတွက် ၂၀၂၀ ပြည့်နှစ်၏ ကျန်ရှိသည့် အချိန်ကာလတွင်လည်း ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်သည့် စီးပွားရေးဆိုင်ရာ ကစဉ့်ကလျားဖြစ်မှုများသည် ဆက်ရှိနေလိမ့်မည်ဖြစ်ကြောင်း ဆမ်ဆောင်းက ပြောကြားခဲ့သည်။ **ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အလင်းသစ်**

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၁၅၆၄၁ | ၁၁၈၈ | ၁၄ |
| အင်ဒိုနီးရှား | ၉၇၇၁ | ၁၃၉၁ | ၇၈၄ |
| ဖိလစ်ပိုင် | ၈၂၁၂ | ၁၀၂၃ | ၅၅၈ |
| မလေးရှား | ၅၉၄၅ | ၄၀၈၇ | ၁၀၀ |
| ထိုင်း | ၂၉၄၇ | ၂၆၆၅ | ၅၄ |
| ဗီယက်နမ် | ၂၇၀ | ၂၂၂ | ၀ |
| မြန်မာ | ၁၅၀ | ၁၆ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၂၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၉ | ၀ |
| လာအို | ၁၉ | ၇ | ၀ |

## ဆီးရီးယားမြောက်ပိုင်းတွင် လောင်စာဆီတင်ယာဉ်ဖြင့် ဗုံးခွဲတိုက်ခိုက်ရာ ၄၆ ဦး သေဆုံး

**ဒမတ်စကတ် မေ ၂၉**
ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ဈေးတစ်ခုအတွင်း ယမန်နေ့က လောင်စာဆီတင် ထရပ်ကားတစ်စီးဖြင့် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ တူရကီနိုင်ငံက ထောက်ပံ့ပေးထားသော တိုက်ခိုက်ရေးသမားများ အပါအဝင် လူ ၄၆ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း ဆီးရီးယား လူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောသည်။

ဒေသခံပြည်သူများက ရာမာဒန်ဥပုသ်ထွက်ရန် ပြင်ဆင်မှုအနေဖြင့် ဈေးဝယ်ထွက်ချိန် တူရကီနိုင်ငံက ထောက်ပံ့ပေးထားသော သူပုန်များ ထိန်းချုပ်ရာ အက်ဖရင်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ မီးသတ်သမားများက မီးတောက်များ ငြိမ်းသတ်နေပြီး ကယ်ဆယ်ရေးလုပ်သားများက သေဆုံးသူများ သယ်ဆောင်နေပုံကို ဆီးရီးယား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ ကယ်ဆယ်ရေးလုပ်သားများ ထုတ်ပြန်သည့် ဓာတ်ပုံများက ပြသနေသည်။ လူ ၄၆ ဦး သေဆုံးခဲ့ပြီး ၅၀ ခန့် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ရာ သေဆုံးသူဦးရေ မြင့်တက်လာနိုင်ကြောင်း ဗြိတိန်အခြေစိုက် အဆိုပါအဖွဲ့၏ အကြီးအကဲ ရာမီအဗ္ဗဒူရာမန်က ပြောသည်။

တူရကီလိုလားသူ တိုက်ခိုက်ရေးသမားခြောက်ဦးနှင့် ကလေးငယ် ၁၁ ဦးလည်း သေဆုံးခဲ့ကြောင်း ၎င်းက ပြောသည်။ နှစ်လကြာ ဝေဟင်-မြေပြင် ထိုးစစ်တစ်ရပ်ဆင်နွှဲကာ တူရကီနှင့် မဟာမိတ်သူပုန်များက အက်ဖရင်ဒေသကို ကာဒ့်တပ်ဖွဲ့များထံမှ သိမ်းပိုက်ပြီးနောက်ပိုင်း ဖြစ်ပွားခဲ့သော အဆိုပါတိုက်ခိုက်မှုသည် မည်သည့်အဖွဲ့၏လက်ချက်ဆိုသည်ကို ရှင်းလင်းစွာ မသိရပေ။ တူရကီ ကာကွယ်ရေး ဝန်ကြီးဌာနက တိုက်ခိုက်မှုမှာ အကြမ်းဖက်အဖွဲ့တစ်ခုအဖြစ် သတ်မှတ်ထားသည့် ကာဒ့်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (YPG) ၏ လက်ချက်ဟု ပြစ်တင်ပြောဆိုခဲ့သည်။ တိုက်ခိုက်မှုကြောင့် ရာမာဒန်ဥပုသ်ထွက်ရန် ပြင်ဆင်မှုအဖြစ် ဈေးဝယ်ထွက်နေသူများ သေဆုံးခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရအမျိုးသမီး မော်ဂန်အော် တေဂတ်စ်က ပြောကြားသည်။

ဇန်နဝါရီလအတွင်းကလည်း တူရကီလိုလားသူ တပ်ဖွဲ့များ ထိန်းချုပ်ထားရာ ဆီးရီးယားနိုင်ငံမြောက်ပိုင်း အဇက်ဇ်မြို့တွင် ကားတစ်စီးဖြင့် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၇ ဦး သေဆုံးခဲ့သည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်း ဆီးရီးယားပဋိပက္ခကြောင့် ပြည်သူ ၃၈၀၀၀၀ ကျော် သေဆုံးခဲ့ပြီး တိုင်းပြည်လူဦးရေ ထက်ဝက်ကျော်မှာ အိုးအိမ်စွန့်ခွာခဲ့ရသည်။
**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## တောင်ကိုရီးယားတွင် ကုန်လှောင်ရုံ မီးလောင်မှုကြောင့် ၂၅ ဦးထက်မနည်း သေဆုံး

**ဆိုးလ် မေ ၂၉**
တောင်ကိုရီးယားနိုင်ငံ ဂျေယောင်ဂျီပြည်နယ်ရှိ ကုန်လှောင်ရုံဆောက်လုပ်နေသည့် နေရာတစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၂၅ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ယနေ့ဖော်ပြထားသည်။

အဆိုပါ မီးလောင်မှုသည် မြို့တော်ဆိုးလ်မှ အရှေ့တောင်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာတွင် တည်ရှိသော ဂျေယောင်ဂျီ ပြည်နယ်မြို့တော် အီချီအွန်မြို့ရှိ ဆောက်လုပ်နေသော ကုန်လှောင်ရုံ၏ မြေညီထပ်မှ ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၃၂ မိနစ်ခန့်က စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားစဉ် အဆိုပါ အဆောက်အဦထဲတွင် ကုမ္ပဏီ ၉ ခုမှ အလုပ်သမား ၈၀ ခန့်ရှိနေကြကြောင်း သိရသည်။ ယင်း အလုပ်သမား ၈၀ ခန့်အနက် ၂၅ ဦး မီးလောင်သေဆုံးခဲ့ပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ မီးသတ်အာဏာပိုင်များက အတည်ပြုပြောကြားသည်။

သို့သော် အဆိုပါ အဆောက်အအုံထဲတွင် အလုပ်လုပ်နေကြသော အလုပ်သမားများအနက် အလုပ်သမားအများအပြားသည် ယခုအချိန်ထိ ပျောက်ဆုံးနေသောကြောင့် သေဆုံးသူဦးရေလည်း နောက်ထပ်တိုးလာဖွယ်ရှိကြောင်း မီးသတ်အာဏာပိုင်များက ထပ်မံပြောကြားသည်။

ကုန်လှောင်ရုံ၏ မြေညီထပ်တွင် မီးလောင်လွယ်သော ဓာတုပစ္စည်းတစ်ခုဖြစ်သည့် ယူရီသိမ်းဓာတ်အသုံးပြု၍ အလုပ်လုပ်နေစဉ် မတော်တဆဖြစ်ပွားသည့် ပေါက်ကွဲမှုကြောင့် မီးလောင်မှုစတင်ဖြစ်ပွားခြင်းဖြစ်သည်ဟု ယူဆရကြောင်း မီးသတ်အာဏာပိုင်များက ပြောကြားသည်။

အဆောက်အဦထဲတွင် အလုပ်လုပ်နေကြသော အလုပ်သမားများသည် မီးလောင်ကူးစက်မှု အလွန်မြန်သောကြောင့် ချက်ချင်းမစွန့်ခွာနိုင်ဘဲ မီးလောင်သေဆုံးခဲ့ဖွယ်ရှိကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။
**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



## ဘယ်လ်ဂျီယံနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် လူ ၁၇၀ ထပ်မံသေဆုံး၍ သေဆုံးသူပေါင်း ၇၅၀၁ ဦး ရှိလာ

**ဘရပ်ဆဲလ် မေ ၂၉**
ဘယ်လ်ဂျီယံ နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် လူ ၁၇၀ ထပ်မံ သေဆုံးခဲ့ရာ နိုင်ငံတစ်ဝန်း သေဆုံးသူပေါင်း ၇၅၀၁ ဦး ရှိလာကြောင်း ပြည်သူ့ကျန်းမာရေးသိပ္ပံက မေ ၂၉ ရက်တွင် ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

သေဆုံးသူ ၁၇၀ တွင် ၆၉ ဦးသည် ဆေးရုံများတွင် သေဆုံးပြီး ကျန် ၉၈ ဦးသည် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာများတွင် သေဆုံးခြင်းဖြစ်သည်။ စုစုပေါင်း သေဆုံးသူ ၇၅၀၁ ဦးတွင် ၄၆ ရာခိုင်နှုန်းသည် ဆေးရုံများတွင် သေဆုံးခြင်းဖြစ်ပြီး ကျန် ၅၃ ရာခိုင်နှုန်းသည် သက်ကြီးရွယ်အို စောင့်ရှောက်ရေး ဂေဟာများတွင် သေဆုံးခြင်းဖြစ်သည်ဟု အထက်ပါအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

အထက်ပါအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ဘယ်လ်ဂျီယံနိုင်ငံ၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ အတည်ပြုလူနာ ၅၂၅ ဦးရှိသဖြင့် ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၄၇၈၅၉ ဦး ရှိလာသည်။

ထို့အပြင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူသူလူနာ ၁၇၄ ဦးရှိရာ လွန်ခဲ့သည့်နေ့က ဆေးရုံတက်ရောက်သူဦးရေထက် အနည်းငယ် တိုးလာသည်ဟု ဆိုသည်။ ရောဂါမှ ပြန်လည် ကျန်းမာလာသည့် လူ ၃၄၀ ကို ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သဖြင့် ပြန်လည်ကျန်းမာလာသူပေါင်း ၁၁၂၈၃ ဦး ရှိလာခဲ့သည်။

ကျန်းမာရေးအာဏာပိုင်များ၏ အဆိုအရ မေ ၂၀ နှင့် ၂၆ ရက်အကြား ကောက်ယူသည့် ကိန်းဂဏန်းများကို အခြေခံတွက်ချက်မှုအရ ဘယ်လ်ဂျီယံနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းသည် သုည ဒသမ ၇၉ တွင် ရပ်တည်နေသည်ဟု ဆိုသည်။ ဆိုလိုသည်မှာ ကိုရိုနာဗိုင်းရပ်စ်ပိုးရှိသည့် လူနာတစ်ဦးမှ ပျမ်းမျှအားဖြင့် အခြားသူ သုည ဒသမ ၇၉ ဦး (တစ်ဦး) ထံသို့ ဗိုင်းရပ်စ်ပိုးကူးစက်ခြင်းဖြစ်သည်။
**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

## ပြင်သစ်နှင့် စပိန်တို့က စာသင်ကျောင်းများ၊ စီးပွားရေးလုပ်ငန်းများ ပြန်ဖွင့်ရန် စီစဉ်

**ပါရီ မေ ၂၉**
ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှုန်း ကျဆင်းလာခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်နေသည်ဟု ပြင်သစ်နှင့် စပိန်အစိုးရတို့က ကြေညာခဲ့သည်။

ပြင်သစ်ဝန်ကြီးချုပ် အက်ဒဝပ်ဖိလစ်ပီက လွှတ်တော်အစည်းအဝေးတစ်ခု၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ စာသင်ကျောင်းများကို မေ ၁၁ ရက် မှစ၍ တဖြည်းဖြည်းချင်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူ ၁၅ ဦးသာ သင်ကြားခွင့်ပြုမည်ဟု ၎င်းက ပြောသည်။ စီးပွားရေးလုပ်ငန်းများကို ပြန်လည်စတင်ရန် ခွင့်ပြုမည်ဖြစ်ပြီး စတိုးဆိုင်ကြီးများ၏ ကြမ်းပြင်အကျယ်မှာ စတုရန်းမီတာ ၄၀၀၀၀ ကျော် ရှိရမည်ဖြစ်ကာ ကဖေးဆိုင်များ၊ စားသောက်ဆိုင်များကို ဆက်လက်ပိတ်ထားမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်နိုင်ရန် ကိုယ်တိုင်လေ့လာရမည်ဟု ဖိလစ်ပီက ပြောသည်။ အပြင်ထွက်ချိန်တွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရန်နှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ဖြင့် ခရီးသွားလျှင် နှာခေါင်းစည်းတပ်ဆင်ကြရန် ၎င်းက ပြည်သူများသို့ ပန်ကြားခဲ့သည်။ ဥရောပတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံး ဖြစ်ပွားခဲ့သည့် စပိန်နိုင်ငံ၌ ဈေးဆိုင်များ၊ စားသောက်ဆိုင်များကို မေ ၄ ရက်မှ ဇွန်လအကုန်အထိ လုပ်ငန်းလည်ပတ်မှု ပြန်လည်စတင်ရန် တစ်ဆင့်ချင်းခွင့်ပြုမည်ဟု ဧပြီ ၂၈ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် ပတ်ဒရိုဆန်းချက်ဇ်က ပြောကြားခဲ့သည်။ သို့ရာတွင် စပိန်နိုင်ငံရှိ ပြည်နယ် ၅၀ တွင် ပြည်နယ်တစ်ခုနှင့်တစ်ခု ခရီးသွားလာမှုကို ဆက်လက်ကန့်သတ်ထားလျက်ရှိကြောင်း သိရသည်။
**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# စည်းမျဉ်းတွေကို လိုက်နာရင်း ကပ်ဆိုးကြီးကို လွန်မြောက်လာတဲ့ နယူးဇီလန်ပြည်သူတွေ

အောင်ကျော်ကျော်

**နယူးဇီလန်နိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်ဖို့ ခရီးသွားလာမှုကန့်သတ်ချက်တွေကို ရက်သတ္တပါးပတ်နီးပါး ချမှတ်ခဲ့ပြီးတဲ့နောက်မှာ ရောဂါကူးစက်မှုနှုန်းတွေ သိသိသာသာ လျော့ကျသွားခဲ့တာကို တွေ့မြင်ရပါတယ်။ အခုဆိုရင် နိုင်ငံအတွင်းမှာ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်လည်ပတ်နေပြီး ခရီးသွားလာမှုတွေလည်း စတင်လို့နေပြီ ဖြစ်ပါတယ်။**

### သိသိသာသာလျော့ကျ

နိုင်ငံရဲ့ ဗိုင်းရပ်စ်ကာကွယ်ရေးအခြေအနေဟာ ဗိုင်းရပ်စ်ကို လုံးဝထိန်းချုပ်သွားနိုင်တဲ့ အခြေအနေတော့ မဟုတ်သေးပါဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့ ရက်အနည်းငယ်လောက်က ရောဂါကူးစက်ခံရသူအရေအတွက်ဟာ ၁၀ ဂဏန်းအောက်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ မေ ၂၇ ရက်မှာ ရောဂါကူးစက်ခံရသူ တစ်ဦးသာ တွေ့ရှိခဲ့တယ်လို့ ဆေးမှတ်တမ်းဖော်ပြချက်အရ သိရပါတယ်။

ဒီလို ဗိုင်းရပ်စ်ကူးစက်မှုနှုန်းလျော့ကျလာတာဟာ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွက် အားဆေးတစ်ခွက်ပဲဖြစ်ပါတယ်။ ဗိုင်းရပ်စ်ကို ဘယ်လိုကာကွယ်၊ ထိန်းချုပ်ရမလဲဆိုတဲ့ မှန်ကန်တဲ့ နည်းလမ်းတွေရရှိခဲ့ပါပြီလို့ နယူးဇီလန်ကျန်းမာရေးဌာနအကြီးအကဲ အက်ရှ်လေဘလွန်းဖီးက ဆိုပါတယ်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ ခရီးသွားလာမှုတွေကို ရက်သတ္တပါးပတ်တာမျှ ပိတ်ပင်ခဲ့ရာမှာ ပြီးခဲ့တဲ့ မေ ၂၇ ရက်က ငါးပတ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ဒီအချိန်မှာ ရောဂါကူးစက်မှုနှုန်းဟာ သိသိသာသာ လျော့ကျလာတာကို တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံအတွင်းမှာ ချမှတ်ထားတဲ့ ခရီးသွားခွင့်လာပိတ်ပင်မှုတွေကို ပြန်လည်ဖြေလျှော့ပေးခဲ့ပါတယ်။ အခုဆိုရင် ပြည်သူလေးသိန်းကျော်ဟာ လုပ်ငန်းခွင်တွေဆီကို ပြန်လည်ဝင်ရောက်လို့နေပါပြီ။ နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်း ၇၅ ရာခိုင်နှုန်းဟာလည်း ပြန်လည်စတင်လည်ပတ်နေပါပြီ။ ဒါပေမယ့် ရောဂါကူးစက်မှုကိုတော့ ဆက်လက်ကာကွယ်သွားရမှာဖြစ်တယ်လို့ နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်က ဆိုပါတယ်။

နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူကို ဖေဖော်ဝါရီ ၂၈ ရက်မှာ စတင်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ရောဂါကူးစက်ခံရသူ ၁၄၇၂ ဦးရှိပြီး သေဆုံးသူ ၁၉ ဦးရှိတယ်လို့ သိရပါတယ်။ ရောဂါကူးစက်ခံရသူတွေထဲက ၁၂၁၄ ဦး (၈၂ ရာခိုင်နှုန်း) ပြန်လည်ကျန်းမာလာခဲ့တယ်လို့ သိရပါတယ်။

### ဘယ်လို ကိုင်တွယ် ထိန်းချုပ်ခဲ့သလဲ

ဒီလို ဗိုင်းရပ်စ်ကူးစက်မှုနှုန်းပမာဏနည်းပါးလာတာဟာ နယူးဇီလန်နိုင်ငံဟာ ဝေးလံခေါင်ဖျားတဲ့ဒေသမှာရှိတဲ့ ကျွန်းနိုင်ငံလေးတစ်ခုဖြစ်သလို နယူးဇီလန်နိုင်ငံကနေ တစ်ဆင့် ပြေးဆွဲပျံ့သန်းတဲ့ လေကြောင်းလိုင်းအရေအတွက်ဟာလည်း အနည်းငယ်သာရှိလို့ဖြစ်ပါတယ်။ ပြီးတော့ အမေရိကန်နိုင်ငံလို ပြည်နယ်တွေ အများကြီးမရှိဘူး။ ဗဟိုအုပ်ချုပ်မှုစနစ်ကို ကျင့်သုံးတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းတွေကို ထိထိရောက်ရောက်နဲ့ စွမ်းဆောင်နိုင်ခဲ့တာပါ။ နယူးဇီလန်အစိုးရက အခြားနိုင်ငံတွေမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရတာတွေကို စံနမူနာယူပြီး နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိမီအချိန်ကတည်းက ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်တွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံအတွင်းဝင်ရောက်လာသူမည်သူမဆို ၁၄ ရက်ခန့် သီးခြားစောင့်ကြည့်ခံရမယ်လို့ ဝန်ကြီးချုပ်အာဒန်က မတ် ၁၄ ရက်မှာ စတင်ကြေညာခဲ့ပါတယ်။ ဒီလိုကြေညာခဲ့တဲ့အချိန်မှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ခြောက်ဦးသာရှိလို့နေပါသေးတယ်။ မတ် ၁၉ ရက်မှာတော့ ရောဂါကူးစက်ခံရသူ ၂၈ ဦးအထိ ရောက်ရှိလာခဲ့ပါပြီ။ ဒါကြောင့် ဝန်ကြီးချုပ် အာဒန်က နိုင်ငံအတွင်းဝင်ရောက်လာတဲ့ နိုင်ငံခြားသားခရီးသည်တွေကို နိုင်ငံဝင်ခွင့် ပိတ်ပင်ခဲ့ပါတယ်။ မတ် ၂၃ ရက်မှာတော့ ရောဂါကူးစက်ခံရသူ ၁၀၂ ဦးအထိ ရှိလာပါပြီ။ ဒီအချိန်မှာ ဝန်ကြီးချုပ် အာဒန်က နိုင်ငံအတွင်း ခရီးသွားလာမှုတွေကို စတင်ပိတ်ပင်ခဲ့ပါတယ်။ ဒါ့အပြင် တစ်ရက်ကို ပြည်သူ ၈၀၀၀ လောက် ရောဂါရှိ၊ မရှိ စစ်ဆေးမှုတွေ လုပ်ဆောင်ပေးခဲ့ပါတယ်။ လက်ရှိအချိန်အထိ ၁၂၆၀၆၆ ဦးကို စစ်ဆေးပြီးပါပြီ။ ရောဂါစစ်ဆေးတဲ့အခါမှာ လူ ၁၀ ဦးမှာ တစ်ယောက်လောက်သာ ရောဂါပိုးတွေ့ရှိမယ်ဆိုရင် ဒီအခြေအနေဟာ ကောင်းမွန်တဲ့အခြေအနေရောက်ရှိနေပါပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်အစီအစဉ်မှအုပ်ချုပ်ရေးဒါရိုက်တာ ဒေါက်တာမိုက်ရေးက ဆိုပါတယ်။ နယူးဇီလန်ရဲ့ ရောဂါကူးစက်မှုဖြစ်နိုင်ခြေဟာ တစ်ရာခိုင်နှုန်းသာရှိပါတယ်။ ဒီနှုန်းထားဟာ လူအစုလိုက်အပြုံလိုက် ကူးစက်မှုကို မဖြစ်စေနိုင်တော့ပါဘူး။ နယူးဇီလန်နိုင်ငံမှာ ခရီးသွားလာမှုတွေ ပိတ်ပင်ထားတဲ့အချိန်မှာ ရောဂါကူးစက်မှုနှုန်းဟာ လူတစ်ယောက်ကို ထပ်မံကူးစက်နိုင်မယ့် ပမာဏအထိ မရှိတော့ပါဘူးလို့ ဝန်ကြီးချုပ် အာဒန်က ဆိုပါတယ်။ ဒီလို ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် လုပ်ဆောင်ခဲ့တဲ့အတွက် မကြာမီအချိန်အတွင်းမှာပဲ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်စတင်နိုင်တာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတစ်ဝန်းမှာ ဗိုင်းရပ်စ်ခြိမ်းခြောက်မှု အဆင့်လေးဆင့်သတ်မှတ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

### အဆင့်လေးဆင့် ခွဲခြားသတ်မှတ်ထား

နယူးဇီလန်အစိုးရက ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအတွက် အောက်ပါအဆင့်လေးဆင့်ကိုသတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

### ဗိုင်းရပ်စ်ခြိမ်းခြောက်မှု အဆင့် ၄ (ဘယ်နေရာမှ သွားလာခွင့်မပြု)

ဗိုင်းရပ်စ်ကူးစက်မှုနှုန်းက မြန်ဆန်ပြီး ထိန်းချုပ်နိုင်မှု မရှိတော့ဘူးဆိုရင် အဆင့် ၄ ဖြစ်တဲ့ ထိပ်ဆုံးအဆင့်ကို ရောက်ရှိလို့နေပြီဖြစ်ပါတယ်။ ဒီအဆင့်ကိုရောက်ရင် ပြည်သူတွေကို နေအိမ်အတွင်းမှာသာ နေထိုင်ဖို့ တင်းတင်းကျပ်ကျပ် ညွှန်ကြားထားရမှာဖြစ်ပါတယ်။ စာသင်ကျောင်းတွေနဲ့ အခြားအင်စတီကျူး၊ တက္ကသိုလ်တွေအားလုံး ပိတ်ထားရပါမယ်။ ဈေးဝယ်စင်တာ၊ ဆေးဆိုင်နဲ့ ဆေးခန်းတွေအပါအဝင် နေ့စဉ်သုံးပစ္စည်းအရောင်းဆိုင်တွေကလွဲပြီး ကျန်စီးပွားရေးလုပ်ငန်းတွေကို ပိတ်ပင်ထားရပါမယ်။ စားနပ်ရိက္ခာတွေအပါအဝင် အခြားထောက်ပံ့ရေးပစ္စည်းတွေကို အစိုးရအနေနဲ့ ပြည်သူတွေကို ထောက်ပံ့ပေးရပါမယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပထမဦးစားပေးအဆင့်သတ်မှတ်ပြီး လုပ်ဆောင်ဖို့လိုပါတယ်။

### ဗိုင်းရပ်စ်ခြိမ်းခြောက်မှု အဆင့် ၃ (ခရီးသွားလာမှုကန့်သတ်)

နိုင်ငံအတွင်းမှာ ဗိုင်းရပ်စ်ကူးစက်မှုတွေ မြင့်မားလာပြီး အစုလိုက်အပြုံလိုက် ကူးစက်မှုတွေရှိလာရင် အဆင့် ၃ ကို ရောက်ရှိမှာဖြစ်ပါတယ်။ ဒီအဆင့်မှာ ပြည်သူတွေကို နေအိမ်အတွင်းမှာသာ နေထိုင်ဖို့ စည်းမျဉ်းတွေ သတ်မှတ်ပေးရပါမယ်။ ဒါပေမယ့် မဖြစ်မနေ တာဝန်ထမ်းဆောင်ရမယ့် ဝန်ထမ်းတွေနဲ့ အရေးကြီးကိစ္စကြောင့် ဆေးရုံ၊ ဆေးခန်း သွားလာသူတွေကလွဲပြီး ကျန်ပြည်သူတွေအားလုံး နေအိမ်အတွင်းမှာသာ နေထိုင်ဖို့ အစိုးရက ကြေညာရမှာဖြစ်ပါတယ်။ လူစုလူဝေးနဲ့လုပ်ဆောင်ရမယ့် ပွဲလမ်းသဘင် အခမ်းအနားတွေကို ပိတ်ပင်ထားရပါမယ်။ ခပ်ခွာခွာနေပြီး အလုပ်လုပ်ကိုင်နိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေကိုတော့ လည်ပတ်ဖို့ ခွင့်ပြုပေးထားရပါမယ်။

> ## ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းတွေကို ဖြေလျှော့လိုက်တာဟာ ကိုဗစ်-၁၉ ကို တိုက်ဖျက်နိုင်ပြီလို့ ယူဆလို့မဟုတ်ပါဘူး။ ဗိုင်းရပ်စ်ကာကွယ်တားဆီးဖို့ လမ်းကြောင်းမှန်ပေါ်ရောက်ရှိလာတာဖြစ်ပါတယ်

### ဗိုင်းရပ်စ်ခြိမ်းခြောက်မှု အဆင့် ၂ (ခပ်ခွာခွာနေ၊ မလိုအပ်ဘဲ ခရီးသွားမှုကို ရှောင်ကြဉ်၊ နေအိမ်ကနေအလုပ်လုပ်)

နေအိမ်အတွင်း မိသားစုဝင်အချင်းချင်း ဒါမှမဟုတ် အဆောင်နေသူအချင်းချင်း ထိတွေ့မှုရှိပြီး ဗိုင်းရပ်စ်ကူးစက်မှုတွေ မြင့်မားလာပြီဆိုရင် ဗိုင်းရပ်စ်ကာကွယ်တားဆီးရေး အဆင့် ၂ အသက်ဝင်လာမှာ ဖြစ်ပါတယ်။ ဒီအဆင့်မှာ အစုလိုက်အပြုံလိုက် ဗိုင်းရပ်စ်ကူးစက်မှုတွေမရှိစေဖို့ ပြည်သူတစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေဖို့တိုက်တွန်းရပါမယ်။ လူစုလူဝေးလုပ်ဆောင်ခြင်းတွေကို ရှောင်ကြဉ်ရမယ့်အပြင် မီးရထား သို့မဟုတ် ဘတ်စ်ကားတွေ စီးတဲ့အခါ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာအဝေးမှ လိုက်ပါစီးနင်းရပါမယ်။ မော်တော်ယာဉ်တွေ လိုက်ပါစီးနင်းတဲ့အခါ ကိုယ်အပူချိန်တိုင်းတာမှု ခံယူပြီးမှသာ လိုက်ပါစီးနင်းရပါမယ်။ အရေးကြီးကိစ္စမှအပ ခရီးသွားလာခြင်းတွေကို ရှောင်ကြဉ်ရပါမယ်။

စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းတွေကို ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်ထားနိုင်ပါတယ်။ စားသောက်ဆိုင်တွေ၊ ကော်ဖီဆိုင်တွေ စတဲ့ စီးပွားရေးလုပ်ငန်းတွေကို အစိုးရကချမှတ်ထားတဲ့ စည်းမျဉ်းတွေနဲ့အညီ ဖွင့်လှစ်ထားနိုင်ပါတယ်။

### ဗိုင်းရပ်စ်ခြိမ်းခြောက်မှု အဆင့် ၁ (စည်းမျဉ်းတွေ ဆက်လက်လိုက်နာရမယ်)

အဆင့် ၁ မှာ ဗိုင်းရပ်စ်ကို ထိန်းချုပ်ဟန့်တားနိုင်ပြီလို့ ယူဆရမှာဖြစ်ပါတယ်။ နောက်ထပ်ရောဂါကူးစက်မှုတွေ ထပ်မံမဖြစ်ပွားစေဖို့ စည်းမျဉ်း၊ စည်းကမ်းတွေ ဆက်လက်လိုက်နာစေဖို့ ပြည်သူတွေကို အစိုးရအနေနဲ့ အကြံပြုတိုက်တွန်းထားရပါမယ်။ ဒါပေမယ့် ဒီအဆင့်မှာ နိုင်ငံရပ်ခြားက ပြန်လည်ရောက်ရှိလာသူတွေကြောင့် ရောဂါကူးစက်မှုတွေ ဆက်လက်ရှိနေဆဲဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အစုလိုက်အပြုံလိုက် ကူးစက်မှုတော့ မရှိနိုင်တော့ပါဘူး။ အစိုးရအနေနဲ့ နယ်စပ်ဒေသဝင်ပေါက်တွေကတစ်ဆင့် နိုင်ငံအတွင်း ပြန်လည်ရောက်ရှိလာသူတွေကို သီးခြားစောင့်ကြည့်ရမယ့် လုပ်ငန်းစဉ်တွေကို လုပ်ဆောင်ရပါမယ်။ ဒါ့အပြင် နိုင်ငံအတွင်းမှာတော့ ရောဂါကူးစက်မှုကို ခြေရာခံတာတွေ၊ သီးခြားစောင့်ကြည့်တာတွေ၊ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရပါမယ်။ ခပ်ခွာခွာနေထိုင်ဖို့နဲ့ လက်ကိုမကြာခဏဆေးကြောဖို့ ပြည်သူတွေကို ဆက်လက်တိုက်တွန်းပြောကြားရမှာဖြစ်ပါတယ်။

### လိုက်နာရမယ့် စည်းမျဉ်းတွေရှိနေဆဲ

ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းတွေကို ဖြေလျှော့လိုက်တာဟာ ကိုဗစ်-၁၉ ကို တိုက်ဖျက်နိုင်ပြီလို့ ယူဆလို့မဟုတ်ပါဘူး။ ဗိုင်းရပ်စ်ကာကွယ်တားဆီးဖို့ လမ်းကြောင်းမှန်ပေါ်ရောက်ရှိလာတာ ဖြစ်ပါတယ်။ ရောဂါကူးစက်မှုတွေ လျော့ကျလာလို့ ဗိုင်းရပ်စ်ခြိမ်းခြောက်မှု အဆင့်တွေကို တစ်ဆင့်ချင်းလျှော့ချပြီးတော့ စည်းမျဉ်းတင်းကျပ်မှုတွေကို ဖြေလျှော့ပေးတာဖြစ်ပါတယ်လို့ ဝန်ကြီးချုပ် အာဒန်က ဆိုပါတယ်။

နယူးဇီလန်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းတွေ ဖြေလျှော့ပေးခဲ့ပေမယ့် အချို့စည်းမျဉ်းတွေကတော့ အသက်ဝင် ကျန်ရှိနေဆဲပဲဖြစ်ပါတယ်။ စာသင်ကျောင်းတွေကို ပြန်ဖွင့်ခွင့်ပေးလိုက်ပေမယ့် တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ရမယ့် စည်းမျဉ်းတွေကိုတော့ ကျောင်းသူကျောင်းသား၊ ဆရာ ဆရာမတွေဟာ မဖြစ်မနေ လိုက်နာကြရမှာဖြစ်ပါတယ်။ လူစုလူဝေးနဲ့လုပ်ဆောင်ရမယ့် ပွဲလမ်းသဘင်၊ အခမ်းအနားတွေကိုတော့ လက်ရှိအချိန်မှာ ခွင့်ပြုခြင်းမရှိသေးပါဘူး။ စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေ ဖွင့်ပေမယ့် ဈေးဝယ်သူတွေဟာ ခပ်ခွာခွာ အနေအထားနဲ့သာ ဝယ်ယူရမှာဖြစ်ပါတယ်။ ကော်ဖီဆိုင်တွေဆိုရင် ဆိုင်မှာထိုင်ပြီး စားသောက်လို့မရသေးပါဘူး။ ပါဆယ်ထုပ်ပိုးခြင်းနဲ့သာ ဝယ်ယူနိုင်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းဟာ ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယလှိုင်းကို ကြိုတင်ကာကွယ်တားဆီးဖို့ လုပ်ဆောင်တာပဲဖြစ်ပါတယ်။

နယူးဇီလန်နိုင်ငံရဲ့ ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်တွေကို အစိုးရနဲ့ ပြည်သူတွေ တက်ညီလက်ညီပူးပေါင်းလိုက်နာဆောင်ရွက်ခဲ့ကြတာ ဖြစ်တဲ့အတွက် နိုင်ငံအတွင်းမှာ ကူးစက်ပျံ့နှံ့နေတဲ့ ကပ်ရောဂါဆိုးကြီးကို မြန်မြန်ဆန်ဆန်ပဲ ထိန်းချုပ်ဟန့်တားနိုင်တာဖြစ်ပါတယ်။ ဒီလိုပဲ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ နယူးဇီလန်နိုင်ငံရဲ့ အစိုးရနဲ့ ပြည်သူတွေရဲ့ စုပေါင်းအင်အားကို စံနမူနာယူပြီး ဝိုင်းဝန်းလုပ်ဆောင်သွားမယ်ဆိုရင် အနာဂတ်မျှော်လင့်ချက်ရောင်ခြည်ဟာ မဝေးတော့တဲ့ လက်တစ်ကမ်းမှာ ရောက်ရှိလို့နေမှာဖြစ်ပါကြောင်း ရေးသားလိုက်ပါတယ်။

**ကိုးကား-စီအင်န်အင်န်**



နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်က ဗိုင်းရပ်စ်ခြိမ်းခြောက်မှု အဆင့်လေးဆင့်ကို ရှင်းလင်းပြသနေစဉ်။

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၉**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ခုနှစ်မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၇၁ စီး၊ သွင်းကုန် ၇၆၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၁၅၀၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၉၂၂ စုစုပေါင်း တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ဝ၇၂ သန်းတန်ဖိုးရှိ လျှပ်စစ်အဆီကျ ဆေးခါးပတ်နှင့် စားသောက်ကုန်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# ဒေးဒရဲမြို့၌ ညမထွက်ရအမိန့် လိုက်နာခြင်းမရှိသူနှစ်ဦးအား အရေးယူ

**ဒေးဒရဲ ဧပြီ ၂၉**
ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအား နေ့စဉ် ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့်ထုတ်ပြန်ခဲ့ပြီး ယင်းအမိန့်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဧပြီ ၂၅ ရက် ည ၁၀ နာရီခွဲက နောက်ပြန်တိုးနယ်မြေစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ အုန်းပင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လှည့်ကင်းဆောင်ရွက်နေစဉ် အုန်းပင်ကျေးရွာလမ်းမပေါ်တွင် ဦးသန်းမင်းဇော်နှင့် ဦးလှိုင်မင်းဦးတို့နှစ်ဦးအား တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းပြီး ဒေသန္တရအမိန့်(၂/၂၀၂၀)ဖြင့် ထုတ်ပြန်ထားသည့်အမိန့်အား လိုက်နာခြင်းမရှိသည့်အတွက် ဧပြီ ၂၇ ရက်တွင် ဒေးဒရဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားတရားစွဲဆိုခဲ့ရာ မြို့နယ်တရားရုံးက ဦးသန်းမင်းဇော်နှင့် ဦးလှိုင်မင်းဦးတို့နှစ်ဦးအား အလုပ်မဲ့ထောင်ဒဏ်တစ်လစီကျခံစေရန် ယမန်နေ့မွန်းလွဲပိုင်းက အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

မြင့်မြင့်ခိုင်(ပြန်/ဆက်)

# မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံး

**မိုးညို ဧပြီ ၂၉**
ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း ဧပြီ ၂၈ ရက် ညနေ ၅ နာရီတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိ**

လေပြင်း တိုက်ခတ်မှုကြောင့် ထန်းပင်ကုန်းအုပ်စု ဥသြတန်းရွာမှ နေအိမ်တစ်လုံး အမိုးလန်ခြင်း၊ သာယာကုန်းအုပ်စု မုက္ကတန်ရွာတွင် နေအိမ်နှစ်လုံးပြိုလဲခြင်းနှင့် နေအိမ်နှစ်လုံး အမိုးအကာပျက်စီးခြင်း၊ မကျီးကုန်းရွာတွင် နေအိမ်တစ်လုံးပြိုလဲခြင်း၊ တက်ဆွဲအုပ်စု တက်ဆွဲရွာတွင် နေအိမ်သုံးလုံးပြိုလဲခြင်း၊ နေအိမ်နှစ်လုံး အမိုးအကာလန်ခြင်း၊ နွားတင်းကုပ်တစ်လုံး အမိုးလန်ခြင်း၊ ဘုရားငူအုပ်စု သရက်ကုန်းရွာတွင် နေအိမ်တစ်လုံးပြိုလဲခြင်း၊ မိုးညိုမြို့ ရွှေပြည်သာရပ်ကွက်တွင် နေအိမ်သုံးလုံး အမိုးလန်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ကိုမင်း(မိုးညို)

# ရပ်ထားသည့်ယာဉ်အား ဆိုင်ကယ်ဝင်တိုက်၍ ဆိုင်ကယ်မောင်းသူ သေဆုံး

**ရေနံချောင်း ဧပြီ ၂၉**
ရေနံချောင်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းမဘေးတွင် ရပ်ထားသည့် ၁၂ ဘီးယာဉ်အား ဆိုင်ကယ်ကဝင်တိုက်မိပြီး ဆိုင်ကယ်မောင်းသူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၈ ရက် ည ၇ နာရီခွဲခန့်က ရန်ကုန်-မန္တလေးကားလမ်းမဘေးတွင် ဘီးပေါက်၍ရပ်ထားသော ၁၂ ဘီးယာဉ်အား ဝွေးကုန်းမှ ကိုခိုင်စိုးဝင်းမောင်းနှင်လာသော ဆိုင်ကယ်က အရှိန်လွန်ဝင်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ ကိုခိုင်စိုးဝင်းမှာ ရရှိသောဒဏ်ရာဖြင့် နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်လှနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဆန်းညွန့်(ရေနံချောင်း)

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တရားမဝင်သစ် တန် ၅၃၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၉**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၀ ရက်မှ ၂၆ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၄၀ ဒသမ ၁၃၁၉ တန်၊ သစ်မာ ၁၃၃ ဒသမ ၁၀၅၆ တန်၊ အခြား ၂၅၇ ဒသမ ၃၀၄၉ တန် စုစုပေါင်း ၅၃၀ ဒသမ ၅၄၂၄ တန်၊ ပြစ်မှုကျူးလွန်သူ ၄၇ ဦး၊ ယာဉ်/ယန္တရား ၂၉ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)

# ကျုံပျော်၌ ညမထွက်ရအမိန့်ဖောက်ဖျက်သူ ၁၀ ဦးအား အလုပ်မဲ့ထောင်ဒဏ် တစ်လစီချမှတ်

**ကျုံပျော် ဧပြီ ၂၉**
ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ခံရမှုမရှိစေရန် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရ ဒေသန္တရအမိန့်အမှတ်(၂/၂၀၂၀)အား ထုတ်ပြန်ခဲ့ရာ ဖောက်ဖျက်ခဲ့သူ ၁၀ ဦးအား အလုပ်မဲ့ထောင်ဒဏ်တစ်လစီ ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ညမထွက်ရအမိန့်ကို ဧပြီ ၂၃ ရက်မှ စတင်ထုတ်ပြန်ခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ညစဉ်ပိတ်ဆို့စစ်ဆေးခြင်း၊ လှည့်ကင်းဝပ်ကင်းများဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၃ ရက် ည ၁၁ နာရီခွဲတွင် အောင်လံစုကျေးရွာ လမ်းမပေါ်တွင် ရှစ်ဦး၊ ဧပြီ ၂၆ ရက် ည ၁၀ နာရီ ၄၅ မိနစ်က သပြေကွင်းကျေးရွာလမ်းမပေါ်တွင် နှစ်ဦး စုစုပေါင်း ၁၀ ဦးအား သက်ဆိုင်ရာ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲ သွားလာနေသည်ကိုတွေ့ရသဖြင့် ဒေသန္တရအမိန့်ဖောက်ဖျက်ကျူးလွန်သဖြင့် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးက အလုပ်မဲ့ထောင်ဒဏ်တစ်လစီ ချမှတ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ၁၀ ဦးတွင် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦးပါဝင်ပြီး ရေကြည်မြို့နယ်မှ ငါးဦး၊ ကျုံပျော်မြို့နယ်မှ သုံးဦးနှင့် ကျောင်းကုန်းမြို့နယ်မှ နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

နေဝင်းမြင့် (ပြန်/ဆက်)

# ညောင်ဦး၌ ညမထွက်ရအမိန့် မလိုက်နာသူ နှစ်ဦးအား ဖမ်းဆီးအရေးယူ

**ညောင်ဦး ဧပြီ ၂၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ပြည်သူများ မလိုအပ်ဘဲအပြင်သွားလာမှုများ မပြုလုပ်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့်အား ထုတ်ပြန်ထားရှိရာ ဧပြီ ၂၈ ရက် ည ၁၀ နာရီခွဲခန့်က နှစ်ဦးအား တည်ဆဲဥပဒေဖြင့် ဖမ်းဆီးအရေးယူထားရှိကြောင်း သိရသည်။

ယမန်နေ့ည ၁၀ နာရီခွဲခန့်က မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက နယ်မြေရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ ပြည်သူများ မလိုအပ်ဘဲ အပြင်သွားမှုများ မရှိစေရန်နှင့် မှုခင်းဖြစ်ပွားမှုများ လျော့နည်းကျဆင်းစေရန် လှည့်ကင်းများ ကွင်းဆင်းဆောင်ရွက်နေစဉ် ညောင်ဦးမြို့ပေါ်မှ နှစ်ဦးအား ညောင်ဦး-မြင်းခြံကားလမ်း ရွှေပြည်နန်းသနပ်ခါးခြံအနီးလမ်းမပေါ်တွင် တွေ့ရှိ၍ စုံစမ်းစစ်ဆေး မေးမြန်းရာ လုံလောက်သောအကြောင်းပြချက် ပြောဆိုနိုင်ခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ထောင်ဒဏ်တစ်လစီ အပြစ်ပေး အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ❖ အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့် နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ❖ စခန်းတွင်းသို့ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀)ပြည့်နှစ်၊ ဧပြီလ (၂၈)ရက်နေ့၊ (၁၆:၃၀)နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်–

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၈–၄–၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | ရာဇဌာနီကျောက်မျက်ကုမ္ပဏီ | ၅၀၀.၀၀ |
| ၂။ | နန်းထိုက်ပြည့်ပိုင် ကျောက်မျက်ကုမ္ပဏီ | ၅၀၀.၀၀ |
| ၃။ | ရောရတနာ ကျောက်မျက်ကုမ္ပဏီ | ၅၀၀.၀၀ |
| ၄။ | ထွန်းတောက်ဇမ္ဗူ ကျောက်မျက်ကုမ္ပဏီ | ၅၀၀.၀၀ |
| ၅။ | မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာ လုပ်ငန်းရှင်များအသင်း | ၃၃၅.၀၀ |
| ၆။ | SUN Pharma | ၂၀၀.၀၀ |
| ၇။ | (1980–83) BE(Civil) RIT Alumni Group | ၈၅.၅၀ |
| ၈။ | ၁၉၈၂ ခုနှစ် စီးပွားရေးတက္ကသိုလ် ပထမနှစ်ဝင် ကျောင်းသား/သူများ(1982 YUE intake) | ၈၂.၀၀ |
| ၉။ | အထက–၆၊ ဗိုလ်တထောင်(စိန်ပေါလ်) ကျောင်းသားဟောင်းများ | ၇၀.၀၀ |
| ၁၀။ | ရွှေမြန်မာ | ၅၀.၀၀ |
| ၁၁။ | ဦးတင်ကိုလေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၀.၀၀ |
| ၁၂။ | Agri Best Friend Foundation (ABFF) မှ စိုက်ပျိုးရေးကျောင်းဆင်းများနှင့် အလှူရှင်များ | ၃၀.၀၀ |
| ၁၃။ | မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်း | ၃၀.၀၀ |
| ၁၄။ | ဦးထွန်းဦး+ဒေါ်လှမြိုင်(ရွှေကမ္ဘာ)မိသားစု | ၂၀.၀၀ |
| ၁၅။ | မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်း | ၁၀.၀၀ |
| ၁၆။ | Win Pharmacy Co.ltd | ၁၀.၀၀ |
| ၁၇။ | Libert Group Trading Co.ltd | ၁၀.၀၀ |
| ၁၈။ | Saw Lwin Trading Co.ltd | ၁၀.၀၀ |
| ၁၉။ | First Prime Co.ltd | ၁၀.၀၀ |
| ၂၀။ | ဒေါက်တာဖြိုးအောင်ကျော် + ဒေါက်တာချောစုလှိုင် သမီး ဆသျှာဖြိုး ခေတ္တ UK | ၁၀.၀၀ |
| ၂၁။ | ဦးခင်မောင်တင်+ ဒေါ်စောရွှေ ရန်ကုန် | ၁၀.၀၀ |
| ၂၂။ | သြစတြေးလျနေ ဆရာတော် ဦးသုနန္ဒ | ၁၀.၀၀ |
| ၂၃။ | ဦးတင်အောင်ကျော်+ဒေါ်တင်နု၊ သမီး မကေဇင်လင်း | ၇.၀၀ |
| ၂၄။ | Kyaw Htet Aung Co.,Ltd | ၅.၀၀ |
| ၂၅။ | ဦးမျိုးအောင် (Myanmar Jick Young Co.ltd) | ၅.၀၀ |
| ၂၆။ | ဦးအောင်မင်း (Aung Cho Tun Co. ltd) | ၅.၀၀ |
| ၂၇။ | ဒေါက်တာဝင်းကြိုင်+ ဒေါ်ကြူကြူလွင် (Ye' Ta Khon Co–op ltd) | ၅.၀၀ |
| ၂၈။ | Zaurit Medicine, Med Equip & general trading Co–op society ltd | ၅.၀၀ |
| ၂၉။ | Shwe Htay Min Co.ltd | ၅.၀၀ |
| ၃၀။ | မူပိုင်ခွင့်ဌာနဝန်ထမ်းများ | ၄.၂၈ |
| | **စုစုပေါင်း** | **၃၀၇၃.၇၈** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**




## ရခိုင်ပြည်နယ်မှ ကန့်သတ်စောင့်ကြည့်မှုခံယူနေသော ပြည်သူများ၏ စားနပ်ရိက္ခာအတွက် ကမ္ဘောဇဘဏ်က ငွေကျပ်သိန်း ၃၀၀ ထပ်မံလှူဒါန်း

**နေပြည်တော် ဧပြီ ၂၉**

ကမ္ဘောဇဘဏ်သည် ရခိုင်ပြည်နယ်အတွင်းရှိ အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူနေသော စောင့်ကြည့်လူနာများ၏ စားနပ်ရိက္ခာအတွက် ငွေကျပ်သိန်း ၃၀၀ ကို ယမန်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ သွားရောက်လှူဒါန်းခဲ့ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံရယူခဲ့သည်။

ရခိုင်ပြည်နယ်တွင် အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူနေသော စောင့်ကြည့်လူနာများအနက်မှ နေ့စဉ်စားသောက်စရိတ် အခက်အခဲရှိသော ပြည်သူတစ်ဦးလျှင် တစ်ရက်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အစားအသောက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ ကို ကမ္ဘောဇဘဏ်က ပေးအပ်လှူဒါန်းသည်။ ထို့အတူ ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကိုလည်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ထံသို့ ဧပြီ ၂၁ ရက်က သွားရောက်လှူဒါန်းခဲ့သည်။ ရခိုင်ပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေသောဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် လိုအပ်သည့် ဆေးရုံသုံးအထောက်အကူပြုပစ္စည်းများကို လှူဒါန်းသွားမည်ဖြစ်သည်။

ထို့ပြင် ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်လည်း အလားတူ လှူဒါန်းထားကြောင်း သိရသည်။ ကမ္ဘောဇဘဏ်သည် ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကို လူသားအားလုံး၏ ဘုံရန်သူအဖြစ် သတ်မှတ်ကာ နိုင်ငံအနှံ့အပြားရှိ လိုအပ်နေသူတိုင်းကို တတ်နိုင်သမျှ စဉ်ဆက်မပြတ် ကူညီလှူဒါန်းပေးနေခြင်းဖြစ်သည်။ ကမ္ဘောဇဘဏ်သည် ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြား ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ချိန်တွင်လည်း ကျပ်သိန်းပေါင်း ၁၅၀၀၀ ကျော်ကို ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းခဲ့သည့်အပြင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ်က ငွေကျပ်သိန်း ၁၀၀၀ မတည်လှူဒါန်းခဲ့သည်။ လက်ရှိအချိန်အထိ ကမ္ဘောဇဘဏ်၊ KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI)နှင့် Air KBZလေကြောင်းလိုင်းတို့သည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ်သိန်းပေါင်း ၃၃၀၇၄ ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။ **ကိုကျော်**

## ရောဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး တိုင်းဒေသကြီးအဝင်တွင် စစ်ဆေးရေးဂိတ် လေးခု တည်ဆောက်မည်

**ပုသိမ် ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဧပြီ ၂၈ ရက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကိုဗစ်–၁၉ ရောဂါ စနစ်တကျ ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် စနစ်တကျ စစ်ဆေးနိုင်ရေးအတွက် အခြားတိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဧရာဝတီတိုင်းဒေသကြီးသို့ ဝင်ရောက်လာမည့်သူများအား စစ်ဆေးသည့် ညောင်တုန်းမြို့နယ် မယ်ဇလီဂိတ်၊ ဒေးဒရဲမြို့နယ်အဝင် ဒေးဒရဲဂိတ်၊ မအူပင်–တွံတေးလမ်းရှိ ခတ္တိယဂိတ်နှင့် ဟင်္သာတခရိုင် ပုသိမ်–မုံရွာလမ်းပေါ်ရှိ ဘက်ရဲဂိတ် စုစုပေါင်း စစ်ဆေးရေးဂိတ်လေးခုကို အဆင့်မြှင့်တင်ပြီး အမြန်တည်ဆောက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

# COVID-19 ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ စေတနာ့ဝန်ထမ်း (Volunteer) အစီအစဉ်တွင် ပါဝင်ဆောင်ရွက်လိုသူများသို့ အသိပေးနှိုးဆော်ခြင်း

COVID–19 ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ရပ်မှာ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ရောဂါပိုးကူးစက်သူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများသည် Community Based Facility Quarantine ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ရမည့်သူများဖြစ်ပါသည်။ မိမိတို့တွင် ရောဂါလက္ခဏာပြသခြင်းမရှိသော်လည်း ရောဂါပိုးကို သယ်ဆောင်သူဖြစ်နေနိုင်ခြင်းကြောင့် အခြားသူများသို့ ပြန့်ပွားခြင်းမရှိစေရန် ရောဂါပျိုးချိန် (၂၈)ရက်တာ ကာလအတွင်း စောင့်ကြည့်စောင့်ရှောက်မှုခံယူရခြင်း ဖြစ်ပါသည်။ ဤအစီအစဉ်တွင် (၂၁)ရက်ပြီးမြောက်ပါက မိမိ၏နေအိမ်တွင် (၇)ရက်ထပ်မံ၍ Home Quarantine ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

Community Based Facility Quarantine လုပ်ငန်းစဉ်အတွင်း ပါဝင်သူများအတွက် လိုအပ်သောစောင့်ရှောက်ကူညီမှုများကို စနစ်တကျလေ့ကျင့်ထားသော စေတနာ့ဝန်ထမ်း (Volunteer) များက ပံ့ပိုးကူညီရမည်ဖြစ်ပါသည်။ အစီအစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ်နှင့် သတ်မှတ်ကာလအရ ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းသည် မိမိဒေသရှိ Community Based Facility Quarantine Center တွင် လိုအပ်ချက်အလိုက်၊ မိမိပါဝင်ဆောင်ရွက်နိုင်သည့် အတိုင်းအတာအလိုက် အတွင်းစည်း(သို့မဟုတ်) အပြင်စည်းတွင် နေ့စဉ်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလ (၂၁)ရက်ပြည့်အောင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရမည် ဖြစ်ပြီး ထပ်မံ၍ (၇)ရက်ကို သတ်မှတ်ပေးထားသော နားနေရန်နေရာတွင် အနားယူအပန်းဖြေနေထိုင်ခြင်းပြုရမည်ဖြစ်ပြီး စုစုပေါင်း (၂၈)ရက်အပြည့် အနည်းဆုံး (၁)ကြိမ် ဆောင်ရွက်ရန်ဖြစ်သည်။ မိမိ၏ဆန္ဒအရ တစ်ကြိမ်ထက်ပိုပြီး ဆက်လက်၍ပါဝင်ဆောင်ရွက်နိုင်ပါသည်။

စေတနာ့ဝန်ထမ်း(Volunteer) အဖြစ် မိမိ၏အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်စသည်များကို အခကြေးငွေမယူဘဲ ဤလုပ်ငန်းစဉ်တွင် သတ်မှတ်အချိန်ကာလအပြည့် မိမိတစ်ဦးချင်းအနေဖြင့် ဆန္ဒအရပါဝင်ရန် ကြိုဆိုဖိတ်ခေါ်အပ်ပါသည်။ လက်ရှိသက်ဆိုင်ရာ ဒေသအလိုက် Community Based Facility Quarantine Center များ၌ စေတနာ့ဝန်ထမ်း(Volunteer) များအဖြစ် ဆောင်ရွက်လျက်ရှိသူများကိုလည်း စာရင်းကောက်ယူမှတ်တမ်းတင်လျက်ရှိပါသည်။

ပါဝင်ဆောင်ရွက်ကြမည့် စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သော သင်တန်းများပေးခြင်း၊ လုံခြုံရေးအကာအကွယ်များဆောင်ရွက်ပေးခြင်း၊ အနေအထိုင်၊ အစားအသောက်၊ အသွားအလာကိစ္စများအတွက် စနစ်တကျ ပံ့ပိုးကူညီခြင်း၊ လုံလောက်သော အနားယူအပန်းဖြေမှုရရှိစေခြင်းနှင့် နိုင်ငံတော်က အသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးလို၍ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ (National Volunteer Steering Unit)ကို ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

ဤစေတနာ့ဝန်ထမ်း(Volunteer)အစီအစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ်နှင့် သတ်မှတ်ကာလအတွင်း ပါဝင်လိုသူများအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ Facebook စာမျက်နှာဖြစ်သော Ministry of Social Welfare, Relief and Resettlement Myanmar သို့ ဝင်ရောက်၍ သတ်မှတ်ထားသော Volunteer Registration ပုံစံကို ဖြည့်စွက်ပြီး (၅.၅.၂၀၂၀) ရက်နေ့ ညနေ (၆) နာရီ နောက်ဆုံးထား စာရင်းပေးသွင်းကြရန် နှိုးဆော်အပ်ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပြည်သူလူထုအတွက် ယခု COVID–19 ကာလအတွင်း ထိရောက်စွာ ကူညီပံ့ပိုးဆောင်ရွက်ပေးနေကြသော ပရဟိတအသင်းများ၊ ပရဟိတသမားများအားလုံးကိုလည်း အထူးကျေးဇူးတင်ဂုဏ်ယူပါသည်။ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မင်းဘူးမြို့၌ ထိုင်းနိုင်ငံနှင့် ပြည်ပနယ်စပ်များမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမည့်နေရာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်

**မင်းဘူး မေ ၂၉**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ထိုင်းနိုင်ငံနှင့် ပြည်ပနယ်စပ်များမှ ပြန်လည် ဝင်ရောက်လာမည့်သူများအား ၂၁ ရက် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ကြောင်း သိရသည်။

**ပူးပေါင်းပါဝင်**

"ထိုင်းနိုင်ငံနဲ့ ပြည်ပနယ်စပ်တွေက မေလဆန်းပိုင်းမှာ ပြန်လည်ဝင်ရောက်လာကြမယ့် နေရပ်ပြန်ပြည်သူတွေကို မင်းဘူးမြို့ အထက (၁) မှာ ၂၁ ရက် ကန့်သတ်စောင့်ကြည့်ရန်နေရာ ပြုလုပ်ဖို့အတွက် သက်ဆိုင်ရာကော်မတီဝင်တွေအားလုံးက ကြိုတင်ပြင်ဆင်ရေး အပိုင်းအနေနဲ့ ကျန်းမာရေး၊ တည်းခိုနေထိုင်စားသောက်ရေးနဲ့ အခြားလိုအပ်တဲ့ကိစ္စတွေကို စနစ်တကျ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားမှာပါ။ နောက်ပြီး သန့်ရှင်းရေးပိုင်း ဆောင်ရွက်မှုအနေနဲ့ နေရပ်ပြန်တွေထားရှိမယ့် အဆောင်တွေမှာ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အခင်းက အစ လျှော်ဖွပ်သန့်စင် နေလှန်းတာတွေပြုလုပ်ပြီး တစ်ခန်းဝင် တစ်ခန်းထွက် မီးသတ်ယာဉ်နဲ့ ရေဆေး၊ သန့်ရှင်းရေးပြုလုပ်တာတွေနဲ့ အသိပညာပေး နံရံကပ်ပိုစတာတွေ တပ်ဆင်ဆောင်ရွက်မှုတွေကို ကော်မတီအဖွဲ့ဝင်တွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်" ဟု ၂၁ ရက် ကန့်သတ်စောင့်ကြည့်နေရာချထားမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မင်းဘူးမြို့နယ်မီးသတ်ဦးစီးမှူး ဦးစိန်ထွန်းက ပြောသည်။



အဆိုပါ ဆောင်ရွက်မှုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်း၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## ဇီးကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းဆောင်ရွက်

**ဇီးကုန်း မေ ၂၉**
ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ သတိပေးနှိုးဆော်ချက်များကို အများပြည်သူသိရှိလိုက်နာရန် အသံချဲ့စက်ဖြင့် မြို့နယ်တွင်းသို့ လှည့်လည်ကြေညာခြင်း၊ ယာယီဈေးဖွင့်လှစ်ထားရှိရာ နေရာသို့သွားရောက်၍ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ ထို့အတူ ဇီးကုန်းချစ်သူများလူမှုရေးအသင်းကလည်း ပြည်သူများအား နှာခေါင်းစည်း ၅၀၀၊ လက်သန့်ဆေးရည် ၁၂ ဘူး၊ လက်အိတ်အစုံ ၅၀ နှင့် လက်ဆေးဆပ်ပြာအခု ၅၀ တို့ကို ကျေးရွာများနှင့် မြို့ပေါ်တွင် လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။

**တင့်ဆွေ(ဇီးကုန်း)**

## ကျိုင်းတုံမြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ကျိုင်းတုံ မေ ၂၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းကို ပြည်သူများ အသွားအလာများသော မြို့တွင်းလမ်းများတွင် ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ် တပ်ဖွဲ့ဝင်များက ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီး အဝင်/အထွက်လမ်း၊ မဟာမြတ်မုနိအဝိုင်းပတ်၊ ရပ်တော်မူဘုရားကြီးရှေ့မှ မြို့မဈေးရှေ့လမ်းတစ်လျှောက်၊ မြို့လယ်ကျောက်တိုင်မှ ကားကြီးဝင်းလမ်းတစ်လျှောက်နေရာများတွင် ယာဉ်များဖြင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## လူထုကျန်းမာရေး စောင့်ရှောက်မှုအဖြစ် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ညောင်ဦး ဧပြီ ၂၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့် လူထုကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ခရိုင်လူငယ်ရေးရာကော်မတီက နှာခေါင်းစည်း အခု ၅၀၀၀ အား ယမန်နေ့ ညနေ ၄ နာရီမှစတင်၍ ညောင်ဦးခရိုင်အတွင်းရှိ ညောင်ဦးမြို့၊ ကျောက်ပန်းတောင်းမြို့နှင့် ငါ့သရောက်မြို့များရှိ ပြည်သူများနှင့် မြို့နယ်အသီးသီးရှိ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနဝန်ထမ်းများအတွက် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင် ခရိုင်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း၏ ဦးဆောင်မှုဖြင့် ခရိုင်လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့ ရပ်ကွက်ခုနစ်ခုရှိ အုပ်ချုပ်ရေးမှူးများထံ နှာခေါင်းစည်း အခု ၁၀၀ စီ၊ ညောင်ဦးမီးသတ်ဦးစီးဌာနနှင့် ပုဂံဒေသန္တရကျန်းမာရေးဌာနတို့အတွက် အခု ၁၀၀ စီ၊ ကျောက်ပန်းတောင်းမြို့အတွက် အခု ၂၅၀၀၊ ငါ့သရောက်မြို့အတွက် အခု ၅၀၀၊ စဥ့်ကူတိုက်နယ်အတွက် အခု ၅၀၀၊ လက်ပံခြေပေါ်တိုက်နယ်အတွက် အခု ၅၀၀ တို့အား တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခရိုင်လူငယ်ရေးရာကော်မတီအဖွဲ့များသည် ယခင်ကလည်း ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့ရှိ ယာယီဈေးများတွင် ပြည်သူများထံ နှာခေါင်းစည်း အခု ၅၀၀ အား ဖြန့်ဝေခဲ့ကြောင်း ခရိုင်လူငယ်ရေးရာကော်မတီအတွင်းရေးမှူးထံမှ သိရသည်။ **ကျော်မင်းဦး(ရေနံချောင်း)**





## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် လုပ်ငန်းကော်မတီပုံမှန်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဧပြီ ၂၉**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့်လုပ်ငန်းကော်မတီ ပုံမှန်အစည်းအဝေးကို ဧပြီ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အင်းစိန်မြို့နယ်ခန်းမသစ် အစည်းအဝေးခန်းမကြီး၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံအုပ်ကြီးနှင့် သမားတော်ကြီးများ တက်ရောက်ခဲ့ကြသည်။

ပုံမှန်အစည်းအဝေးတွင် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အင်းစိန်ဂျီတီအိုင် ကွာရန်တင်းစင်တာ၌ ပြည်ပမှပြန်လည်ဝင်ရောက်လာသူများအား ကြိုတင်နေရာပြင်ဆင်ထားရန်၊ မြို့နယ်ခန်းမရှိ Fever Clinic ဆေးခန်း၌ စေတနာ့ဝန်ထမ်းလုပ်ငန်း စီမံခန့်ခွဲရန် တာဝန်ခံနှင့် တွဲဖက်တာဝန်ခံများအဖြစ် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးစည်သူဇော်နှင့် ကြက်ခြေနီတပ်ခွဲမှူး ဦးနီထွန်းတို့အား တာဝန်ပေးရန်၊ Fever Clinic ဆေးခန်းမှ အင်းစိန်ဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ရန်၊ Super Sunday လူမှုကူညီရေးအသင်းမှ လူနာတင်ယာဉ်နှစ်စီးဖြင့် ဆောင်ရွက်ရန်၊ အင်းစိန်မှ စေတနာ့ဝန်ထမ်းစာရင်းများ တိုင်းဒေသကြီးအစိုးရသို့ အချိန်မီပေးပို့ရန်၊ မြို့နယ်ခန်းမ Fever Clinic ဆေးခန်းတွင် တာဝန်ထမ်းဆောင်လုပ်အားပေးမည့် ဆရာဝန်လေးဦးနှင့် စေတနာ့ဝန်ထမ်းလေးဦး စုစုပေါင်းနေ့စဉ်ရှစ်ဦးဖြင့် ဆောင်ရွက်ရန်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ လုပ်ငန်းကော်မတီ၏ စီမံခန့်ခွဲမှုများဖြင့် မြို့နယ်အတွင်းရှိ ကွာရန်တင်းစင်တာနှင့် Fever Clinic ဆေးခန်းများအတွက် လူမှုကူညီရေး၊ သန့်ရှင်းရေး၊ လုံခြုံရေးများကို တာဝန်ယူဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဥဏ်ဟိန်း**

## မုံရွာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားစေရေး ဖျားနာလူနာများ ကုသမှုဆေးခန်းကို မေ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်

**မုံရွာ ဧပြီ ၂၉**
မုံရွာမြို့နယ် ကိုဗစ်-၁၉ ကူးစက်ရောဂါ မပြန့်ပွားစေရေး ဖျားနာလူနာများ ကုသမှုဆေးခန်းကို မေ ၁ ရက်မှစတင်ပြီး အပတ်စဉ် တနင်္လာနေ့မှ စနေနေ့ထိ တစ်ပတ်လျှင် ခြောက်ရက် အခမဲ့ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးခန်းကို မုံရွာမြို့ ဒေါနခြံရပ် ဆေးရုံကြီးလမ်း အထက (၂) ဘေးရှိ "လူငယ်စင်တာ" အဆောက်အအုံတွင် ဖွင့်လှစ်မည်ဖြစ်ပြီး အပတ်စဉ် တနင်္လာနေ့မှ စနေနေ့ထိ တစ်ပတ်လျှင် ခြောက်ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ သာမန်ဖျားနာလူနာများအား အခမဲ့စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း၊ ဆေးခန်းပြသလိုသည့် လူနာများအနေဖြင့် ဆေးခန်း၏ Hotline ဖုန်းနံပါတ် ၀၉- ၆၆၀၀ ၁၀၀၀၀ သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ကြောင်း၊ အဆိုပါ Hotline ဖုန်းနံပါတ်ကို ဧပြီ ၃၀ ရက်မှစတင်ပြီး နံနက် ၈ နာရီမှ ၁၁ နာရီထိလည်းကောင်း၊ ညနေ ၄ နာရီမှ ည ၉ နာရီထိလည်းကောင်း ဖွင့်လှစ်ကာ ဖုန်းလက်ခံဖြေကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့နယ်အတွင်းရှိ ဖျားနာတဲ့လူနာတွေကို ဆေးကုသမှုပေးခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ရာရောက်ပါတယ်။ ခုနစ်ရက်အတွင်း ဖျားတဲ့လူနာ အသက် ၁၂ နှစ်အထက် လူနာတွေကိုသာ အခမဲ့လက်ခံကုသပေးမှာပါ။ ဖျားနာခြင်းမဟုတ်ဘဲ ဆီးချို၊ သွေးချို့နဲ့အခြားရောဂါတွေကုသဖို့ ကြိုတင်စာရင်းပေးသွင်းပါက လက်ခံကုသပေးမှာ မဟုတ်ပါဘူး၊ ဖျားတဲ့လူနာတွေကိုသာ အဓိကထားပြီး ကုသပေးမှာဖြစ်ပြီး လိုအပ်ပါက ဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးမှာဖြစ်ပါတယ်"ဟု ဆရာဝန်အသင်းခွဲ (မုံရွာ)ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်မြင့်သိန်းက ပြောသည်။

ယင်းဆေးခန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ဆရာဝန်အသင်း (မုံရွာ)၊ စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ Save Monywa နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် "မုံရွာမြို့နယ် ကိုဗစ်-၁၉ ကူးစက်ရောဂါ မပြန့်ပွားစေရေး ဖျားနာလူနာများ ကုသမှုဆေးခန်း" ဖြစ်ပါကြောင်း Save Monywa မှ ဦးအောင်နေမျိုးက ပြောသည်။ **မွေးကြူဇင်**

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဧပြီ ၂၉**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

### မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဧပြီ ၂၉**
လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရန် လိုအပ်လျက်ရှိသောပစ္စည်းများ လှူဒါန်း

**ပုသိမ် ဧပြီ ၂၉**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အထွေထွေရောဂါကု ခုတင် ၅၀၀ ဆေးရုံကြီး၌ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အရှိန်မြှင့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသောပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဥပဒေအထောက်အကူအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦး၊ အတွင်းရေးမှူး ဦးလွင်ဦးမောင်နှင့်အဖွဲ့ဝင် ဒေါ်နွယ်နွယ်ဦး၊ ဦးတင်အုန်း၊ ဦးတင်စိုးတို့က တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၅ စုံ၊ နှာခေါင်းစည်း ခုရေ ၅၀ ပါ ၂၈ ဘူး၊ လက်သန့်ဆေးရည် ၁၀ ဘူး စုစုပေါင်း ငွေကျပ် ၈၆၈၀၀၀ တန်ဖိုးရှိပစ္စည်းများ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဥပဒေအထောက်အကူအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးနိုင်နှင့် New Myanmar Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းထိုက်တို့က နှာခေါင်းစည်း အခု ၅၀ ပါ ဘူး၂၀၊ လက်သန့်ဆေးရည် ငါးဘူးနှင့် အပူချိန်တိုင်းကိရိယာ



ငါးခုတို့ကို ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ် (ပင်းတယမီးအိမ်ရှင်)ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ပုသိမ် (လှကြည်)**

## ဟားခါးမြို့၌ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

**ဟားခါး ဧပြီ ၂၉**
ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဟားခါးမြို့အတွင်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်ရေး ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက် နံနက် ၇ နာရီမှစ၍ နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသျှန်နွမ်မောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ ပူးပေါင်းအဖွဲ့သည် ဟားခါးမြို့ ကန့်သတ်စောင့်ကြည့်သူများထားရှိရာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအတွင်း အဆောင်များ၊ ဝန်ထမ်း နားနေဆောင်များနှင့် သင်တန်းကျောင်း ဝန်းကျင်များ၊ ဟားခါးမြို့ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်နှင့် လူနေအိမ်များ၊ ဝန်ကြီးများအိမ်ရာ၊ မြို့အဝင်၊ အထွက် စစ်ဆေးရေးဂိတ် နေရာများနှင့် ဟားခါးမြို့အတွင်းရှိ တည်းခိုခန်းများအား ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ လမ်းညွှန်ချက်အတိုင်း ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြကြောင်း၊ ဆက်လက်၍ ဟားခါးမြို့သို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများထားရှိရန် ကြိုတင်ပြင်ဆင်ထားသည့် ကန့်သတ်စောင့်ကြည့်သူများထားရှိမည့် နေရာများကို ပိုးသတ်ဆေးများ ဆက်လက်ဖျန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# ထိုင်းမှ နေရပ်ပြန်လိုသူ ၁၆၀၀၀ ကျော်ရှိနေပြီး ပဲခူးတိုင်းဒေသကြီးအတွင်းနေထိုင်သူ အများဆုံးပါဝင်

**နေပြည်တော်  မေ ၂၉**

ထိုင်းနိုင်ငံ၌ ရောက်ရှိနေသည့် မြန်မာအလုပ်သမားများအနက် ၁၆၃၂၄ ဦးခန့်မှာ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် အွန်လိုင်းမှတစ်ဆင့် ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိရုံးသို့ စာရင်းပေးသွင်းထားကြောင်း သိရသည်။ အဆိုပါ အလုပ်သမားများသည် ထိုင်း-မြန်မာနယ်စပ် မြဝတီ-မဲဆောက်မှ တစ်ဆင့်လာမည့် မေ ၁ ရက်တွင် စတင်၍ နေရပ်များသို့ပြန်လာရန် အတွက် စာရင်းပေးသွင်းထားကြခြင်းဖြစ်သည်။

"အွန်လိုင်းကနေတစ်ဆင့် စာရင်းပေးသွင်းထားကြသူတွေဖြစ်ပါတယ်။ အားလုံးကို လိုအပ်တဲ့အချက်အလက်တွေ တောင်းခံထားပါတယ်။ အလုပ်အကိုင်အမျိုးအစား၊ ပြန်မယ့်လိပ်စာတွေနဲ့ အခြားအချက်အလက်တွေကို စာရင်းဖြည့်သွင်းပေးကြတာပါ။ မေ ၂၈ ရက် ည ၈နာရီအထိ စုစုပေါင်းစာရင်းပေးသွင်းသူ ၁၆၃၂၄ ဦးရှိနေပါတယ်"ဟု အလုပ်သမားသံအရာရှိ ဦးဇော်မင်းထွေးက အတည်ပြုပြောကြားသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုသူများထဲတွင် အမျိုးသား ၁၁၁၇၈ ဦးရှိပြီး အမျိုးသမီး ၅၁၄၆ ဦး ပါဝင်ကြောင်း သိရသည်။ နေရပ်ပြန်လိုသည့် အလုပ်သမားများသည် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်သူ ၉၀၀၀ နီးပါးပါဝင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် လုပ်ကိုင်သူ ၂၂၀၊ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂၇၃ ဦးနှင့် ရေလုပ်သားစုစုပေါင်း ၁၀၀၊ အခြားအလုပ်သမား ၄၀၀၀ ကျော်ရှိကြောင်း သိရသည်။

နေရပ်ပြန်လိုသည့် အလုပ်သမားအများစုသည် ပဲခူးတိုင်းဒေသကြီးအတွင်း နေထိုင်ခဲ့သူများဖြစ်ပြီး လက်ရှိ စာရင်းပေးသွင်းသူ၏ ၂၇ ဒသမ ၃ ရာခိုင်နှုန်း၊ လူဦးရေ ၄၄၆၃ ဦးခန့်ရှိနေကြောင်း အလုပ်သမားသံအရာရှိက ပြောသည်။ ဒုတိယအများဆုံး နေရပ်ပြန်အလုပ်သမားများ ပြန်လိုသည့်ဒေသသည် မကွေးတိုင်းဒေသကြီးဖြစ်ပြီး ပြန်လိုသူ၏ ၁၅ ဒသမ ၆ ရာခိုင်နှုန်း လူဦးရေ၂၅၄၄ ဦးဖြစ်သည်။ တတိယအများဆုံးနေရပ်ပြန်အလုပ်သမားများ ပြန်လိုသည့်ဒေသမှာ မွန်ပြည်နယ်ဖြစ်ပြီး နေရပ်ပြန်လိုသူ အားလုံး၏ ၁၂ ရာခိုင်နှုန်း လူဦးရေ ၁၉၆၇ ဦးရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေသို့ ပြန်လိုသူ ၄၆၀၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ ပြန်လိုသူ ၈၆၀၊ တနင်္သာရီတိုင်းဒေသကြီးသို့ ပြန်လိုသူ ၆၂၅ ဦး၊ မန္တလေးတိုင်းဒေသကြီးသို့ ပြန်လိုသူ ၁၁၃၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီးသို့ပြန်လိုသူ ၆၂၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးသို့ ပြန်လိုသူ ၁၁၀၄ ဦး၊ ကချင်ပြည်နယ်သို့ ပြန်လိုသူ ၁၂၅ ဦး၊ ကယားပြည်နယ်သို့ ပြန်လိုသူ ၈၀၊ ချင်းပြည်နယ်သို့ ပြန်လိုသူ ၂၆ ဦး၊ ကရင်ပြည်နယ်သို့ ပြန်လိုသူ ၁၃၀၆ ဦး၊ ရခိုင်ပြည်နယ်သို့ ပြန်လိုသူ ၂၆၉ ဦးနှင့် ရှမ်းပြည်နယ်သို့ ပြန်လိုသူ ၇၂၈ ဦးခန့်ရှိကြောင်း သိရသည်။

"အများစုကတော့ သူတို့ရဲ့ သဘောဆန္ဒအရ ပြန်လာကြတာတွေ ဖြစ်ပါတယ်။ လူဦးရေရဲ့ ၈၀၁၃ ဦးက ကိုယ့်သဘောနဲ့ကိုယ်ပြန်လာဖို့ ဆန္ဒပြုကြတာဖြစ်ပြီး စက်ရုံတွေပိတ်လို့ ပြန်ကြသူတွေက ၁၄၄၄ ဦး၊ အလုပ်ထုတ်ခံရသူစုစုပေါင်းက ၁၁၆၄ ဦး၊ လုပ်ခလစာမရတဲ့အတွက် ပြန်လိုသူက ၅၀၄ ဦး၊ စာအုပ်သက်တမ်း ကုန်ဆုံးလို့ပြန်လိုသူက ၁၇၅၆ ဦး၊ အထောက်အထားမရှိဘဲ ပြန်လိုသူက ၄၇၂ ဦး၊ တရားမဝင်အလုပ်သမားအဖြစ်ကနေ ပြန်လိုသူက ၂၀၂ ဦးနဲ့ အခြားကတော့ ၂၆၈၈ ဦးရှိပါတယ်။ အွန်လိုင်းကနေ စာရင်းပေးသွင်းသူတွေအားလုံးရဲ့ ထက်ဝက်ကျော် ၅၃ ရာခိုင်နှုန်းကျော်ကတော့ ထိုင်းကို ပြန်သွားကြဖို့ စိတ်မကူးကြဘဲ လူဦးရေ ၇၆၂၆ ဦးကတော့ ထိုင်းနိုင်ငံကို ပြန်လည်ဝင်ရောက်လိုကြတာရှိပါတယ်" ဟု အလုပ်သမားသံအရာရှိက ပြောကြားသည်။

**မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုသူများထဲတွင် အမျိုးသား ၁၁၁၇၈ ဦးရှိပြီး အမျိုးသမီး ၅၁၄၆ ဦး ပါဝင်ကြောင်း သိရသည်။ နေရပ်ပြန်လိုသည့် အလုပ်သမားများသည် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်သူ ၉၀၀၀ နီးပါး ပါဝင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် လုပ်ကိုင်သူ ၂၂၀၊ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂၇၃ ဦးနှင့် ရေလုပ်သားစုစုပေါင်း ၁၀၀၊ အခြားအလုပ်သမား ၄၀၀၀ ကျော်ရှိ**

နေရပ်ပြန်လိုသည့် အလုပ်သမား ၁၆၃၂၄ ဦးတွင် အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ချုပ်ဆိုပြီး သွားရောက်ခဲ့သည့် အလုပ်သမားများအနက်မှ ၈၇၉၃ ဦးက ပြန်လိုကြခြင်းဖြစ်သည်။ အချို့အလုပ်သမားများသည် CI၊ PV၊ Border Pass၊ PJ စသည့် အမျိုးအစားများဖြင့် သွားရောက်ကြသူများ ဖြစ်ပြီး ယင်းအနက်မှ ၁၆၉၇ ဦးမှာမူ အထောက်အထားများမရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလိုသည့်ရက်ကို အွန်လိုင်းမှတစ်ဆင့် အဆိုပြုကြရာတွင် မေ ၁ ရက်တွင် ပြန်လိုသူ ၅၀၂၅ ဦး၊ မေ ၂ရက်တွင် ၂၄၃၉ ဦး၊ မေ ၃ ရက်တွင် ၁၃၃၉ ဦး၊ မေ ၄ ရက်တွင် ၄၀၁ ဦး၊ မေ ၅ ရက်တွင် ၁၃၂၄ ဦး၊ မေ ၆ ရက်တွင် ၆၀၇ ဦး၊ မေ ၇ ရက်တွင် ၃၃၉ ဦး၊ မေ ၈ ရက်တွင် ၁၇၂ ဦး၊ မေ ၉ ရက်တွင် ၈၉ ဦး၊ မေ ၁၀ ရက်တွင် ၂၇၆ ဦး၊ မေ ၁၁ ရက်တွင် ၇၅ ဦး၊ မေ ၁၂ ရက်တွင် ၇၂ ဦး၊ မေ ၁၃ ရက်တွင် ၁၅ ဦး၊ မေ ၁၄ ရက်တွင် ၁၃ ဦးနှင့် မေ ၁၅ ရက်တွင် ၁၈၂ ဦးစသည်ဖြင့် အဆိုပြုထားကြပြီး အခြားသူများက ကျန်ရှိသည့် ရက်များတွင် စာရင်းပေးသွင်းထားကြောင်း သိရသည်။

မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှလည်း မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ ထိုင်းနိုင်ငံ အရေးပေါ်အခြေအနေကာလကုန်ဆုံးမည့် မေ ၃၀ ရက် နောက်ပိုင်းတွင် နေရပ်ပြန်ကြမည့် မြန်မာအလုပ်သမားများအား မြဝတီ-မဲဆောက်မြို့များတွင် ပြန်လည်စိစစ်လက်ခံကြိုဆိုခြင်းနှင့် အချက်အလက်များကောက်ယူခြင်းများကို တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။

"ကိုဗစ် - ၁၉ ကပ်ရောဂါရဲ့ အန္တရာယ်ဟာ ကျွန်တော်တို့တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စရပ်ဖြစ်တဲ့အတွက် MOEAF အဖွဲ့ချုပ်က ပူးပေါင်းကူညီရန် တာဝန်ရှိပါတယ်။ ဒါကြောင့်မြန်မာပြည်ပအလုပ်ကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်အဖွဲ့ကို ထပ်မံဖွဲ့စည်းတာဝန်ပေးအပ်ခဲ့တာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်အဖွဲ့ဟာ လိုအပ်တဲ့ကျန်းမာရေးထောက်ပံ့ပစ္စည်းများကို စုဆောင်းပြီး မြဝတီမြို့ကို မေ ၃၀ အရောက် သွားရောက်ကာ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အလုပ်ရုံအလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမား သံအရာရှိများနဲ့ စိစစ်လက်ခံကြိုဆိုရေး၊ အချက်အလက် ကောက်ယူရေး၊ MOEAF ၏ နှင်းဦးဝေ Facility Quarantine စင်တာတွင် လိုအပ်သောကိစ္စအရပ်ရပ်များကို ပူးပေါင်းစီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဦးမင်းလှိုင်က ပြောကြားသည်။

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် နိုင်ငံတော်က ဦးစီး၍ မြဝတီခရိုင်အတွင်း Quarantine Center (၁၀) နေရာ စီစဉ်ထားပြီးဖြစ်ကြောင်း သိရှိရပြီး နေရပ်ပြန်ရောက်ချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် လူထုအခြေပြုကုသစောင့်ရှောက်မှုပေးခြင်း (Community Based Facility Quarantine) ၂၁ ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း (Home Quarantine) ၇ ရက် စုစုပေါင်း (၂၈) ရက် မပျက်မကွက် လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် ထိုင်းနိုင်ငံအတွင်းရှိ အလုပ်အကိုင်အများစု ရပ်တန့်သွားခဲ့သဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အလုပ်အကိုင်ဆက်လက်လုပ်ကိုင်ရန် အခက်အခဲများစွာ ရှိနေသဖြင့် နေရပ်ပြန်လိုသူများ ပိုမိုများပြားခဲ့ရခြင်းဖြစ်ကြောင်း ထိုင်း-မြန်မာ အခြေစိုက်ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း-FED အမှုဆောင်ဒါရိုက်တာ ဦးထူးချစ်ထံမှ သိရသည်။

ချင်းမိုင်ပြည်နယ်၊ လန်ဖွန်းပြည်နယ်၊ လန်ပန်းပြည်နယ်၊ ဥတ္တရာဒစ်ပြည်နယ်၊ ဖရယ့်ပြည်နယ်၊ နမ်ပြည်နယ်၊ ဖယောင်းပြည်နယ်၊ ချင်းရိုင်ပြည်နယ်နှင့် မယ်ဟောင်ဆောင်ပြည်နယ်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများသည် လိုအပ်သည့် အကူအညီများကို အလုပ်သမား သံအရာရှိ ဦးဇော်မင်းထွေး ဖုန်းနံပါတ်+၆၆၀၉၉၀၅၉၂၃၅၂ သို့ ဆက်သွယ်နိုင်သည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည် အရေးပေါ်အကူအညီများ တောင်းခံလိုပါက ကောင်စစ်ဝန်၊ ပထမအတွင်းဝန် ဦးဇော်မျိုးထက် +၆၆၀၆၃၆၆၅၃၉၅၅ နှင့် သံအရာရှိ ဒေါ်မြသိင်္ဂီ +၆၆၀၉၈၇၃၉၅၄၇၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း ချင်းမိုင်မြို့ရှိ မြန်မာကောင်စစ်ဝန်ရုံးမှ သိရသည်။

ခင်ရတနာ

## ပင်လည်ဘူးမြို့ မြို့မရပ်ကွက်နှင့် တိုးချဲ့လယ်ပြင်ရပ်ကွက်များတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ပင်လည်ဘူး  မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ မြို့မရပ်ကွက်နှင့် တိုးချဲ့လယ်ပြင်ရပ်ကွက်များကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့မရပ်ကွက်နှင့် တိုးချဲ့လယ်ပြင်ရပ်ကွက်များကို ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရှည်ပေ ၇၅၇၀ နှင့် အကျယ် ၁၂ ပေ၊ ဒု ၇ လက်မဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေ ငွေကျပ် ၃၄၀ ဒသမ ၄၈၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးညီဆွေက ပြောသည်။

ဆက်လက်၍ မြို့မရပ်ကွက်နှင့် တိုးချဲ့လယ်ပြင်ရပ်ကွက် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့ ကော်မတီဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်နှင့် မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်နှင့်အဖွဲ့က အရည်အသွေး ပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

မွေးကြူဇင်

## ဒက္ခိဏခရိုင်အတွင်းရှိ မြို့နယ်များ၌ နွေစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**နေပြည်တော်  မေ ၂၉**

နေပြည်တော် ဒက္ခိဏခရိုင်အတွင်းရှိ ပျဉ်းမနား၊ လယ်ဝေး၊ ဒက္ခိဏသီရိနှင့် ဇမ္ဗူသီရိမြို့နယ်များ အနေဖြင့် ၂၀၁၉-၂၀၂၀ နွေစပါး စိုက်ပျိုးမှုတွင် မြို့နယ်များအလိုက် သတ်မှတ်လျာထားချက်ထက် ပြည့်မီကျော်လွန်အောင်စိုက်ပျိုးနိုင်ခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

နွေစပါးစိုက်ပျိုးသူ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာမှ တောင်သူ ဦးတင်ညွန့်က "နွေစပါးက အထွက်နှုန်းကောင်းတယ်၊ သေချာတယ်။ မိုးစပါးတစ်ဧကကို စပါး ၈၀ ဝန်းကျင်ပဲထွက်တာ။ နွေစပါးက တစ်ဧက တင်း ၁၀၀ ကျော်ထွက်ပါတယ်၊ စပါးကောင်းရင်ကောင်းသလို တင်း ၁၂၀ ထိ ထွက်တဲ့ စပါးမျိုးတွေလည်းရှိတယ်။ လယ်လုပ်သားငှားရတာတော့ အခက်အခဲဖြစ်တာလေးတွေရှိပါတယ်။ လက်ရှိ နွေစပါး ကိုးဧကစိုက်ပျိုးထားပြီး စပါးပေါ်ချိန် ဈေးကောင်းရဖို့ကိုပဲ မျှော်လင့်နေပါတယ်" ဟု ပြောသည်။



နွေစပါးစိုက်ပျိုးရာတွင် မျိုးကွဲများအလိုက် ရွှေသွယ်ရင်၊ ပုလဲသွယ်၊ မနောသုခ၊ ဆင်းသုခ၊ ထိုင်းကောက်၊ စူပါနံ့ကောက်၊ ရွှေတိုး၊ ပခမ်းရွှေဝါ စသည်ဖြင့် အသီးသီးစိုက်ပျိုးကြသည်။ မြို့နယ်အလိုက် နွေစပါးစိုက်ပျိုးမှုအနေဖြင့် လယ်ဝေးမြို့နယ်တွင် ၁၀၈၁၇ ဧက၊ ပျဉ်းမနားမြို့နယ်တွင် ၁၂၁၈ ဧက၊ ဒက္ခိဏသီရိမြို့နယ်တွင် ၁၉၇၁ ဧကနှင့် ဇမ္ဗူသီရိမြို့နယ်တွင် ဧက ၅၈၀ ကိုစိုက်ပျိုးနိုင်ခဲ့ရာ ဒက္ခိဏခရိုင်အနေဖြင့် စုစုပေါင်း နွေစပါး ၁၄၅၈၆ ဧက ကို စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဇော်မင်းလွင်(ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလ၌ ရန်ကုန်မြစ်အတွင်း ခရီးသည်တင် စက်တပ်သမ္ဗန်အစင်းရေ ၁၀၀ ကျော်ဖြင့် ပြေးဆွဲလျက်ရှိ

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှတစ်ဆင့် ရန်ကုန်မြို့သို့ ကူးသန်းသွားလာကြရာတွင် မြစ်အတွင်းသွား စက်တပ်သမ္ဗန်များဖြင့် ခရီးသည်များစွာကို ကူးတို့ပို့ဆောင်ပေးလျက်ရှိရာ လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း ရန်ကုန်မြစ်အတွင်း စက်တပ်သမ္ဗန်အစင်းရေ ၁၀၀ ကျော်ခန့်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ယနေ့နံနက်ပိုင်းက ပြောသည်။

" ကျွန်တော်တို့ ဒလမြို့နယ်အတွင်းမှာ သမဝါယမအသင်းပိုင် ကူးတို့ဆိပ်ငါးခုနဲ့ ပုဂ္ဂလိကအသင်းပိုင် ကူးတို့ဆိပ်ခြောက်ခုအပါအဝင် စုစုပေါင်း ကူးတို့ဆိပ် ၁၁ ခုမှာ စက်တပ်သမ္ဗန်အစင်းပေါင်း ၄၉၀ ကျော်ရှိပါတယ်၊ လက်ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်းမှာ ခရီးသွားလာပြည်သူတွေ သွားလာမှုအလွန်နည်းတဲ့အတွက် လက်ရှိမောင်းနေရတဲ့ စက်တပ်သမ္ဗန်အစင်းရေ ၁၀၀ ကျော်လောက်ပဲ ပြေးဆွဲပေးနေရတယ်၊ ဝင်ငွေလည်း ကျဆင်းသွားလို့ သမ္ဗန်မောင်းသမားဘဝက သမ္ဗန်ကိုပဲ မှီခိုပြီး စားသောက်နေရတဲ့အတွက် စားဝတ်နေရေး အခက်အခဲတွေ ကြုံတွေ့ရပါတယ်၊ မကြာမီ မိုးဦးကာလလည်း နီးလာပြီး ရာသီဥတုတွေ ဆိုးရွားလာပြီဆိုရင် ကြိုတင်ပြင်ဆင်ထားရမယ့်လုပ်ငန်းတွေ ရှိလာပါတယ်၊ အသက်ကယ်အင်္ကျီတို့၊ အသက်ကယ်ဘောတို့ လိုအပ်လာပြီး လက်ရှိအချိန်မှာ ဝင်ငွေနည်းတဲ့ သမ္ဗန်သမားတွေမှာ ကုန်ကျစရိတ်တွေရှိလို့ အခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့လျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ယနေ့ရက်ပိုင်းအတွင်း မုန်တိုင်းသတိပေးချက်ရှိနေပြီး ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များအနေဖြင့် မိုးဦးကာလအတွင်း လှိုင်းလေကြီးပါက သမ္ဗန်ရပ်ဆိုင်းထားခြင်းနှင့် လှိုင်းလေငြိမ်သက်ပါက မောင်းနှင်ထွက်ခွာခြင်းတို့ကို ပြုလုပ်ကြဖို့ သက်ဆိုင်ရာ ကူးတို့ဆိပ် ၁၁ ဆိပ်ရှိ ဥက္ကဋ္ဌများအား အသိပေးပြောကြားထားကြောင်းသိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးနှင့်



ကြိုတင်ကာကွယ်ရေးအတွက် စက်တပ်သမ္ဗန် တစ်စင်းလျှင် ခရီးသည် ခြောက်ဦးနှင့် ရှစ်ဦးဝန်းကျင်သာ တင်ဆောင်ပြီး ကူးတို့ပြေးဆွဲပို့ဆောင်ပေးကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ဒီးမော့ဆိုမြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများအား ဆန်၊ ဆီ၊ ကြက်ဥ စားသောက်ကုန်များပေးအပ်

**ဒီးမော့ဆို မေ ၂၉**

ကယားပြည်နယ်အစိုးရအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများအား ဆန်၊ ဆီ၊ ကြက်ဥများကို ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ဒီးမော့ဆိုမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။




ထို့သို့ ပေးအပ်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေနှင့် ဦးစောစိန်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် ဌာနဆိုင်ရာများက မြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၂၂၉ ဦးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော ဆန်၊ ဆီ၊ ကြက်ဥများကို ပေးအပ်ခဲ့သည်။

ဒီးမော့ဆိုမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ တစ်ရုံအပါအဝင် တိုက်နယ်ဆေးရုံ သုံးရုံ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန ငါးခု၊ တိုက်နယ်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၉ ခု စုစုပေါင်း ၄၁ ဌာနတွင် ကျန်းမာရေးဝန်ထမ်း ၂၂၉ ဦးတို့အတွက် ကယားပြည်နယ်အစိုးရအဖွဲ့မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးလျှင် ဆန် ငါးပြည်၊ ဆီ တစ်ပိဿာ၊ ကြက်ဥ ၁၀ လုံးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရီရယ်**
**(ဒီးမော့ဆို)**

# ကြို့ပင်ကောက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး

**ကြို့ပင်ကောက် မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကိုမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများက ယနေ့ နံနက်ပိုင်းက ယာယီအသစ်ပြောင်းရွှေ့ဖွင့်လှစ်ထားသော ဟင်းသီးဟင်းရွက်နှင့် သားငါးဈေးတို့တွင် ဆောင်ရွက်ခဲ့သည်။

အသိပညာပေးလုပ်ငန်းများဖြစ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အသိပညာပေး လက်ကမ်းစာစောင်များဝေငှခြင်း၊ ကျန်းမာရေးအသိဖြင့် နေထိုင်သွားနိုင်ရေးနှိုးဆော်ချက်များကို အသံချဲ့စက်ဖြင့် ပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အတူ မြို့နယ်အတွင်းရှိလူမှုရေးအသင်းအဖွဲ့များက အကြောင်းအမျိုးမျိုးကြောင့် အပြင်ထွက်သွားလာနေကြသော ဒေသခံပြည်သူများအား ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော နှာခေါင်းစည်း အခုရေ ၃၂၀၀ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# သန်လျင်မြို့နယ်အတွင်း လျှပ်စစ်မီတာခတ်အားခများ မော်တော်ယာဉ်ဖြင့် လှည့်လည်ကောက်ခံလျက်ရှိ

**ရန်ကုန် မေ ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်ဓာတ်အားခများ ပေးဆောင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများအတွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကာ ဓာတ်အားခများအား ကောက်ခံပေးလျက်ရှိရာ မေ ၂၇ ရက် နံနက် ၁၀ နာရီက မြို့သစ်အနောက်ရပ်ကွက်တွင် လျှပ်စစ်ဓာတ်အားခများ လာရောက်ကောက်ခံပေးနေသည်ကိုတွေ့မြင်ရပြီး အဆိုပါ လာရောက်ကောက်ခံပေးခြင်းအတွက် ဝန်ဆောင်ခများပေးဆောင်ရန်မလိုဘဲ အခမဲ့ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်းနှင့် ကျသင့်သော မီတာခတ်အားခများသာ ပေးဆောင်ရမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

သန်လျင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးတွင် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအနေဖြင့် ယခင် လျှပ်စစ်မီတာခတ်အားခ ပေးသွင်းကောင်တာနှစ်ခုထားရှိရာမှ ယခု လျှပ်စစ်မီတာခတ်အားခငွေ ပေးသွင်းကောင်တာလေးခုဖြင့် လက်ခံဆောင်ရွက်ပေးနေကြောင်း၊ လျှပ်စစ်ခတ်အားခ လာရောက်ပေးသွင်းသူများအား တစ်ဦးနှင့်တစ်ဦး သုံးပေအကွာထားရှိ သတ်မှတ်ပေးထားကာ လျှပ်စစ်မီတာခတ်အားခများကိုလည်း ယခု ဧပြီလမှ မေ ၂၀ ရက်အထိ လျှပ်စစ်မီတာခတ်အားခကောက်ခံရက် တိုးမြှင့်ပေးထားကြောင်းနှင့် လျှပ်စစ်မီတာခတ်အားခ တိုးမြှင့်ကောက်ခံရက်အတွင်း ရက်လွန်ကြေးနှင့် ခတ်အားဖြတ်တောက်ခြင်းမရှိစေဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သက်ခိုင် (သန်လျင်)**




# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပညာပေးပိုစတာများ ဖြန့်ဝေ

**မယ်စဲ့ မေ ၂၉**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ မေ ၂၉ ရက် နံနက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပညာပေးပိုစတာများဖြန့်ဝေ ခဲ့သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးအောင်နှင့် ဝန်ထမ်းများက ရပ်ကွက်နှစ်ရပ်ကွက်၊ ကျေးရွာ ၁၄ ရွာရှိ လူသွားလူလာများသည့်နေရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရုံးများ၊ အများပြည်သူဝင်/ထွက်သွားလာသောဈေးဆိုင်များ၊ ကားဂိတ်များ၊ Quarantine နေရာနှင့် စစ်ဆေးရေးဂိတ်နှစ်ဂိတ်တို့တွင် ပညာပေးပိုစတာများ ကပ်ခြင်း၊ ဖြန့်ဝေခြင်းဖြင့် ပညာပေးနှိုးဆော်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ် မြို့မဈေး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး

**တိုက်ကြီး မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းရှိ လူစည်ကားရာ မြို့မဈေး၌ မေ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနော်နော်လှိုင်သက်မောင် ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ် ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့မဈေး အတွင်း အပြင်၊ ပျံကျဈေးရှိ ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား နှာခေါင်းစည်းများတပ်ကြရန်၊ လက်ကို စနစ်တကျ မကြာခဏဆေးကြောရန် လိုက်လံနှိုးဆော်ပေးခြင်း၊ မြို့မဈေး၏ ဝင်ပေါက် ထွက်ပေါက်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ပိုစတာများချိတ်ဆွဲခြင်း၊ စတစ်ကာများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း စသည့် ကျန်းမာရေးအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စန်းကလျာခိုင် (ပြန်/ဆက်)**



## ပင်စင်လစာလာရောက်ထုတ်ယူသည့် အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ပင်စင်လစာလာရောက်ထုတ်ယူသည့် အငြိမ်းစားဝန်ထမ်းများနှင့် မိဘပြည်သူများအား သဃ်န်းကျွန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ဦးဆောင်မှုဖြင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကိုယ်အပူချိန်များ တိုင်းတာပေးခြင်းနှင့် လိုအပ်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲမင်းထွန်း (ပြန်/ဆက်)**

## ဘားအံမြို့နယ်အတွင်း ကျေးရွာများဖွံ့ဖြိုးစေမည့် ထုံးအိုင်-မိန်းမလှကျွန်း-ဖအွံ့-ဖဲကတာ လမ်းပေါ်ရှိ တံတား တည်ဆောက်ပြီးစီး

**ဘားအံ ဧပြီ ၂၉**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကျေးရွာများ ရောင်းဝယ်ဖောက်ကားမှုနှင့် ကုန်စည်စီးဆင်းမှု လျင်မြန်လွယ်ကူစေရေးအတွက် အကျိုးရှိစေမည့် ထုံးအိုင် - မိန်းမလှကျွန်း-ဖအွံ့-ဖဲကတာလမ်းပေါ်ရှိ ဖအွံ့ချောင်းအားဖြတ်ကျော်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ထားသည့်တံတား ပြီးစီးသွားပြီဖြစ်ရာ ဧပြီ ၂၈ ရက်အထိ တံတားချဉ်းကပ်လမ်း ဆောင်ရွက်နေမှုသာ ကျန်တော့ကြောင်း သိရသည်။



အဆိုပါ ထုံးအိုင်-မိန်းမလှကျွန်း-ဖအွံ့ -ဖဲကတာလမ်းပေါ်ရှိ ဖအွံ့ချောင်းအား ဖြတ်ကျော်တည်ဆောက် ထားသည့် တံတားသည် အရှည်ပေ ၃၆၀၊ အကျယ် ၇ ဒသမ ၃၄ မီတာရှိ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကာ ဘားအံ-မော်လမြိုင် အဖြောင့်လမ်းမကြီးသို့ အနီးဆုံးဆက်သွယ်သွားလာနိုင်ပြီး မိန်းမလှကျွန်းကျေးရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသထွက်ကုန်များ ရောင်းဝယ်ဖောက်ကားရာတွင် ပိုမိုကောင်းမွန်လာစေမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုသည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ရေရှားပါးသော သစ်မယ်ဇီကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေများလှူဒါန်း

**ကံမ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် မြစ်ချောင်းအင်းအိုင်များနှင့် အလှမ်းကွာဝေးပြီး မြေအောက်ရေတူးဖော်ရန်ခက်ခဲသည့် ရေရှားပါးသော ကျေးရွာများအနက် သစ်မယ်ဇီကျေးရွာမှ ပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့မှ ဝန်ထမ်းများပူးပေါင်း၍ သောက်သုံးရေဂါလန် ၃၄၀၀ အား ယမန်နေ့ ညနေပိုင်းက အဆိုပါကျေးရွာသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါသစ်မယ်ဇီကျေးရွာတွင် ပေ ၁၀၀ ပတ်လည် အနက်ခြောက်ပေရှိ မြေသားမိုးရေလှောင်ကန် နှစ်ကန်ရှိသော်လည်း ယမန်နှစ်က မိုးနှောင်းကာလတွင် မိုးရွာသွန်းမှုနည်းပါးခဲ့ရာ မိုးရေလှောင်ကန်များအတွင်း ရေအပြည့်အဝမရရှိခဲ့ခြင်းကြောင့် ရေများလျော့နည်းရှားပါးခဲ့ကြောင်း၊ အဆိုပါကျေးရွာတွင် အိမ်ခြေပေါင်း ၁၂၈ အိမ်နှင့် လူဦးရေ ၅၅၉ ဦး နေထိုင်လျက်ရှိရာ ယခုကဲ့သို့လှူဒါန်းခဲ့သည့် သောက်သုံးရေများအား ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ အုတ်ရေကန်များတွင် သိုလှောင်ပြီး ထိုမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လူစုလူဝေးမဖြစ်စေရန် ကျေးရွာသူကျေးရွာသားများအား စနစ်တကျဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က ပြောကြားသည်။

**ကိုကိုကျော်(ကံမ)**



## မိုးဆက်တိုက်ရွာသွန်း၍ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်း အဆင်ပြေ

**ချောက် ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ဧပြီ ၂၅ ရက်မှ ၂၈ ရက်အထိ နေ့စဉ် ဆက်တိုက်ရွာသွန်းခဲ့သောမိုးကြောင့် ချောက်မြို့နယ်ရှိ တောင်သူများမှာ ဧပြီ ၂၈ ရက် နံနက်ပိုင်းမှစ၍ စိုက်ပျိုးရေးလုပ်ငန်းခွင် ဝင်ရောက်နေကြပြီဖြစ်ကြောင်း သိရသည်။

တောင်သူများအတွက် မိုးရွာသွန်းမှု မိုးရေချိန်နည်းသော်လည်း လေးရက်ဆက်တိုက် မြေအစိုဓာတ်ရအောင် ရွာသွန်းခဲ့သည့်မိုးကြောင့် လယ်ထွန်ခြင်း၊ မြေသြဇာဖြည့်သွင်းခြင်းနှင့် သီးနှံတချို့စတင်၍ စိုက်ပျိုးခြင်းများ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

**မချို(ပြန်/ဆက်)**

## ခရမ်းမြို့နယ် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရှိကျေးရွာများတွင် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးဆိုင်ရာဘဏ္ဍာရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းများ၊ ရွာဆက်လမ်းများဆောင်ရွက်ပြီးစီးမှုကို မြို့နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနတာဝန်ရှိသူများက ယမန်နေ့ ညနေ ၃ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးလှတိုးနှင့် တာဝန်ရှိသူများက စစ်ဆေး၍ (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ် ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လှဘီလူးကျေးရွာတွင်း လမ်း မြေသားတင်ခြင်းလုပ်ငန်း၊ ဝါးရုံကန်တံတားသစ် တည်ဆောက်မှုနှင့် ဝင်းကြီးကျေးရွာချင်းဆက်လမ်း၊ အထက ပိန်းကန်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် မြေဖို့ခြင်းလုပ်ငန်းများအား အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ လေလွင့်မှုနည်းပါးရေးတို့ လမ်းညွှန်မှာကြားခဲ့သည်။

**ကိုမင်း(ခရမ်း)**

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ကျေးရွာစီမံကိန်းမှန်သမျှ၏အတိုးနှုန်း လျှော့ပေါ့ကောက်ခံသွားမည်

**မန္တလေး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်နေသည့် ကျေးရွာစီမံကိန်းမှန်သမျှကို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ငွေကျပ် ၁၀၀ အတွက် အတိုးနှုန်းအား တစ်လလျှင် ပြား ၅၀ နှုန်းဖြင့်သာ လျှော့ပေါ့ကောက်ခံသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးစိုးသန်းက ပြောသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်နေသည့် ကျေးရွာစီမံကိန်းမှန်သမျှအား ယခင်ကချေးငွေအတိုးနှုန်းကို ပြား ၅၀ နှုန်းမှ တစ်ကျပ်ခွဲနှုန်း အတိုးဖြင့် သတ်မှတ်ကောက်ခံခဲ့သော်လည်း လက်ရှိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ချေးငွေဖြင့်လည်ပတ်နေသည့် ကျေးရွာမှန်သမျှကို ယခုဧပြီလမှစ၍ ချေးငွေအတိုးနှုန်းများအား ပြား ၅၀ နှုန်းဖြင့်သာ လျှော့ပေါ့ကောက်ခံပြီး တစ်ပြေးညီလည်ပတ်နိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

"မြစိမ်းရောင်ကျေးရွာစီမံကိန်းက ချေးငွေတွေကို အရင်က အတိုးပြား ၅၀ ကနေ တစ်ကျပ်ခွဲအထိ သတ်မှတ်ပေးထားပါတယ်။ ဒီစီမံကိန်းတွေကို တစ်ကျပ်အတိုးနဲ့ လည်ပတ်တဲ့ အဖွဲ့တွေရှိသလို တစ်ကျပ်ခွဲအတိုးနှုန်းနဲ့ လည်ပတ်တဲ့အဖွဲ့တွေလည်း ရှိတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလမှာ တချို့တွေအနေနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ရပ်နားထားရပြီး ဝင်ငွေရရှိမယ့်အခွင့်အလမ်းကလည်း နည်းပါးနေတယ်။ ဝင်ငွေလျော့နည်းချိန်မှာ ထွက်ငွေဘက်ကလည်း တစ်ဖက်တစ်လမ်းက သက်သာသွားစေဖို့ ကူညီထောက်ပံ့ပေးတဲ့သဘောနဲ့ မြစိမ်းရောင်ချေးငွေနဲ့ဆောင်ရွက်နေကြတဲ့ ကျေးရွာစီမံကိန်းအားလုံးကို ပြား ၅၀ အတိုးနဲ့သာ တစ်ပြေးညီလည်ပတ်ဆောင်ရွက်နိုင်ဖို့ အတိုးနှုန်းကို လျှော့ပေါ့သတ်မှတ်ပေးခြင်းဖြစ်ပါတယ်။ အခုသတ်မှတ်တဲ့ အတိုးနှုန်းကို တစ်နှစ်တိတိ လျှော့ပေါ့ပေးမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာဒေသခံပြည်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အဓိကထားပြီး ကဏ္ဍအလိုက်ချေးငွေများထုတ်ချေးပေးကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင်လည်း မြို့နယ် ၂၀ရှိ ကျေးရွာပေါင်း ၆၂ ရွာ၊ ယူနစ်ပေါင်း ၅၀ တို့အတွက် အရင်းမပျောက်မတည်ငွေ ကျပ်သန်းပေါင်း ၁၅၀၀ ကို ထုတ်ချေးပေးထားပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစုဝင်ငွေတိုးတက်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ကာ စီမံကိန်းမှ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် ငွေကျပ် သန်း ၃၀ မတည်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# လားရှိုး၌ ပြည်ပမှပြန်လာသူများအား ယာယီလက်ခံထားရှိနိုင်ရေး ပြင်ဆင်ထား

**လားရှိုး မေ ၂၉**

ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာကြမည့် မြန်မာနိုင်ငံသား ၁၀၀၀၀ခန့်အား လားရှိုးမြို့၌ ခေတ္တယာယီရပ်နားနိုင်ရေးအတွက် လက်ခံထားရှိပေးနိုင်ရန်နေရာများကို သက်ဆိုင်ရာက ကြိုတင်ပြင်ဆင်စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြည်ပပြန် မိမိနိုင်ငံသားများအတွက် ခေတ္တယာယီလက်ခံထားရှိသွားရန် အဆင်ပြေလွယ်ကူစေမည့် နေရာနှင့် စာသင်ကျောင်းအချို့အပြင် ရပ်ကွက် ၁၂ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ရှိ အဆောင်များကို လားရှိုးခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြရာ ဆရာတော်ဘဒ္ဒန္တပုညနန္ဒက လိုက်လံပြသပြီး ပြည်ပပြန်ဦးရေ ၅၀၀ မှ ၁၀၀၀အတွင်း လက်ခံစောင့်ရှောက်ပေးသွားမည်ဟု မိန့်ကြားခဲ့သည်။

"ယခုကိုဗစ်-၁၉ ရောဂါ ကြုံတွေ့ရစဉ် ရဟန်း၊ သီလရှင်များနှင့် လိုအပ်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်နှင့် နဝကမ္မဝတ္ထုစသည်တို့ကို လှူဒါန်းထောက်ပံ့ပေးလျက်ရှိရာ အခက်အခဲဒုက္ခကြုံတွေ့လာသူများအား လူမျိုးဘာသာ၊ နေရပ်ဒေသမခွဲခြားဘဲ မေတ္တာကရုဏာတရားနဲ့ ကူညီစောင့်ရှောက်ပေးခြင်းဖြစ်တယ်"ဟု ဆရာတော်က မိန့်ကြားခဲ့သည်။

**သီပေါကိုလတ်**



# မြို့နယ်သဘင်အစည်းအရုံးများသို့ အခြေခံစားသောက်ကုန်များ လှူဒါန်း

**မြင်းခြံ မေ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်သဘင်အစည်းအရုံးများသို့ မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် CB-KMA Foundation တို့မှ အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းခြင်းကို မေ ၂၈ ရက် ညနေ ၅ နာရီက မြင်းခြံမြို့နယ်သဘင်အစည်းအရုံး ရုံးခန်း၌ ပြုလုပ်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ၂၀၁၉-၂၀၂၀ ပြည့်နှစ် သဘင်တည်ထောင်ခွင့်စာချုပ် ချုပ်ဆိုထားသော သဘင်အဖွဲ့များ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် CB-KMA Foundation မှ သဘင်သည်တစ်ဦးလျှင် ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကြက်သွန်နီ (၁)ပိဿာ၊ ပဲ (၁)ပိဿာ ပေးအပ်လှူဒါန်းခဲ့သည်။

မြင်းခြံခရိုင်တွင် ၂၀၁၉-၂၀၂၀ ပြည့်နှစ် သဘင်တည်ထောင်ခွင့်စာချုပ် ချုပ်ဆိုထားသော သဘင်သည်စုစုပေါင်း ၅၄၅ ဦးတို့အား မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးပစ်တိုင်းထောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) မှ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနောင်နှင့် အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် CB-KMA Foundation တို့မှ အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းခြင်းမှာ သဘင်ပညာရှင်များ ယခုလိုကာလတွင် အလုပ်အကိုင်များ နားထားရသည့်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကျော်စွာ(IPRD)**

# သထုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**သထုံ မေ ၂၉**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Unicef တို့ပူးပေါင်း၍ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ရေးအတွက် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သထုံမြို့နယ်အတွင်း လူစည်ကားရာနေရာများဖြစ်သော ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းများ၊ ဈေးများ၊ ဌာနဆိုင်ရာရုံးများ၊ မြန်မာ့စီးပွားရေးဘဏ်၊ စာသင်ကျောင်းနှင့် ကျေးရွာအုပ်ချုပ်ရေးရုံးတို့တွင် ကျန်းမာရေးအသိပညာပေး ဗီနိုင်း၊ ပိုစတာများ ဖြန့်ဝေခြင်း၊ အများသုံး လက်ဆေးဘေစင်တပ်ဆင်ခြင်းနှင့် လက်ဆေးဆပ်ပြာရည် ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မိုးဝင်း**
**(ကျေးလက်)**



# နမ့်ခမ်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နမ့်ခမ်း မေ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နမ့်ခမ်း-မူဆယ် ပြည်ထောင်စုလမ်းမကြီး မြို့အဝင်၊ နမ့်ခမ်း-တရုတ်ပြည်နယ်စပ်ကူး ကူတို့ဆိပ်များနှင့် မြို့ပေါ်ရပ်ကွက်များရှိ လမ်းဆုံနေရာများ၌ ခရီးသွားလာပြည်သူများအား ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းဖြစ်သည့် ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းတပ်ဆင်ပေးခြင်း၊ လက်ဆေးသန့်စင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ပိုးသတ်ဆေးဖျန်းခြင်းနှင့် ရောဂါကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ရောဂါကာကွယ်ရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်အရ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာကော်မတီများနှင့် မြို့နယ်ပရဟိတအဖွဲ့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘဦး(ပြန်/ဆက်)**

**ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါ ကာကွယ်ဖို့**
**စနစ်တကျ လက်ဆေးစို့**

# မြို့သစ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**မြို့သစ် မေ ၂၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်မှုမဖြစ်ပွားစေရေးအတွက် ယာယီဈေး၊ မြို့နယ်လျှပ်စစ်ရုံးနှင့် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်တို့တွင် ယနေ့ နံနက် ၈ နာရီမှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

ထိုသို့ဖြန့်ဝေဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ပေးပို့လှူဒါန်းသည့် ကိုဗစ်-၁၉ အသိပညာပေး လက်ကမ်းစာစောင်များဖြစ်သည့် ကိုဗစ် - ၁၉ ကာကွယ်ရေး စနစ်တကျလက်ဆေးပေး၊ ကိုဗစ်-၁၉ ကာကွယ်ဖို့မောင်တို့မယ်တို့လိုက်နာစို့၊ ကိုဗစ်-၁၉ရောဂါ မိမိကစ၍ကာကွယ်ပါ စသည့် အသိပညာပေး လက်ကမ်းစာစောင် ၂၀၀ ကို ယာယီဈေးရှိဈေးရောင်းသူ၊ ဈေးဝယ်သူများ၊ မြို့နယ်လျှပ်စစ်ရုံးတွင် လျှပ်စစ်ခတ်အားခ လာရောက်ပေးဆောင်သူများနှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပင်စင်လာရောက်ထုတ်ယူသူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းအိဇွန်**
**(ပြန်/ဆက် )**

# တောင်ကြီးမြို့၌ ဈေးကားများဖြင့် အိမ်တိုင်ရာရောက် စားသောက်ကုန်များလိုက်လံရောင်းချ

**တောင်ကြီး မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီကဦးဆောင်၍ နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် ပါဝင်သော တောင်ကြီးမြို့နယ်အတွင်းရှိ ပြည်သူများ အစားအသောက် အဆင်ပြေစေရန် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန်ရည်ရွယ်၍ တောင်ကြီးမြို့နယ်အတွင်း ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ကာ ဟင်းသီးဟင်းရွက်နှင့် အသားငါးများကို အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးလျက်ရှိကြောင်း မြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"ပြည်သူတွေ အိမ်မှာနေရမယ့်ကာလဖြစ်တဲ့အတွက်ကြောင့် အိမ်မှာလည်းနေလို့ရအောင်၊ ဈေးထဲကဈေးသည်တွေလည်း အရောင်းအဝယ်မပျက်ရအောင် စီစဉ်တဲ့အနေနဲ့ မိမိအိမ်မှာနေပြီးတော့ ဈေးသက်သက်သာသာနဲ့ လိုအပ်တဲ့ ဟင်းသီးဟင်းရွက်၊ အသားငါးတွေကို ဝယ်ယူနိုင်မယ်။ အဓိကကတော့ အိမ်ထဲမှာ နေထိုင်တဲ့သူ ပိုများစေချင်ပြီး ဈေးထဲကိုလာတဲ့လူဦးရေ လျှော့ချချင်တဲ့အတွက်ကြောင့် ဒီအစီအစဉ်ကို ပြုလုပ်ရခြင်းဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီက ပြောသည်။



ထိုသို့ ရောင်းချမှုအစီအစဉ်ကို မြို့နယ်စည်ပင်သာယာရေးကော်မတီကကြီးကြပ်၍ အဆိုပါ မြို့နယ်အတွင်း ဈေးရောင်းချသည့်ဈေးသည်များ ပူးပေါင်းပါဝင်ဆောင်ရွက်သောအစီအစဉ်ဖြစ်ပြီး ယင်းသို့ရောင်းချမှုကို မေ ၁၈ ရက်က စတင်၍ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ရောင်းချရာတွင် ခေတ်ကင်းလွတ်သည့် ဟင်းသီးဟင်းရွက်မျိုးစုံ၊ ကြက်သား၊ ဝက်သား၊ ငါး၊ ပုစွန်၊ ဆိတ်သား၊ အမဲသားစသည့် အသားငါးမျိုးစုံ ပါဝင်သည့်ကားများဖြင့် တောင်ကြီးမြို့ အရှေ့မြို့ပတ်လမ်း၊ အနောက်မြို့ပတ်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် နံနက် ၆ နာရီမှ ၁၀ နာရီအတွင်း လိုက်လံရောင်းချပေးလျက်ရှိသည်။

တောင်ကြီးမြို့နယ်တွင် ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်နှင့် ဈေးငါးဈေးရှိပြီး အဆိုပါဈေးများတွင် ရောင်းချနေသည့်ဈေးသည်များက ဈေးကားများဖြင့် ဟင်းသီးဟင်းရွက်နှင့် အသားငါးများကို အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးသည့်အစီအစဉ်ကို မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## မန္တလေးပဲဈေးကွက် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ် သွက်လျက်ရှိ



**မန္တလေး ဧပြီ ၂၉**

မန္တလေး ကုန်စည်ဒိုင်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် လူစုလူဝေးမဖြစ်ပေါ်စေရန် ယခုကာလတွင် ယာယီပိတ်ထားခဲ့သော်လည်း အသင်းသားများဖွဲ့စည်းထားသည့် Viber Group မှ ဆက်သွယ်ကာ ရောင်းဝယ်မှုများကြောင့် မန္တလေးပဲဈေးကွက် အခြေအနေမှာ အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်များ ပုံမှန်သွက်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

မန္တလေးကုန်စည်ဒိုင်အား သင်္ကြန်အပြီးကာလ ဧပြီ ၂၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ဧပြီ ၂၃ ရက်မှ ၃၀ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်းနှင့် ယင်းကာလအတွင်း အသင်းမှ ဖွဲ့စည်းထားသည့် Viber Group မှ အရောင်းအဝယ်များ ပြုလုပ်နိုင်ကြောင်း ကြေညာခဲ့ပြီး ယခုအခါ ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အလုပ်အမှုဆောင်အဖွဲ့၏ ယမန်နေ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ကုန်စည်ဒိုင်အား မေ ၁၅ ရက်အထိ ရက်ထပ်မံတိုးမြှင့်၍ ပိတ်ထားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ကြေညာခဲ့သည်။


**မန္တလေးမြို့ရဲ့အားသာချက်**

''မန္တလေးပဲဈေးကွက်ကတော့ ကုန်စည်ဒိုင်ပိတ်ထားပေမယ့်လည်း ကုန်သည်တွေက သူတို့ရဲ့ ပွဲရုံတွေကနေ အွန်လိုင်းကနေပြီး အရောင်းအဝယ်လုပ်နေကြတဲ့အတွက် ဈေးကွက်ကတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေကြပါတယ်။ ကုန်စည်ဒိုင်ပိတ်ခါစကတော့ နယ်ကတောင်သူတွေက သူတို့ရဲ့ထွက်ကုန်တွေကို အရောင်းအဝယ်မဖြစ်တော့ဘူးထင်ပြီး အခိုက်အတန့်တော့ ကုန်တင်ပို့မှုတွေ ရပ်နားသွားခဲ့ပေမယ့် လက်ရှိအချိန်မှာ အွန်လိုင်းနဲ့ အရောင်းအဝယ်ဖြစ်နေတာကို သိသွားကြလို့ အနယ်နယ် အရပ်ရပ်က ပဲသီးနှံတွေ မန္တလေးပွဲရုံတွေကို ပြန်ပြီးဝင်ရောက်နေကြပါပြီ။ ဈေးကွက်မှာလည်း တရုတ်နဲ့ အိန္ဒိယ ဝယ်လက်တွေက အဆင်သင့်ရှိနေကြတဲ့အတွက် ဈေးနှုန်းတွေကလည်း ကျဆင်းမသွားဘဲ ပုံမှန်ဈေးအတိုင်း ရှိနေတဲ့အပြင် ပဲတီစိမ်းနဲ့ မြေပဲလုံးဆံဈေးတွေကတော့ အရင်ကထက် ဈေးပိုတက်လာတယ်။ ဒီလို ကိုဗစ်-၁၉ရောဂါကြောင့် ပဲဈေးကွက်အခြေအနေက တုံ့ဆိုင်းသွားနိုင်ပေမယ့် အခုလို အွန်လိုင်းစနစ်နဲ့ ဆက်လက်ရှင်သန်နေနိုင်တာကတော့ မန္တလေးမြို့ရဲ့ အားသာချက်တစ်ခုပါပဲ '' ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

လက်ရှိအခြေအနေတွင် မန္တလေးမြို့ရှိ အွန်လိုင်းပဲဈေးကွက်တွင် ပဲတီစိမ်း(အညာရွှေဝါ) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀နှုန်း၊ ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၇၈၀၀၀နှုန်း၊ မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၉၅၀၀၀နှုန်း၊ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်၇၄၀၀၀နှုန်း၊ ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၅၅၀၀၀နှုန်း၊ မြေပဲလုံးဆံ(အနီ) တစ်ပိဿာလျှင် ကျပ် ၃၄၀၀နှင့် မြေပဲလုံးဆံ(အဖြူ) တစ်ပိဿာလျှင် ကျပ် ၃၂၀၀နှုန်းများဖြင့် အရောင်းအဝယ်များ သွက်လက်မြန်ဆန်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မိုင်းယုမြို့၌ မိုးအစေ့ထုတ်ပြောင်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း



**မိုင်းယု ဧပြီ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဒေသ မိုင်းယုမြို့၌ တောင်သူများသည် မိုးအစေ့ထုတ်ပြောင်းများကို တန်ခူးလဆန်းပိုင်း(သင်္ကြန်မိုး)ကျသည်နှင့် စတင်စိုက်ပျိုးလေ့ရှိရာ ယခုအခါ မိုးအစေ့ထုတ်ပြောင်းများစိုက်ပျိုးမှုမှာ အောင်မြင်ဖြစ်ထွန်းနေလျက်ရှိသည်။

မိုင်းယုမြို့၌ အစေ့ထုတ်ပြောင်းကို မိုးရာသီနှင့် ဆောင်းရာသီဟူ၍ တစ်နှစ်လျှင် နှစ်ရာသီသာ စိုက်ပျိုးလျက်ရှိကြပြီး မိုးရာသီကို အဓိကအားထားကာ ဧကပိုမိုစိုက်ပျိုးရောင်းချလျက်ရှိကြောင်း၊ ယင်းအစေ့ထုတ်ပြောင်းမျိုးများမှာ cp.888 နှင့် cp.222 မျိုးများဖြစ်ပြီး ယင်းမျိုးများမှာ ဖူးတံရှည်ကာ အဖူးထွက်လုံသည့်အတွက် မိုးကာလတွင်စိုက်ပျိုးပါက မိုးဒဏ်ခံနိုင်ပြီး အထွက်နှုန်းပိုကောင်း၍ တောင်သူများ ကြိုက်နှစ်သက်သည့် သီးနှံဖြစ်သောကြောင့် အဆိုပါမျိုးများကိုသာ အများဆုံးရွေးချယ်စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးရာတွင် ပင်ကြားတန်းကြားအကွာမှာ တစ်ပေမှ နှစ်ပေအကွာကြားစိုက်ပျိုးကြပြီး ကွန်ပေါင်းဓာတ်မြေဩဇာကို တစ်ရာသီလျှင် နှစ်ကြိမ်ကျွေးသည့်အတွက် ပြောင်းအထွက်နှုန်းမှာ ပို၍ကောင်းမွန်ကြောင်း၊ ယခင်နှစ်က မိုင်းယုဒေသ၌ ၂၂၅၇ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ၈၄ ဒသမ ၁၅ တင်းထွက်ရှိခဲ့ရာ တစ်ကီလိုလျှင် ကျပ်ငွေ ၃၀၀ ထိရရှိပြီး ယခုနှစ်တွင်လည်း အဆိုပါ ဧကနှုန်းထားအတိုင်း စိုက်ပျိုးနိုင်ရန်နှင့် ထွက်ရှိစေရန် လျာထားလျက်ရှိကြောင်း မိုင်းယုစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ အစေ့ထုတ်ပြောင်းများကို နယ်စပ်ဒေသဖြစ်၍ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင်လည်း မိသားစုဝင်ငွေပိုမိုရရှိစေရာ နိုင်ငံတော်နှင့် တောင်သူများအတွက် အကျိုးပြုသည့် သီးနှံဖြစ်သောကြောင့် မိုးအစေ့ထုတ်ပြောင်းများကို များစွာ စိုက်ပျိုးနေလျက်ရှိရာ ယခုချိန်တွင် နယ်စပ်ဒေသ မိုင်းယုဒေသတွင် မိုးအစေ့ထုတ်ပြောင်းများ စိုက်ပျိုးမှုမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**

## ဆွမ်ပရာဘွမ်မြို့နယ်၌ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးဆောင်ရွက်

**ဆွမ်ပရာဘွမ် ဧပြီ ၂၉**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်၌ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် လိုင်ဝါးယန်ကျေးရွာ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိနိုင်ရေးအတွက် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေကို ယမန်နေ့ နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် လိုင်ဝါးယန်ကျေးရွာနေ အိမ်ထောင်စု ၂၈ စုမှ လူဦးရေ ၁၇၉ ဦးတို့ ရေအခက်အခဲမရှိ အသုံးပြုနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ၅/၀ မိုင်ရှိပြီး ဂါလန် ၅၀၀၀ ဆံ့ရေစုကန်နှင့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းကို ၄၄ ဒသမ ၃၀ သန်းဖြင့် မြောက်ပိုင်းလင်းယုန်ကုမ္ပဏီမှ တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ဦးနှင့် ဒုတိယဦးစီးမှူး ဦးကျော်ကျော်ဇင်တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကုငွေ(ဆွမ်ပရာဘွမ်)**

## မိုးရာသီစိုက်ပျိုးရန် မြင်းမူမြို့မသစ်တောဥယျာဉ်၌ ပျိုးပင်ပေါင်း ၃၃၁၀၀ ပျိုးထောင်ထားရှိ

**မြင်းမူ ဧပြီ ၂၉**

မိုးရာသီကာလအတွင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံပြည်သူများ (ပျိုးပင်) သစ်ပင်များ အခမဲ့ ရယူစိုက်ပျိုးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ သစ်တောဦးစီးဌာနရှိ ပျိုးဥယျာဉ်အတွင်း သစ်ပင်(ပျိုးပင်)ပေါင်း ၃၃၁၀၀ ကို စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။

လာမည့် ဇွန်လနှင့် ဇူလိုင်မိုးကျရာသီမှာ အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် အပင်များကို ပျိုးပင်အဖြစ် စိုက်ပျိုးပေးထားကြောင်း၊ ယမန်နှစ်ကလည်း ပျိုးပင်ပေါင်း ၃၀၀၀၀ ကျော် ဖြန့်ဝေခဲ့ကြောင်း၊ ဒေသခံပြည်သူများအပြင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက အများဆုံး လာရောက်ထုတ်ယူစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုပျိုးထောင်ထားသည့် ပျိုးပင်များမှာ ကျွန်းပင် ၁၀၀၀၀၊ တမာပင် ၃၀၀၀၊ မဲဇလီပင် ၃၀၀၀၊ ရေတမာပင် ၁၀၀၀နှင့် ယူကလစ်ပင် ၁၃၁၀၀ တို့ဖြစ်ကြောင်း မြို့နယ် သစ်တောဦးစီးမှူး ဦးစိုးတင့်ထံမှ သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



## သောက်ရေအခက်အခဲဖြစ်ပေါ်နေသော ရေနောက်အိုင်ကျေးရွာသို့ ရေဂါလန် ၁၆၀၀ လှူဒါန်း


**ဟိုင်းကြီးကျွန်း ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းကျေးရွာအုပ်စုရှိ သောက်ရေအခက်အခဲဖြစ်ပေါ်နေသော ရေနောက်အိုင်ကျေးရွာသို့ ယမန်နေ့ နံနက်ပိုင်းက မီးသတ်တပ်ဖွဲ့နှင့် အလှူရှင်များက သောက်ရေဂါလန် ၁၆၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေနောက်အိုင်ကျေးရွာသည် ဟိုင်းကြီးကျွန်းမြို့အနီး ပုသိမ်-မော်တင်ကားလမ်းဘေးတွင်တည်ရှိပြီး အိမ်ခြေ ၁၄၄ အိမ်ရှိသော ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။ သောက်ရေကို ကျေးရွာအတွင်း ရေတွင်းတူးဖော်ကာ အသုံးပြုကြပြီး သုံးရေကိုသောက်သုံးရန် အဆင်မပြေသော ကန်ရေကိုသာ အသုံးပြုကြကြောင်း သိရသည်။ နှစ်စဉ် ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာသည်နှင့် ရွာအတွင်းရှိသောက်ရေတွင်းများမှ ရေများခန်းခြောက်ကုန်ပြီး သောက်ရေအခက်အခဲနှင့် ရင်ဆိုင်ကြရကြောင်းသိရသည်။

ကျေးရွာအတွင်းရှိ သောက်ရေတွင်းများက ရေများခန်းခြောက်သွားသည့်နောက်ပိုင်း မိုးမကျမီကာလအတွင်း သောက်ရေကိုဝယ်ယူ၍လည်းကောင်း၊ အလှူရှင်များက လာရောက်လှူဒါန်းပေးခြင်းဖြင့် လည်းကောင်း သုံးစွဲကြရကြောင်း၊ ဧပြီ ၂၈ ရက်တွင် မမျှော်လင့်ဘဲ ဟိုင်းကြီးကျွန်းမြို့ မီးသတ်ဦးစီးဌာနက သောက်ရေဂါလန် ၈၀၀နှင့် အလှူရှင် ကိုအာကာက လှူဒါန်းသည့် သောက်ရေဂါလန် ၈၀၀ ရောက်ရှိလာသည့်အတွက် သောက်ရေအခက်အခဲကို ရက်အတန်ကြာ ဖြေရှင်းထားနိုင်ပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)





## ကလေးသူငယ်ရဟန္တာမြတ်ကြီးများ

စာရေးသူအောင်သိမ်းမြတ် စီစဉ်ရေးသားသည့် ကလေးသူငယ်ရဟန္တာမြတ်ကြီးများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရှင်သီဝလိ၊ ရှင်ရေဝတ၊ တိဿမထေရ်၏ သာမဏေ၊ သုခသာမဏေ၊ သာနုသာမဏေ၊ သုမနသာမဏေ၊ သံကိစ္စသာမဏေ၊ ပဏ္ဍိတသာမဏေ၊ ဝနဝါသီ တိဿသာမဏေ၊ စုန္ဒသာမဏေ၊ စီရသာမဏေ၊ ပုလိနထုပိယသာမဏေ၊ ဒဗ္ဗမလ္လပုတ္တသာမဏေ၊ ရှင်သာမဏေ လေးပါး၊ နိဂြောဓသာမဏေစသည့် သာမဏေများအကြောင်းကို ပြည့်ပြည့်စုံစုံရေးသားထားသည်။

စာအုပ်ကို Renaissance Publishing House၊ အမှတ်-၁၀၅၀၊ ၇-ဈေးလမ်း၊ ၇-အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉-၂၅၀၁၂၂၉၃၈ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။



## နှလုံးသားဆည်းဆာ

စာရေးသူ မြလေးညို(ဆေး-မန်း) စီစဉ်ရေးသားသည့် နှလုံးသားဆည်းဆာစာအုပ် ထွက်ရှိလာသည်။

လောကတွင် အလုပ်ကြိုးစားသူတိုင်း အချိန်နှင့်နာရီကို လေးစားတန်ဖိုးထားကြသည်။ သို့သော် အချိန်နှင့်နာရီသည် ဘယ်အရာက ပိုအရေးကြီးသလဲ ဆိုသည်ကို သေချာစွာ မစဉ်းစားကြပါ၊ နာရီဆိုသည်ကား အချိန်မမှန်လျှင် နောက်ပြန်ရွှေ့၍လည်းရသကဲ့သို့ ရှေ့ကိုတိုးလို့လည်းရနိုင်သည်။ အချိန်ဆိုသည်က ပြန်ချိန်၍မရနိုင်ပေ။ ဤလောကကြီးတွင် ပြင်၍မရနိုင်သောအရာများရှိနိုင်သည်။ အစားထိုး၍ရသော အရာများရှိသကဲ့သို့ အစားထိုး၍မရသောအရာများလည်း အများအပြားရှိကြောင်းရေးသားထားသည်။

စာအုပ်ကို မြလေးညိုစာပေ၊ အမှတ်-၃(စီ)၊ မလိခလမ်းသွယ်၊ ပါရမီလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၂၅၀၃၃နှင့် ၀၉-၉၆၀၂၅၁၈၁၀တို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိသည်။




## ဥယျာဉ်မှူးရဲ့ပန်းရှိုက်သံကဗျာများ

စာရေးသူ ချောချော(ချောင်းသာ) စီစဉ်ပြုစုသည့် ဥယျာဉ်မှူးရဲ့ပန်းရှိုက်သံကဗျာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြိုင်ဟေဝန်၊ မျှော်သူမော၊ ဒုက္ခအိမ်၊ နှုတ်ဆက်ခဲ့ပါ၊ ခဏလေးမို့ပါ၊ ဖေးကူ၊ လတပေါင်း/ရိုးရိုးလေးခင်ပါ၊ လင်းပါတော့မိုး၊ ပန်းရှိုက်သံ၊ မောလှပါသည်/ အလွမ်းသင်္ကရာဇ်၊ အပြစ်မယူ/မြန်မာကဗျာ၊ လွမ်းတယ်အမေ၊ မိုးဝဿန်၊ မရိုးတဲ့ဆုံးမစကား၊ ချစ်မမျှဖွင့်ဟဆိုမည့်စသည့် ကဗျာပုဒ်ရေ ၆၀ကျော်ကိုရေးသားထားသည်။

စာအုပ်ကို သစ္စာရောင်ခြည်စာပေ၊ အမှတ်-၇/၈၊ ကျိုက္ကစံဘုရားအရှေ့မုခ်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၂၁၀၉၂၈၃၉မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။




## အိပ်မက်မြို့ကလူ

စာရေးသူ ဇာနည်ဇေယျ စီစဉ်ရေးသားသည့် အိပ်မက်မြို့ကလူ စာအုပ်ထွက်ရှိလာသည်။

အချိန်ကာလအားဖြင့် စစ်အစိုးရ အခေါ်ပြုကြသည့် နဝတခေတ် ၁၉၈၅ခုနှစ် ဝန်းကျင်ကာလတွင် အူကြောင်ကြောင် စစ်ပုံမကျသည့် စစ်ဆရာဝန်လေးတစ်ယောက်၊ ဗျူဟာအရာရှိလေးတစ်ယောက်၊ တိုင်းရင်းသူလေးနှစ်ယောက်၊ အရာရှိကြီးတစ်ယောက်၏ သမီးလေး၊ အချစ်တွေ သေနတ်တွေ မျက်ရည်တွေ တုန်လှုပ်စရာတွေ အိပ်မက်ဆန်ဆန်အဖြစ်အပျက်များနှင့် အိပ်မက်မြို့က လူတစ်ယောက်အကြောင်းကို ရေးသားထားသည်။

စာအုပ်ကို တင်းပုတ်ကြီးစာပေ ဖုန်း-၀၉-၅၀၀၅၉၄၅မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။



## ကဗျာမြစ်များစီးဆင်းရာ ကဗျာများစုစည်းမှု

ကဗျာဆရာ၊ ဆရာမများစုစည်းတင်ပြထားသည့် ကဗျာမြစ်များစီးဆင်းရာ ကဗျာများစုစည်းမှုစာအုပ် ထွက်ရှိလာသည်။

ကဗျာဆိုသည်ကား လူ့နှလုံးသားမှမြစ်ဖျားခံ၍ စီးဖြာကျလာသော အမှန်တရားနှင့် ချစ်ခြင်းမေတ္တာလှိုင်းများ၏ စီးဆင်းသံ၊ ရိုက်ခတ်သံ၊ ပွဲတင်သံများဖြစ်သည်ဟုလည်းကောင်း၊ စိတ်အတွေးလှိုင်းတို့ ဖြန့်ကြက်လွန့်လူးစီးမျောရာမှဖြစ်ပေါ်လာသော အကြောင်းအရာများကို ဖန်တီးပုံဖော်ထုဆစ်ထားသော အနုပညာဖြစ်သည်ဟုလည်းကောင်း သက်ဝင်ယုံကြည်သည်။ ကဗျာသည် ကဗျာအဖြစ်ခေတ်အဆက်ဆက် ဆက်လက်စီးဆင်းနေဦးမည်ဖြစ်သည်။

စာအုပ်ကို စာပေစမ်းရေ၊ စီစဉ်သူ နေထွန်း၊ ကိုဇော်ကထုတ်ဝေသည်။



## အလှကြိုက် ချစ်သူသို့နှင့် အခြားကဗျာများ

ယုဝတီကလောင်ရှင် ဖြူမြင့်ဝေ(ဒိုင်အို) စီစဉ်ပြုစုသည့် အလှကြိုက် ချစ်သူသို့နှင့် အခြားကဗျာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကောင်းချီးငယ်ပေးပါလို့၊ မှောင်ရိပ်များမှ လွတ်ခဲ့သူ၊ လောင်းရိပ်မိခဲ့ဖူးလေပြီ၊ ရှုံးချက်ကယ် နာလေခြင်း၊ စကားလှသူ အနိုင်ယူ၊ အပန်းဖြေ စမ်းရေနဲ့လောင်း၊ နွေပွင့်ပန်းလေးမိုးလင့်သူ၊ ပြောပါလေဦး၊ ကိုယ်နှင့်မထိုက်သောပန်း၊ ခွင့်လွှတ်တော်မူစမ်းပါငဲ့၊ ချစ်သူမာယာဝင်္ကပါဝယ်၊ မေတ္တာတန်ဖိုး ဖျက်သူရယ်၊ အစဉ်အလာ သဘင်အတာပွဲပေမို့စသည့် ကဗျာများစွာကို ရေးသားထားသည်။

စာအုပ်ကို ဂျာနယ်လစ်စာပေ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၂၆၁၇၇၈၆၀၇နှင့် ၀၉-၇၃၁၄၀၃၅၃တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။




## လေးနက်စုံလင် ရခိုင်ရိုးရာပုံပြင်များ

စာရေးသူများအောင် စုဆောင်းတင်ပြသည့် လေးနက်စုံလင် ရခိုင်ရိုးရာပုံပြင်များစာအုပ် ထွက်ရှိလာသည်။

ရခိုင်ရိုးရာ ပုံပြင်များသည် စိတ်ဖြင့်တွေးခေါ် ကြံဆယုံကြည်ချက်များအပေါ် အခြေခံကာပေါ်ပေါက်လာသော လေးနက်သည့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုများဖြစ်သည်ဟု သတ်မှတ်ထားသည်။ လူနေမှုဘဝများပေါ်တွင် အတူယှဉ်တွဲပါဝင် ပေါင်းစပ်နေသည့် လူနေမှုဘဝများ၊ အခြေပြုချစ်စရာစရိုက်လက္ခဏာများကို တွေ့မြင်ရမည်ဖြစ်သဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို UNITY PUBLISHING HOUSE၊ အမှတ်(၅)၊ ရတနာသိင်္ခလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၃၀၉၇၇ နှင့် ၀၉-၄၄၇၄၀၉၀၆၀ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။



## မော်ဖတောင်တန်းကြီးပေါ်မှာ

စာရေးသူညွန့်ဝေမောင် ပြုစုရေးသားသော မော်ဖတောင်တန်းကြီးပေါ်မှာ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နိုင်ငံ့သားကောင်းတစ်ယောက်၊ တပ်မတော်သားကောင်းတစ်ယောက်၏ အားမာန်အပြည့်ဖြင့် တိုင်းပြည်အတွက် ဆောင်ရွက်ချက်များ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် အမျိုးဘာသာသာသနာထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို စိတ်ဝင်စားဖွယ်ရေးသားထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို Silver Sea Media House ဖုန်း-၀၉-၇၃၀၅၉၄၂၂မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။



# အက်သလက်တီကိုမက်ဒရစ်ကွင်းလယ်လူ သောမက်ပါတေအား အာဆင်နယ်အသင်းက ပေါင် ၄၃ သန်းဖြင့် ခေါ်ယူမည်

အာဆင်နယ်အသင်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်းရဲ့ ဂါနာကွင်းလယ်ကစားသမား သောမက်ပါတေကို လာမယ့်အပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ စာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ ရှိနေပါတယ်။

သောမက်ပါတေနဲ့ အာဆင်နယ်အသင်းတို့ဟာ လက်ရှိမှာ စာချုပ်ကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိပြီး အာဆင်နယ်အသင်းနည်းပြ အာတီတာက အသက် ၂၆ နှစ်အရွယ် ကွင်းလယ်ကစားသမား သောမက်ပါတေကို ပြောင်းရွှေ့ကြေးပေါင် ၄၃ သန်းနဲ့ ခေါ်ယူသွားမယ်လို့ ပြောကြားခဲ့ပါတယ်။

အက်သလက်တီကိုမက်ဒရစ် အသင်းကတော့ သောမက်ပါတေကို စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားပြီး လက်ရှိရရှိနေတဲ့ တစ်ပတ်လုပ်ခလစာ ပေါင် ၆၅၀၀၀ ရဲ့ နှစ်ဆဖြစ်တဲ့ ပေါင် ၁၃၀၀၀၀ အထိပေးဖို့လည်း စီစဉ်ထားတယ်လို့ သိရပါတယ်။ ဒါပေမယ့် သောမက်ပါတေအနေနဲ့ လက်ရှိအသင်းမှာ မပျော်မရွှင်ဖြစ်နေတာဖြစ်ပြီး အခြားကလပ်အသင်းတွေဆီ ပြောင်းရွှေ့ဖို့ စီစဉ်နေတာဖြစ်ပါတယ်။

သောမက်ပါတေဟာ လက်ရှိအက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်မှာ ၂၀၂၃ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းအနေနဲ့ သောမက်ပါတေရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၀၀ သတ်မှတ်ထားတာဖြစ်ပါတယ်။ သောမက်ပါတေဟာ အက်သလက်တီကိုမက်ဒရစ်အသင်းဆီ ၂၀၁၅ ခုနှစ်က ရောက်ရှိလာခဲ့တာဖြစ်ပြီး လက်ရှိအချိန်အထိ ၁၁၈ ပွဲမှာ ၁၁ ဂိုး သွင်းယူပေးထားတာဖြစ်ပါတယ်။

ငွေကြယ်- ရေးသားသည်

# အာဆင်နယ်အသင်းက အူဘာမေယန်ကို ပေါင်သန်း ၃၀ နဲ့ ရောင်းချရန်စီစဉ်

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းဟာ အသင်းအတွက်အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ အူဘာမေယန်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ နဲ့ ရောင်းချသွားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ ဂါဘွန်တိုက်စစ်မှူး အူဘာမေယန်ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ နဲ့ ဒေါ့မွန်အသင်းဆီကနေ ခေါ်ယူခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကလည်း နောက်ဆုံးနှစ်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ အာဆင်နယ်အသင်းရဲ့ အသင်းအတွက် အားထားရတဲ့ ကစားသမားအများစုဟာ ၂၀၂၁ ခုနှစ်မှာ စာချုပ်သက်တမ်း ကုန်ဆုံးမှာဖြစ်ပြီး အဲဒီကစားသမားတွေကတော့ အူဘာမေယန်၊ အိုဇေးလ်၊ ဆိုကရေးတစ်၊ ဒေးဗစ်လုဇ်၊ မူစတာဖီ စတဲ့ ကစားသမားတွေပဲ ဖြစ်ပါတယ်။

၂၀၂၂ နဲ့ ၂၀၂၃ ခုနှစ်တို့မှာ စာချုပ်သက်တမ်းကုန်ဆုံးမယ့် ကစားသမားတွေကတော့ လာကာဇက်တီ၊ ဘယ်လာရင်၊ ကိုလာစီနက်၊ ဇာကာ၊ တော်ရီရာတို့ပဲ ဖြစ်ပါတယ်။ လက်ရှိမှာ အာဆင်နယ်အသင်းအနေနဲ့ တိုက်စစ်ပိုင်း အပြောင်းအလဲအဖြစ် အူဘာမေယန်ကို ရောင်းချဖို့ စီစဉ်နေတာလည်းဖြစ်ပါတယ်။ အူလာမေယန်ကို ပရီမီယာလိဂ်ပြိုင်ဘက်အသင်းဖြစ်တဲ့ မန်ယူအသင်းကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။




## အနုပညာ



# မင်းသား အီဖန်ခန်း ကွယ်လွန်

ဘောလိဝုဒ်ရုပ်ရှင်လောကမှာသာမက ဟောလိဝုဒ်မှာပါ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ အီဖန်ခန်းဟာ လတ်တလောမှာ ကွယ်လွန်ခဲ့ပြီဖြစ်ပါတယ်။ မင်းသားဟာ ကွယ်လွန်ချိန်မှာ အသက် ၅၃ နှစ်ရှိပြီဖြစ်ကာ ကင်ဆာရောဂါကြောင့် ကွယ်လွန်ခဲ့တာဖြစ်ကြောင်း စကိုင်းနယူးစ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Slumdog Millionaire"နဲ့ "Jurassic World" တို့လို အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တွေမှာ အဓိကဇာတ်ဆောင်အဖြစ်ပါဝင်ခဲ့သူ အီဖန်ခန်းဟာ ဧပြီ ၂၉ ရက်က မွန်ဘိုင်းမှာ ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်မှာ မိသားစုဝင်တွေလည်း သူ့အနားမှာ ရှိနေခဲ့တယ်လို့ သိရပါတယ်။

အီဖန်ခန်းဟာ ရှားပါးတဲ့ ကင်ဆာရောဂါတစ်မျိုးကို ခံစားနေရကြောင်း ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဲဒီနောက်ပိုင်း သူဟာ ကင်ဆာရောဂါကို အစွမ်းကုန် တွန်းလှန်ဖို့ကြိုးစားရင်း လန်ဒန်မှာ ရောက်ရှိနေကာ ပြန်လည်သက်သာလာချိန်မှာ ရုပ်ရှင်ရိုက်ခဲ့ပါသေးတယ်။ သူနောက်ဆုံး ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်မှာ "Angrezi Medium" ဖြစ်ပြီး အဆိုပါရုပ်ရှင်ကို ရုံမတင်မီ သေဆုံးခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

လတ်တလော ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် Angrezi Medium ရုံတင်မယ့်ရက်ကို ရွှေ့ဆိုင်းခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အီဖန်ခန်းကွယ်လွန်ခဲ့တဲ့အပေါ် ကမ္ဘာတစ်ဝန်းမှ အနုပညာရှင်တွေက ဝမ်းနည်းကြောင်း စကားတွေကို လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြပါတယ်။ ဒါ့အပြင် သူ့ရဲ့ ပရိသတ်တွေကလည်း ဝမ်းနည်းကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

# ရင်သွေးလေးလွယ်ထားရပြီဖြစ်တဲ့ ဂျီဂျီဟာဒစ်

ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်သူ ဂျီဂျီဟာဒစ်ဟာ လတ်တလောမှာ ပရိသတ်တွေကို အံ့အားသင့်စေခဲ့ပါတယ်။ သူဟာ ဗြိတိန်အမျိုးသားတေးဂီတအဖွဲ့ One Direction ရဲ့ အဖွဲ့ဝင်ဟောင်း ဇေမာလိခ်နဲ့ ရရှိခဲ့တဲ့ ရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

သတင်းရင်းမြစ်များစွာရဲ့ပြောကြားချက်အရ ကြယ်ပွင့်စုံတွဲဟာ ပထမဆုံး ရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်းသိရပြီး ဟောလိဝုဒ်မီဒီယာများစွာကလည်း အဆိုပါသတင်းကို ရေးသားဖော်ပြခဲ့ကြပါတယ်။

ဂျီဂျီဟာဒစ်ဟာ မကြာသေးမီက အသက် ၂၅ နှစ်ပြည့်မွေးနေ့ကို ပြုလုပ်ခဲ့ပြီး မွေးနေ့အမှတ်တရဓာတ်ပုံကို ဂျီဂျီဟာဒစ်က သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ရာမှာ သူနဲ့အတူ ဇေမာလိခ်နဲ့ ညီမဖြစ်သူ ဘယ်လာဟာဒစ်တို့လည်း အတူရှိနေတာ တွေ့ရပါတယ်။

ဇေမာလိခ်နဲ့ ဂျီဂျီဟာဒစ်တို့ ချစ်သူတွေဖြစ်နေကြောင်း ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း သတင်းတွေစတင်ပေါ်ထွက်လာခဲ့ပြီး အဲဒီနှစ် ဒီဇင်ဘာလအတွင်း သူတို့နှစ်ဦး လက်တွဲနေပြီဖြစ်ကြောင်း အင်စတာဂရမ်ပေါ်မှာ နှစ်ဦးအတူ ရိုက်ထားတဲ့ ဓာတ်ပုံကို ဖော်ပြခဲ့ကာ အတည်ပြုခဲ့ပါတယ်။ နောက်ပိုင်းမှာ လမ်းခွဲလိုက်၊ ပြန်လည်လက်တွဲလိုက်နဲ့ ရှေ့ဆက်ခဲ့ကြပြီးနောက် ပထမဆုံးရင်သွေးလေး လွယ်ထားရပြီဖြစ်ကြောင်း သတင်းတွေ ထွက်ပေါ်လာခဲ့တာလည်း ဖြစ်ပါတယ်။




အေးပြည့် – စုစည်းသည်

# ချန်းရဲ့ ရင်သွေးလေးမှာ သမီးလေးဖြစ်ကြောင်း အေဂျင်စီ အတည်ပြု

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်းဟာ လတ်တလောမှာ ပထမဆုံးရင်သွေးလေးကို မျက်နှာမြင်ခွင့်ရပြီ ဖြစ်ပါတယ်။ ချန်းရဲ့ ရင်သွေးလေးမှာ သမီးလေးဖြစ်ကြောင်း အေဂျင်စီက အတည်ပြုပြောကြားခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၂၉ ရက်မှာ ချန်းရဲ့ ဇနီးဖြစ်သူက ပထမဆုံးရင်သွေးလေးကို မွေးဖွားခဲ့တာပါ။ သမီးလေး မွေးဖွားခဲ့ကြောင်းကို အေဂျင်စီမှ သတင်းရင်းမြစ်တစ်ဦးက အတည်ပြုပြောကြားခဲ့ပြီးဖြစ်ပါတယ်။

ချန်းဟာ ဇန်နဝါရီလအတွင်း လက်ထပ်လိုက်ပြီဖြစ်ကြောင်း လူမှုကွန်ရက်စာမျက်နှာပေါ်မှာ စာတစ်စောင်ရေးသားကာ ပရိသတ်တွေကို အသိပေးခဲ့တာပါ။ လက်ထပ်လိုက်ပြီဖြစ်ကြောင်း သတင်းနဲ့အတူ ဇနီးဖြစ်သူ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း တစ်ပါတည်း ထုတ်ဖော်ပြောကြားခဲ့တာကြောင့် ပရိသတ်တွေလည်း အတော်လေး အံ့အားသင့်ခဲ့ပြီး ဝေဖန်မှုတွေလည်း ပြင်းထန်ခဲ့ပါတယ်။

## ဝါးခယ်မမြို့နယ်ရှိ ပညာရေးဝန်ထမ်း ၃၀၀၀ ကျော်အား စားသောက်ကုန်များ ထောက်ပံ့



**ဝါးခယ်မ မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများအား မြို့နယ်ပညာရေးမှူး၏ ဦးဆောင်မှုဖြင့် စားသောက်ကုန်ပစ္စည်းများကို ယနေ့မှစ၍ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ထောက်ပံ့ပေးရေးအတွက် မြတ်ပညာ ငွေစုငွေချေးသမဝါယမအသင်းမှ သိန်း ၁၈၀၊ GEC ပညာရေးဝန်ထမ်းများ သမဝါယမအသင်းမှ ၁၁၅ သိန်း၊ မြတ်ရွှေကျုံရတနာ ငွေစုငွေချေး သမဝါယမအသင်းမှ ငါးသိန်း စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ကို တာဝန်ရှိသူများက ထည့်ဝင်လှူဒါန်းပေးခဲ့ကြောင်း၊ မြို့နယ်အတွင်း အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စုစုပေါင်း ၃၄၅ ကျောင်းရှိကြောင်း၊ နေ့စားလုပ်သားအပါအဝင် ဆရာ ဆရာမ စုစုပေါင်း ၃၀၆၂ ဦးအား တစ်ဦးလျှင် ဆန် (၆) ပြည်နှင့် ဆီ (၁) ပိဿာနှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်မှုနှင့်အညီ လူစုလူဝေး မဖြစ်စေရေးအတွက် ကျောင်းအုပ်စုအလိုက် ခွဲဝေပေးလျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

■

## ကာလဒါနအလှူအဖြစ် ငွေကျပ် ၄၁ သိန်းကျော်တန်ဖိုးရှိ စားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**ကျောင်းကုန်း မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ရှိ စာသင်တိုက် ဘုန်းတော်ကြီးကျောင်းများအား စားသောက်ကုန် ထောက်ပံ့လှူဒါန်းမှုကို မြို့နယ်ပြည်သူ့ဆေးရုံရှိ အရေးပေါ်ဌာန၌ ယနေ့နံနက် ၈နာရီခွဲက ကျင်းပခဲ့သည်။

ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်)အတွင်းရေးမှူး ဦးကြည်လွင်-ဒေါ်သီသီဆန်း (ထွန်းမြတ်သူ ကုမ္ပဏီ) မိသားစုက စာသင်တိုက်လေးတိုက်အား ဆွမ်းဆန်နှစ်အိတ်၊ ဆီနှစ်ပုံး၊ စားတော်ပဲတစ်အိတ်၊ဘုန်းတော်ကြီးကျောင်း ၂၃ ကျောင်းအား ဆွမ်းဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ စားတော်ပဲတစ်အိတ်တို့ လှူဒါန်းခဲ့သည်။

ထို့နောက် ကိုဗစ်-၁၉ ကာလအတွင်း စွမ်းစွမ်းတမံဆောင်ရွက်နေသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ စည်ပင်ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတလူငယ်များ စုစုပေါင်း ၂၇၂ ဦးတို့အား ဆန် (၅) ပြည်၊ ဆီ (၅၀) ကျပ်သား၊ စားတော်ပဲ (၅၀) ကျပ်သားစီ စုစုပေါင်း ငွေကျပ် ၄၁ သိန်းကျော်ဖိုး ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**






## မိုးနဲမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ဝတ်ဆင်မှုသရုပ်ပြလေ့ကျင့်

**မိုးနဲ မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်မှု သရုပ်ပြလေ့ကျင့်မှုကို ယနေ့နံနက် ၉ နာရီက မိုးနဲမြို့နယ် ကမ္ဘောဇခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများနှင့် ကြုံတွေ့လာခဲ့ပါက ကိုင်တွယ်ကုသရာတွင် ရောဂါကူးစက်မှု မရှိစေရေးအတွက် မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇင်မီဟန်နှင့် ကျန်းမာရေးဝန်ထမ်းများက တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ဝတ်ဆင်မှုကို လက်တွေ့သရုပ်ပြခဲ့ကြပြီး စေတနာ့ဝန်ထမ်း သုံးဦးအား လက်တွေ့ဝတ်ဆင်စေခဲ့ကာ ဝတ်ဆင်ရာတွင် သတိထားလိုက်နာရမည့်အချက်များကို မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဆရာမဒေါ်သင်းလှဲ့လှဲ့ထွန်းက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်မှုကို ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အတွင်း စေတနာ့ဝန်ထမ်းများအဖြစ် ဆောင်ရွက်ပေးကြမည့် မွန်မြတ်နှလုံးသားလူငယ် သွေးလှူရှင်အသင်းမှ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ လာရောက် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## သံတောင်ကြီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းဆောင်ရွက်

**သံတောင်ကြီး မေ ၂၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးခြင်း နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို အပတ်စဉ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက် ၇ နာရီက သံတောင်ကြီး မြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက်တွင် ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူများ လက်ကို မကြာခဏ ဆေးကြောသန့်စင်ရန်၊ အပြင်ထွက်တိုင်း နှာခေါင်းစည်းများ တပ်ဆင်ပြီးမှသာလျှင် သွားလာကြရန်၊ လူစုလူဝေးများ မပြုလုပ်ကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များကို အသံချဲ့စက်များဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်း၊ အဝတ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို သံတောင်ကြီးမြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက်ရှိ လူအသွားအလာများသည့် နေရာများတွင် ဖြန့်ဝေပေးခြင်း၊ သွားလာမှုခက်ခဲသည့် နေရာများတွင် အိမ်တိုင်ရာရောက်ဖြန့်ဝေပေးပြီး ဆပ်ပြာခဲများ လှူဒါန်းခဲ့သည်။

အဆိုပါအသိပညာပေးလုပ်ငန်းများကို သံတောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ သံတောင်ကြီးအမျိုးသမီးအဖွဲ့၊ ကိုဗစ်-၁၉ ကြီးကြပ်မှုကော်မတီတို့က ပူးပေါင်းဆောင်ရွက်ပြီး သံတောင်ကြီး အမျိုးသမီးအဖွဲ့များက ကိုယ်တိုင်ချုပ်လုပ်သော အဝတ်နှာခေါင်းစည်း ၈၀၀ ကို ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့သည်။ ယခု အဝတ်နှာခေါင်းစည်းအခမဲ့ ဖြန့်ဝေခြင်းမှာ တတိယအကြိမ်ဖြစ်ပြီး စုစုပေါင်း နှာခေါင်းစည်း ၁၆၀၀ ကို ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။

**နော်လော်မူ(ပြန်/ဆက်)**




## ဟိုပန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး လက်ဆေးဘေစင် ၁၀ ခု တပ်ဆင်

**ဟိုပန် မေ ၂၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေး ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန် မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာနှင့် မြို့ပေါ်ရှိ လူစည်ကားသည့်နေရာ နှစ်နေရာတွင် အများပြည်သူများအသုံးပြုနိုင်ရန် လက်ဆေးဘေစင်နှင့်ဆက်စပ်ပစ္စည်း ၁၀ ခုကို မကြာမီက တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်ဆေးဘေစင်များ တပ်ဆင်ခြင်း၊ အသိပညာပေးဗီနိုင်းပိုစတာများစိုက်ထူခြင်း၊ လက်ဆေးဆပ်ပြာရည်နှင့် ရေပုံး၊ ရေခွက်များထားရှိခြင်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အများသုံးလက်ဆေးဘေစင်နှင့်ဆက်စပ်ပစ္စည်းများကို မြို့နယ်အတွင်း လူစည်ကားရာနေရာများဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ မြို့ဝင်စစ်ဆေးရေးဂိတ်များနှင့် ကျေးရွာ ရှစ်ရွာရှိအများနှင့်သက်ဆိုင်သည့်နေရာများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ညှိနှိုင်း၍ တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း ဟိုပန်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိုက်စိုးထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်လေးယု (ခ) Ruth Samual**

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ဘောက်ထော် ပြည်သာယာရိပ်သာ၊ ပြည်တော်အေးလမ်း၊ အမှတ်(၃)နေ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဘ(ငြိမ်း)၏ချစ်ဇနီး ဒေါ်ခင်လေးယု(ခ) Ruth Samual သည် ၂၈-၄-၂၀၂၀ရက်နေ့ ည ၉:၂၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

မာမီ ကောင်းကင်ဘုံ၌ အေးချမ်းစွာအနားယူနိုင်ပါစေ။

**ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်တင်တင်ဝင်း မိသားစု**
**ပြည်ထောင်စုရှေ့နေချုပ်**

## ဦးမြသောင်း

**စက်ရုံမှူး (ငြိမ်း)၊ စက်မှု (၁)**

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်(၄၅)၊ အခန်း(၈)နေ ဒေါ်ခင်ပု၏ခင်ပွန်း၊ (ဦးဝင်းအောင်သောင်း-ဒေါ်ခင်သန်းဝါ)၊ Dr. ထင်အောင်သောင်း-ဒေါ်ခင်မေဥ (USA)၊ Dr.ငွေးအောင်သောင်း-ဒေါ်ခင်မြင့်ဦး (Australia)၊ (ဦးမင်းအောင်သောင်း)-ဒေါ်သီသီချို(လ/ထ ညွှန်မှူး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီး၊ မိတ္ထီလာ) တို့၏ မွေးသဖခင်၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၂၉-၄-၂၀၂၀ ရက် နံနက် ၀၀:၃၀ နာရီတွင် (၈၆) ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေ သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခိုင်ခိုင်စိုး

**Bernadette Wallnutt**

**အ.ထ.က(၂) ဗဟန်း ကျောင်းသူဟောင်း**

**အသက် (၆၆) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၆၇/၁၆)၊ (၂) ရပ်ကွက်၊ အရှေ့ရန်ကင်းနေ [ဦးဝေါ(လ်)နတ်-ဒေါ်သန်းကြွယ်] တို့၏ သမီး၊ ဦးစိုးပိုင်၊ ဒေါ်ရီရီဝင်း၊ ဦးချစ်ကိုကို-ဒေါ်တင်တင်မြင့်တို့၏ညီမ၊ ဦးအောင်ကိုကို-ဒေါ်မြင့်မြင့်ထွဏ်းတို့၏ အစ်မ၊ တူ/တူမ လေးယောက်တို့၏အဒေါ်သည် ၂၂-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၆:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု

## ဒေါ်သန်းသန်းဝေ

**လ.ဝ.က မှူး (ငြိမ်း)**

**အသက် (၆၄) နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဇ/တောင်)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၃၈၅) (၅/က)နေ (ဦးကျော်ဇင်-ဒေါ်ရင်ပု)တို့၏ သမီးချွေးမ၊ (ဦးချစ်စိန်)-ဒေါ်ရင်ရင်တို့၏ သမီး၊ ဦးကြည်ရှိန်-ဒေါ်အေးမိုးဝင်း၊ ဦးကြည်လွင်-ဒေါ်ကေသီဦး၊ ဦးတင်ဝင်း-ဒေါ်ဆွေဆွေ၊ ဦးညီညီအောင်-ဒေါ်သန်းသန်းဆင့်၊ (ဦးဝင်းရွှေ)-ဒေါ်သန်းသန်းနုစ်တို့၏အစ်မ၊ ကိုပြည့်မင်းဇော်-မစောရည်နန္ဒာ၊ ကိုဆောင်းဝင်းဇော်၊ ကိုထက်-မဆုဝေလှိုင်တို့၏မွေးသမိခင်၊ ဦးမောင်မောင်ဇော်ဝင်း၏ဇနီး၊ မောင်ခွန်းသုအောင်၊ မောင်ဖွဲ့ခန့်သူတို့၏ အဘွားသည် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) ညနေ ၆:၂၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၈-၄-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်နိုင်

**အသက် (၅၆) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရဝဏ်ရိပ်သာ (၁)လမ်း၊ အမှတ် (၁၀)နေ (ဦးသိန်းမြင့်-ဒေါ်စောရီ)တို့၏ သား၊ (Dr. U Sein Win)၏တူ၊ ဒေါ်ခင်ခင်ဝင်း၊ ဦးကျော်လှစိန်-ဒေါ်ခင်ခင်ခိုင် (ဒိုက်ဦး စာရင်းရုံး)၊ ဦးကျော်ကျော်နိုင်တို့၏အစ်ကိုကြီးသည် ၂၉-၄-၂၀၂၀ ရက် နံနက် ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁-၅-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်စန်းစန်းဝင်း

**အသက် (၅၈) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ညောင်တစ်ပင်လမ်း၊ အမှတ်(က/၆၂၉)နေ ဦးကျော်ထွန်း-(ဒေါ်ညို)တို့၏သမီး၊ ဗိုလ်ကြီး စိုးမင်း(ငြိမ်း၊ သူရ/၇၈)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးဟိန်းမင်းစိုး၊ မကြူကြူခိုင်စိုး၊ မောင်အောင်ဖုန်းမြတ်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင်ဟိန်းသန့်ဝေယံ၏ အဘွား၊ (ဒေါ်ခင်မေသန်း)-ဦးထွန်းဦး၊ (ဦးလှရွှေ-ဒေါ်ကြင်မြိုင်)၊ (ဦးလှဖေ)-ဒေါ်စန်း၊ (ဦးတင်ထွန်း-ဒေါ်သေး)၊ (ဦးခင်ထွန်း)-ဒေါ်စောလှိုင်တို့၏တူမ၊ (ဦးမြင့်သန်း)-ဒေါ်သန်းလှတို့၏ညီမ၊ (ဦးသန်းထွန်း-ဒေါ်ဝင်းမြင့်)တို့၏ အစ်မ၊ မတင်မိုးလှိုင်၊ မယဉ်မျိုးလှိုင်၊ မမြမြငြိမ်း၊ မောင်တင်ထွန်းနိုင်၊ မတိုးရတနာဝင်း တို့၏အဒေါ် ရဟန်းဒါယိကာမကြီး ဒေါ်စန်းစန်းဝင်းသည် ၂၈-၄-၂၀၂၀ ရက် ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၊ ခန်းမ(၁) သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ခင်

**အထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

**အသက် (၉၂) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ဝါယာလက်(၂)လမ်း၊ အမှတ်(၂၁-က)နေ ဦးဘသိန်း-ဒေါ်သိန်းတင် တို့၏သား၊ ဦးဆွဲ-ဒေါ်လှရွှေတို့၏သားသမက်၊ ဒေါ်တင်အေး ၏ခင်ပွန်း၊ ဦးဇော်ဝင်း-ဒေါ်မင်းမင်းသက်၊ ဒေါက်တာ မိမိအောင်ခင်-(ဦးထင်အောင်)၊ ဒေါ်သီသီခင်၊ (ဒေါက်တာနီနီခင်-ဦးဇင်မင်း)၊ဦးဇော်လင်း-ဒေါ်မြင့်ရီတို့၏ ချစ်လှစွာသော ဖခင်၊ မြေး ရှစ်ယောက်တို့၏ချစ်လှစွာသောအဘိုး၊ မြစ်သုံးယောက်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၈-၄-၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကြည်မောင်

**အသက် (၉၁) နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင် ရပ်ကွက်၊ ဝေဇယန္တာအိမ်ရာ၊ Twin (B)၊ အခန်း(၀၀၁)နေ ဒေါ်တင်ကြည်၏ ခင်ပွန်း၊ကိုလှကြည်-မနှင်းမိုးခင်၊ ကိုလှနိုင်-မလွင်လွင်မြင့်၊ ကိုအေးကြည်-မချိုချိုသန်း၊ ကိုခင်မောင်ထွန်း-မသင်းသင်းအေး၊ ကိုထွန်းကျော်-မနေဇာခြည်လင်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်တို့၏အဘိုးသည် ၂၈-၄-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဝေ

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန-ငြိမ်း)**

**အသက်(၈၃) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် (၁၆၂/ဘီ-၄)နေ (ဦးဖြူ-ဒေါ်ညှင်မြဦး)တို့၏သား၊ ဦးဇော်မျိုးထွန်း (သဃံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး)-ဒေါ်ရီရီအောင်(တာမွေမြို့နယ်စည်ပင်သာယာရေးကော်မတီရုံး)၊ ဒေါ်ကြည်ကြည်အောင်၊ (အောင်ကျော်ဝေ)တို့၏ဖခင်၊ မအေးမြတ်မိုး၏ အဘိုး၊ ဒေါ်သန်းတင်၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်ဝေ(မြို့တော်စည်ပင်-ငြိမ်း) သည် ၂၅-၄-၂၀၂၀ ရက် ညနေ ၅:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၂၀ (သောကြာနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

## ဒေါ်နုနု

**အသက် (၇၀)**

ရန်ကုန်မြို့၊ တိုက်(၁၁)၊ အခန်း(၁၄)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်နေ (ဦးအုန်းညွန့်-ဒေါ်စိမ်းမြ)တို့၏သမီး၊ (ဦးထွန်းလွင်)၏ ဇနီး၊ ဦးကျော်ထိုက်-(ဒေါ်မြင့်မြင့်)တို့၏ ညီမ၊ ဦးဝင်းမြင့်-ဒေါ်အေးလှ၊ ဦးဝင်းတင့်(ချောကိုစာပေ)တို့၏အစ်မ၊ ကိုသိန်းထိုက် (မြို့/ရာ)-မအေးအေးစမ်း(ဆေး-၁)၊ ကိုအောင်ဖြိုးလွင်၊ မထွေးထွေးနု (The Solution Co.,Ltd)တို့၏မိခင်၊ မခင်ချောချောကို၊ မောင်ကောင်းခန့်ကိုတို့၏အဘွားသည် ၂၈-၄-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ထွေး

**ဟဲဟိုးလေဆိပ်စားသောက်ဆိုင်**

**အသက် (၆၄) နှစ်**

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့ အလယ်ပိုင်း (၃) ရပ်ကွက်နေ (ဦးသန်းမောင်-ဒေါ်ညွန့်)တို့၏ သမီး၊ ဒေါ်ခင်စန်း၊ ဒေါ်ရင်စန်း၊ ဒေါ်တင်တင်လှိုင်၊ ဦးသန်းညွန့်တို့၏ညီမ၊ ဦးတင်ထွန်း၊ ဦးသိန်းထွန်းကျော်၊ ဦးသိန်းငွေ၊ ဦးဆန်းထွေး၊ မခင်မမတို့၏အစ်မ၊ တူ/တူမ ၂၃ ယောက်တို့၏အဒေါ် ဒေါ်ခင်ထွေးသည် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ဟဲဟိုးမြို့သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၂၀ ရက်တွင် ဟဲဟိုးမြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)**
**သက်ကြီးကန်တော့ခံ (၁၉၅၇)**

**ဦးစံသိန်း (၉၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၉၀)၊ မကြီးကြီးလမ်းနေ (ဒေါ်ယဉ်နု)၏ခင်ပွန်း၊ ဒေးဒရဲမြို့နယ်အသင်းဝင်များဖြစ်သော ဒေါ်နွဲ့နွဲ့ (အထက-၂၊ စမ်းချောင်း၊ ငြိမ်း)၊ ဒေါ်စိန်စိန်မြင့် အပါအဝင် မောင်နှမ ရှစ်ယောက်တို့၏ မွေးသဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၄-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဒေးဒရဲ အသင်းသူ/အသင်းသားများအား အသိပေးအပ်ပါသည်။ ဒေးဒရဲမြို့နယ်အသင်း

အမှုဆောင်အဖွဲ့

---

**ပုလောမြို့နယ်အသင်း (ရန်ကုန်)**

**Captain ဦးလှဦး(75/Eco)**

**MT SINGA BERLIAN**

**အသင်းဝင်အမှတ် (၁၁၅၃)**

**အသက် (၆၇) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်း၊ ဓမ္မဒါနလမ်း၊ (E-3)နေ ဒေါ်ယုဇန၏ခင်ပွန်းသည် ၂၅-၄-၂၀၂၀ (စနေနေ့) နံနက် ၈နာရီတွင် မလေးရှားနိုင်ငံ၌ MT SINGA BERLIAN သင်္ဘောပေါ်၌ ကွယ်လွန်သွားပါကြောင်း။

အမှုဆောင်အဖွဲ့

**ကြီးမြန်**
**သစ်ပင်**
**စိုက်ပျိုး**
**လျှင်**
**စွမ်းအင်**
**လည်း**
**ရ**
**ပြည်**
**လည်း**
**လှ**

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

## ဦးဟန်ထွန်း

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး (ငြိမ်း)**

**အသက် (၈၆) နှစ်**

ပခုက္ကူမြို့နေ (ဦးစိုး-ဒေါ်လေးချယ်)တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်လှ)တို့၏ သားသမက်၊ (ဦးဆင်ပေါက်-ဒေါ်ချစ်စိန်)တို့၏ မောင်၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးသိန်းမြင့်ထွန်း(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်သင်းမြင့်သူ၊ [ဦးကျော်ဇောထွန်း (WFP)]-ဒေါက်တာကေသီအေး(ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဦးရန်နိုင်ထွန်း-ဒေါ်ဝေဝေနု (ဖြူစင်စတိုး၊ ပခုက္ကူမြို့)၊ ဗိုလ်ကြီးရဲမြတ်ထွေးအောင်၊ ဒေါ်နုရည်ထွန်း (မြဝတီဘဏ်၊ ရန်ကုန်မြို့)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်အောင်ဇော်ထွန်း၊ မရင်ဖြူဖြူလှိုင်၊ မဖြူစင်ကို၊ မောင်နေမင်းလွင်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၈-၄-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် (၃) မိုင်ကုန်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဖြူဖြူဝင်း(သရက်)

**အသက်(၇၁)နှစ်**

သရက်မြို့နေ (ဦးပု-ဒေါ်ကြည်ညွန့်)တို့၏သမီး၊ (ဦးတင်ဝင်း-ဆောက်လုပ်ရေး)၏ ဇနီး၊ ရန်ကုန်မြို့နေ (ဦးဝင်းမောင်)-ဒေါ်ခင်ဆွေချစ်၊ (ဦးတင်ဝင်း)-ဒေါ်ဝင်းဝင်းမြိုင်၏ညီမ၊ သရက်မြို့နေ (ဦးကြည်ဝင်း)-ဒေါ်တင်တင်ထွေး၊ ဦးနီဝင်း-ဒေါ်တင်တင်ဝင်း၊ ဒေါက်တာညိုဝင်း(တိ/ကု)-ဒေါ်ယဉ်ယဉ်ထွန်း၊ မကွေးမြို့နေ ဦးမိုးဝင်း (ဆောက်လုပ်ရေး)-ဒေါ်စန္ဒာတို့၏အစ်မ၊ သရက်မြို့နေ ဦးသန်းနိုင်ဝင်း-ဒေါ်မို့မို့ထွေး၊ ရန်ကုန်မြို့နေ ဦးနေလင်းထွန်း-ဒေါ်ဝင်းယုမော်တို့၏ မိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်ဖြူဖြူဝင်းသည် ၂၈-၄-၂၀၂၀ (အင်္ဂါနေ့) ညနေ ၅:၄၀ နာရီတွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၂၀ (တနင်္လာနေ့)တွင် တောင်ဥက္ကလာပမြို့နယ်၊ ၇ ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ် (၂၀/ခ) (၄လွှာ) သို့ နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာ တင်တင်လတ်

**B.Vs 1981. Batch**

**အသက် (၆၄) နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးအောင်သန်း-ဒေါ်သန်းမြင့်)တို့၏ သမီး၊ [Dr. အောင်ခိုင်(ခ)Dr. အင်ဘီး]၏ဇနီး၊ ဦးလှမြင့်-Dr. အေးအေးကြည်တို့၏ညီမ၊ ဦးဝင်းဆွေ-ဒေါ်သန်းသန်းအေး၊ ဦးအောင်အောင်-ဒေါ်နှင်းနွယ်အေးတို့၏အစ်မ၊ ဦးစိုးသီဟနိုင်-ဒေါ်ခင်သန္တာပိုင်တို့၏ မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏အဘွား ဒေါက်တာ တင်တင်လတ် (ခ) မော်လီသည် ၂၈-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသိမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်တာ

**ကျောင်းဆရာ(ငြိမ်း)**

**အသက် (၆၀)**

**ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC) (ပြည်လမ်း)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ သီရိမြိုင် (၃)လမ်း၊ တိုက်အမှတ် (၁၃/စ-5)နေ (ဦးသန်းဦး-ဒေါ်သောင်း)တို့၏သားကြီး၊ (ဦးလှစိန်-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ ကိုဖြိုးကျော်သက် (သိဒ္ဓိအောင်-Express) - ဒေါက်တာမြတ်သူဇာမောင်(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာ ဉာဏ်လင်းမောင်မောင် (သွားဆေးတက္ကသိုလ်)တို့၏ ဖခင်ကြီး၊ ဒေါ်အေးအေးသွင် (အထက-၅၊ ကမာရွတ်)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉- ၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့၌ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၅-၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ သီရိမြိုင် (၃)လမ်း၊ တိုက်အမှတ် (၁၃/စ-5) နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း

## အမီနာဘီဘီ (ခ) ဒေါ်မေမေသန်း

**အသက် (၆၃) နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်(၁၆၀)၊ ဒုတိယထပ်(ယ)နေ (ဦးမောင်သန်း)-ဒေါ်တင်မြင့်တို့၏ သမီး၊ ဒေါ်ဝင်းဝင်းသန်း၊ ဦးအောင်မင်း-ဒေါ်မြမြသန်း၊ (ဦးမောင်မောင်သန်း)-ဒေါ်လှလှသန်း၊ ဒေါ်သန်းသန်းတို့၏ညီမ၊ (ဦးဖေသန်း)၊ (ဒေါ်ဆွေဆွေသန်း)၊ ဒေါ်ယဉ်ယဉ်သန်း၊ ဒေါ်ဥမ္မာသန်း၊ (ဒေါ်အေးအေးသန်း)၊ ဦးကျော်ကျော်သန်း-ဒေါ်ပွင့်ဖြူမြင့်တို့၏ အစ်မ၊ ဦးဇာနည်မောင်မောင်-ဒေါ်မေသဇင်ဝင်း၊ ဦးဝင်းခိုင်-ဒေါ်မေစံပယ်ဝင်းတို့၏ ချစ်လှစွာသောမိခင်၊ ကိုမျိုးဇေယျာမင်း-မချောစုမာ၊ မလှကေသီမောင်၊ မလှချယ်ရီမောင်တို့၏အဒေါ်၊ မေဇာနည်မောင်၊ ခန့်ဇာနည်မောင်၊ မေသော်ကြည်ဖြူတို့၏ချစ်လှစွာသောအဘွား၊ ဦးချစ်ရင်၏ဇနီး ဒေါ်မေမေသန်းသည် ၂၉-၄-၂၀၂၀ ရက် နံနက် ၇:၃၅ နာရီတွင် အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၅ နာရီတွင် မန္တလေးမြို့၊ ကြာနီကန်ကာဗရ်စတန်၌ ဒွါဖွာနာပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ယာယီရပ်နားခဲ့ရသော လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအတွက် လုပ်ခလစာ၏ ၄၀ % ကို ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ် ထုတ်ယူခံစားခွင့်ပြုပေးသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၀)**

**နေပြည်တော် ၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်**
**( ၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၂၈ ရက် )**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် Corona Virus Disease (COVID–19) ကာကွယ်၊ ထိန်းချုပ်ရန်အတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးမှသာ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ စက်ရုံ၊အလုပ်ရုံ၊ အလုပ်ဌာနများကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ချက်များနှင့်ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း ၁၉–၄–၂၀၂၀ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

၂။ အထက်ပါကြေညာချက်အရ အချို့စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသည် ၂၀–၄–၂၀၂၀ ရက်နေ့တွင် ဖွင့်လှစ်ရန် စီစဉ်ထားပြီးဖြစ်သော်လည်း စစ်ဆေးခံရန် ယာယီပိတ်သိမ်းခဲ့ရပြီး အဆိုပါစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအနေဖြင့် ၂၀–၄–၂၀၂၀ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်သည့်နေ့အထိ အလုပ်လုပ်ကိုင်ရခြင်းမရှိဘဲ ယာယီရပ်နားခဲ့ရပါသည်။

၃။ ထိုသို့ ယာယီရပ်နားခဲ့ရသော လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအတွက် ရပ်နားထားရသည့် ရက်များအလိုက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေပုဒ်မ ၁၃ (ခ) (၂)နှင့် ဥပဒေပုဒ်မ ၁၀၀ တို့အရ (၁/၂၀၂၀) လအတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့် လုပ်ခလစာ ၏ ၄၀ % ကို ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ် ထုတ်ယူခံစားခွင့် ပြုပေးသွားမည်ဖြစ်ပါသည်။

၄။ အပိုဒ် ၃ ပါ ဖော်ပြချက်များနှင့် ကိုက်ညီမှုရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၏ အလုပ်ရှင်များသည် လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးရန်ပုံငွေမှ ထောက်ပံ့မည့် ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်များကို ရရှိနိုင်ရန် သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးများသို့ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ လျှောက်ထားရမည်ဖြစ်သည်။

၅။ အထက်ပါပြဋ္ဌာန်းချက်များသည် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစတင်၍ အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး



## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပြင်ဦးလွင်မြို့အတွင်းရှိ မန္တလေး - လားရှိုးလမ်းတစ်လျှောက် ပိုးသတ်ဆေးဖျန်း

ပြင်ဦးလွင် ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ယနေ့နံနက် ၆ နာရီက ဝက်ဝံရဲစခန်းမှ ခြေမြစ်ပင်ကျေးရွာအထိ ပြင်ဦးလွင်-လားရှိုးလမ်းတစ်လျှောက်တို့၌ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ပြင်ဦးလွင်မြို့မှ လားရှိုးမြို့အထွက်ရှိ ဝက်ဝံရဲစခန်းမှ ခြေမြစ်ပင်ကျေးရွာအထိ လမ်းတစ်လျှောက် ဝဲ၊ ယာတို့၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူး၊ ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများနှင့်ပူးပေါင်း၍ ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးမိုးဆွေဦး ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်တို့ဖြင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးထိုက် (ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းကာ နှာခေါင်းစည်းများ ချုပ်လုပ်လှူဒါန်း

ရန်ကုန် ဧပြီ ၂၉

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆောင်ရွက်မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းကာ ပြန်လည်အသုံးပြုနိုင်သည့် အရည်အသွေးမီ နှာခေါင်းစည်းများကို ချုပ်လုပ်လှူဒါန်းလျက်ရှိကြောင်း လှိုင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းထံမှ သိရသည်။

ထိုသို့ လှူဒါန်းမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင်ပြည်သူတို့၏ အလှူငွေများဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အရည်အသွေးပြည့်မီရေးအတွက် ချုပ်လုပ်မှုအပိုင်းကို လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ AW Garment မှ အခမဲ့ချုပ်လုပ်ပေးကြောင်း သိရသည်။

လှူဒါန်းမှုအနေဖြင့် လက်ရှိကာလတွင် လှိုင်မြို့နယ်အတွင်း လူအများနှင့် ထိတွေ့မှုရှိနိုင်သည့် အနေးယာဉ်လုပ်သားများ၊ ဈေးသည်များနှင့် YBS ကားမှတ်တိုင်များရှိ ခရီးသည်များကို အဓိကထား လှူဒါန်းလျက်ရှိပြီး ဆက်သွယ်လာမှုအရ အမှန်တကယ် လိုအပ်နေသည့် ပြည်သူများကိုလည်း လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

အလားတူ အဆိုပါမြို့နယ်အတွင်း၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင် ပြည်သူများပူးပေါင်းကာ ရပ်ကွက်များအတွင်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အခြေခံလူတန်းစားများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ခြင်း အစီအစဉ်များကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ–ဇော်ကြီး**






## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အမျိုးသားလွှတ်တော်၏ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## ကြေးမုံ ယနေ့ ဖတ်စရာ


ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းနဲ့ အဂတိတရားကင်းစင်မှု၊ ကိုယ်ကျိုးမဖက်မှု — စာမျက်နှာ » ၁၀

ဗြိတိန်လေကြောင်းက အလုပ်အကိုင်နေရာ ၁၂၀၀၀ လျှော့ချရန်စီစဉ် — စာမျက်နှာ » ၁၁

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း — စာမျက်နှာ » ၁၅

ဘားအံမြို့နယ်အတွင်း ကျေးရွာများ ဖွံ့ဖြိုးစေမည့် ထုံးအိုင်-မိန်းမလှကျွန်း-ဖအွံ့-ဖဲကတာလမ်းပေါ်ရှိ တံတားတည်ဆောက်ပြီးစီး — စာမျက်နှာ » ၂၁

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၃၀၊ ၂၀၂၀ (ကြာသပတေးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# အမျိုးသားလွှတ်တော်၏ စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ချက်များ

**ရှင်မင်း၊ ဓာတ်ပုံ - အေးသန်း**




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

**"ပြည်သူ့အသံ – လွှတ်တော်အသံ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များက ပြည်သူတို့၏ လိုအပ်ချက်များအတွက် ဆွေးနွေးမေးမြန်းခြင်းနဲ့ ဥပဒေပြဋ္ဌာန်းပေးရာ အမျိုးသားလွှတ်တော်သည် လွှတ်တော်ဒုတိယ သက်တမ်း (၅) နှစ်တာအတွင်း ၄ နှစ်တာကာလကို အောင်မြင်စွာဖြတ်သန်းခဲ့ပြီး ဖြစ်သည်။**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်တွင် စတင်ကာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၂၅ ရက်နေ့အထိ ကျင်းပခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ ဖြတ်သန်းခဲ့သည့် ၄ နှစ်တာကာလအတွင်း ပြည်သူ့ဆန္ဒနှင့် ပြည်သူတို့၏ မျှော်လင့်ချက်များကို အဆိုများ၊ မေးခွန်းများအဖြစ် မေးမြန်းဆွေးနွေးခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို အပြန်အလှန် ထိန်းကျောင်းခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်း၊ ခေတ်နှင့်မလျော်ညီသည့် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ရေးဆွဲခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို အမျိုးသားလွှတ်တော်အနေဖြင့် ဆောင်ရွက်ခဲ့သည်။

အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက "၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့က စတင်ခဲ့တဲ့ ဒုတိယအကြိမ် လွှတ်တော်များရဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ရှေးရှုချီတက်ရာ ခရီးလမ်း၌ ဥပဒေပြုရေးကဏ္ဍရဲ့ လုပ်ငန်းတွေကို ပြုပြင်ပြောင်းလဲဆောင်ရွက်တဲ့အခါ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားရှိပြီးဖြစ်တဲ့ အမြဲတမ်းကော်မတီတွေ၊ ရေးရာကော်မတီတွေနဲ့ မဲဆန္ဒနယ်မြေအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဥပဒေပြုရေးကဏ္ဍကနေ ပြည်သူလူထုအကျိုးအတွက် ဥပဒေတွေကို ခေတ်စနစ်နဲ့အညီ ပြင်ဆင်၊ ဖြည့်စွက်၊ ရုပ်သိမ်းပြဋ္ဌာန်းပေးခြင်းတွေအပြင် ဒေသခံပြည်သူတွေရဲ့ အသံတွေကို အစဉ်နားစွင့်ကာ တတ်စွမ်းနိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ပြောသည်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၄၃၉ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၇၈၁ ခု စုစုပေါင်းမေးခွန်း ၁၂၂၀ မေးမြန်းခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက အဆို ၁၂ ခုတင်သွင်းခဲ့ရာ အဆို ၁၀ ခုကို အတည်ပြုနိုင်ခဲ့ပြီး အဆိုတစ်ခုကို မှတ်တမ်းတင်နိုင်ခဲ့၍ အဆိုတစ်ခုမှာ အတည်မပြုသေးကြောင်း သိရသည်။

လွှတ်တော်သက်တမ်း ၄ နှစ်တာကာလအတွင်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက "နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမား ဖော်ဆောင်ပေးနိုင်ရေးအတွက် ဒုတိယအကြိမ် လွှတ်တော်သက်တမ်း ၄ နှစ်တာကာလအတွင်း အဆို ၃၁ ခု တင်သွင်းခဲ့ရာ အဆို ၂၁ ခု အတည်ပြုနိုင်ခဲ့ပြီး အဆိုငါးခု မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း ၁၆၂၁ ခုနဲ့ ကြယ်ပွင့်မပြမေးခွန်း ၂၁၄၅ ခုတို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်တွေက လွှတ်တော်ကို နှုတ်ဖြင့် ဖြေကြားခြင်း၊ စာနဲ့ပေးပို့ဖြေကြားခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ပြောသည်။

အမျိုးသားလွှတ်တော် အစည်းအဝေးများအတွင်း နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို

အထူးကဏ္ဍ [ ခ ] သို့ »»

**စတုတ္ထ (၁) နှစ်တာကာလအတွင်း အမျိုးသားလွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၄၃၉ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၇၈၁ ခု စုစုပေါင်းမေးခွန်း ၁၂၂၀ မေးမြန်းခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက အဆို ၁၂ ခုတင်သွင်းခဲ့ရာ အဆို ၁၀ ခုကို အတည်ပြုနိုင်ခဲ့ပြီး အဆိုတစ်ခုကို မှတ်တမ်းတင်နိုင်ခဲ့၍ အဆိုတစ်ခုမှာ အတည်မပြုသေးကြောင်း သိရ**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဥရောပသမဂ္ဂရွေးကောက်ပွဲ နောက်ဆက်တွဲလေ့လာရေးအဖွဲ့ (EFM) မှ Mr. Alexander Graf Lambsdorff အဖွဲ့ဝင်များနှင့်အတူ (၃–၄–၂၀၁၉) ရက်နေ့က မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း (၂၇-၉-၂၀၁၉) ရက်နေ့က ကာဇက်စတန်သမ္မတနိုင်ငံ Nur-sultan မြို့၌ ကျင်းပသည့် 4th Meeting of Speakers of Eurasian Countries' Parliaments ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်း တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အဆို တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း တို့ကို ဆောင်ရွက်ခဲ့သည်။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိအောင် ဆောင်ရွက်ရန်၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို ဖော်ဆောင်ရန်၊ အမျိုးသားလွှတ်တော် အစည်းအဝေးများကို အောင်မြင်စွာဆောင်ရွက်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ရုံးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားရေးအတွက် ဆောင်ရွက်ရန်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း အချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် တို့သည့် အမျိုးသားလွှတ်တော်၏ ရည်မှန်းချက်များ ဖြစ်သည်။

"စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ နိုင်ငံတော်အတွင်း အလွန်အရေးကြီးတဲ့ (၂၁) ရာစုပင်လုံညီလာခံကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုင်းတွင် မိမိတို့ကိုယ်စားလှယ်တွေက ကျရာအခန်းကဏ္ဍမှ ပြည်သူကို ဗဟိုပြုကာ အကောင်းမွန်ဆုံး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်" ဟု အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဆိုသည်။

ထို့ပြင် ဗဟိုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဘတ်ဂျက်စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များမှ ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများကို သက်ဆိုင်ရာကော်မတီများအလိုက် ပူးပေါင်းဆောင်ရွက်ခြင်းများအပြင် ခေတ်စနစ်နှင့် ညီညွတ်သည့် ဒီမိုကရေစီ စံနှုန်းပြည့်ဝသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပြင်ဆင်ရေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

အမျိုးသားလွှတ်တော်အနေဖြင့် နိုင်ငံတကာနယ်ပယ်မှ လွှတ်တော်/ပါလီမန်များနှင့် အပြန်အလှန် ချိတ်ဆက်၍ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုနှင့် ကျောင်းသားလူငယ်များ၊ ပြည်တွင်းအဖွဲ့အစည်းများအတွင်း လွှတ်တော်၏ဆောင်ရွက်ချက်များကို ပိုမိုသိရှိစေရန်နှင့် ပူးပေါင်းဆောင်ရွက်လာနိုင်စေရန် အသိပညာဖလှယ်ခြင်းများနှင့် ပြည်တွင်း၊ ပြည်ပမှ လွှတ်တော်အတွင်း ပိုမိုလာရောက်လေ့လာနိုင်ရန်တို့ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး မြှင့်တင်ရေးအတွက် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခြင်းဖြင့် ပိုမိုအားကောင်းသည့် လွှတ်တော်တစ်ရပ် ဖြစ်လာရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ၎င်းထံသို့ တိုက်ရိုက်ပေးပို့လာသော ပြည်သူများ၏ ကြုံတွေ့နေရသော အခက်အခဲများနှင့် ဆုံးရှုံးနစ်နာနေမှုများကို ဖြေရှင်းပေးနိုင်ရန်နှင့် ကူညီဆောင်ရွက်ပေးနိုင်ရန် ကိစ္စရပ်တို့နှင့် စပ်လျဉ်းသည့် တင်ပြစာများ၊ တိုင်ကြားစာများနှင့် အသနားခံစာများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ စဉ်ဆက်မပြတ် အလေးအနက်ထား ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် နိုင်ငံရပ်ခြားမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ နိုင်ငံ့အကြီးအကဲများ၊ ပြည်ပအဖွဲ့အစည်းများနှင့် အကြိမ်(၂၀)တွေ့ဆုံဆွေးနွေးခဲ့ပြီး တွေ့ဆုံမှုများတွင် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုခိုင်မာရေး၊ လွှတ်တော် ပိုမိုအားကောင်းရေး၊ လွှတ်တော်ကိုယ်စားလှယ်များ အရည်အသွေးမြင့်မားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ ထို့ပြင် ပြည်တွင်းမှ အသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် အခါအားလျော်စွာ တွေ့ဆုံခဲ့သည်။

လွှတ်တော်အစည်းအဝေးများ ရပ်နားထားသည့် အချိန်ကာလများတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သွားရောက်၍ လွှတ်တော်ဆိုင်ရာလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံမှုကို (၁)နှစ်တာ ကာလအတွင်း (၁၄) ကြိမ် ကွင်းဆင်းလှည့်လည် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမျိုးသားလွှတ်တော်တွင် ဥပဒေပြုလုပ်ငန်းများနှင့် မဏ္ဍိုင်ကြီး သုံးရပ်အကြား အပြန်အလှန် ထိန်းကျောင်းသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမြဲတမ်းကော်မတီလေးခုနှင့် ရေးရာကော်မတီ ၁၃ ခုတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အဆိုပါကော်မတီများက ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုလားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဥပဒေကြမ်းကော်မတီ**

အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း ၂၀ အနက် ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသော ဥပဒေကြမ်းတစ်ခု၊ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲ ဥပဒေကြမ်း ၁၁ ခုနှင့် ပြဋ္ဌာန်းပြီး ဥပဒေ ရှစ်ခုတို့ကို စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဥပဒေကြမ်းကော်မတီက ဆောင်ရွက်ခဲ့သည်။

ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော ဥပဒေကြမ်း ၁၀ ခုအနက် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့သော ဥပဒေကြမ်းငါးခုနှင့် ပြဋ္ဌာန်းပြီးဥပဒေ ငါးခုရှိကြောင်း အဆိုပါကော်မတီမှ သိရသည်။

ထို့အတူ အမျိုးသားလွှတ်တော်က စတင်ဆောင်ရွက်သော ဥပဒေကြမ်း ၁၈ ခု၊ ပြည်သူ့လွှတ်တော်က စတင်ဆောင်ရွက်သော ဥပဒေကြမ်း ၁၁ ခု၊ ပြည်ထောင်စုလွှတ်တော်က တာဝန်ယူဆောင်ရွက်ခဲ့သော ဥပဒေ ခြောက်ခု စုစုပေါင်းဥပဒေ ၃၅ ခု ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကော်မတီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်အထိ အစည်းအဝေး (၈၇) ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည်။

**ပြည်သူ့ငွေစာရင်းကော်မတီ**

ကော်မတီသည် တစ်နှစ်တာကာလအတွင်း ကော်မတီအနေဖြင့် အစည်းအဝေး (၁၅) ကြိမ်၊ ကြားနာခြင်း (၁)ကြိမ်နှင့် အစီရင်ခံစာတင်သွင်းခြင်း(၁)ကြိမ် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များနှင့် နိုင်ငံခြားတက္ကသိုလ်၊ ကောလိပ်ကျောင်းများ၏ ချိတ်ဆက်ဆောင်ရွက်ရာတွင် သုံးစွဲခဲ့သော အသုံးစရိတ်များအတွက် ငွေစာရင်းခေါင်းစဉ်အလိုက် အသေးစိတ်ဖော်ပြသည့်အချက်အလက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်၍ ကော်မတီအသီးသီးတို့မှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့နှင့် တွေ့ဆုံခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**လွှတ်တော်အခွင့်အရေးကော်မတီ**

ကော်မတီသည် လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များကို စိစစ်အတည်ပြုခြင်း၊

အထူးကဏ္ဍ [ ဂ ] သို့ »»»



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး Mr.Thomas Karl Neisinger တို့ အဖွဲ့ဝင်များနှင့်အတူ (၁၈-၁၁-၂၀၁၉) ရက်နေ့က မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ရှိသူများ (၁၁.၁၀.၂၀၁၉) ရက်နေ့က ကျင်းပသည့် မြဝတီမြို့ သုခလမ်းဖွင့်ပွဲအခမ်းအနားတွင် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစေင့်ထိန်းရန် ကြပ်မတ်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့်ပတ်သက်သည့် အခွင့်အရေးများနှင့် ရပိုင်ခွင့်များစသည့် တာဝန်များကို စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ပေးခဲ့သည်။

ကော်မတီအနေဖြင့် တာဝန်ယူရမည့်၊ လိုက်နာရမည့် လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများအပြင် လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိက တာဝန်(၃)ရပ်ဖြစ်သည့် ဥပဒေပြုတာဝန်၊ အစိုးရကို ထိန်းကျောင်းရမည့်တာဝန်နှင့် ပြည်သူကို ကိုယ်စားပြုသည့် တာဝန်များကို ပြည်သူများ သိရှိအောင် ဆောင်ရွက်လျက်ရှိသည်။

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း ညှိနှိုင်းအစည်းအဝေး (၆) ကြိမ်နှင့် ပြင်ပအဖွဲ့အစည်းများကို (၂) ကြိမ် တွေ့ဆုံခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး၏ တိုင်စာများကို စိစစ်ဆောင်ရွက်ခဲ့ကာ လွှတ်တော်သို့ အစီရင်ခံစာ (၂)ကြိမ် တင်သွင်းခဲ့သည်။

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ**

ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက လွှတ်တော်အစည်းအဝေးများတွင် ဖြေကြားခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို သတ်မှတ်ကာလအတွင်း ကတိကဝတ်ပေးခဲ့သည့်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ၊ မရှိ စိစစ်ရသည့် ကော်မတီတစ်ခု ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်ပေးရန် ကတိပေးခဲ့သည့် မေးခွန်း ၆၅၄ ခုနှင့် အတည်ပြုအဆို ၁၀ ခုတို့ကို ကော်မတီက ဆောင်ရွက်ခဲ့သည်။

ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်း/အဆိုများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန/အဖွဲ့အစည်းများကို ဖိတ်ကြားပြီး အတည်ပြုခြင်း၊ လုပ်ငန်းတိုးတက်မှုများကို လစဉ်အကြောင်းပြန်ကြားခြင်းနှင့် လုပ်ငန်းပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကော်မတီအနေဖြင့် အစိုးရ၏ ဆောင်ရွက်မှုများကို အပြန်အလှန် ထိန်းကျောင်း၍ အစိုးရနှင့် လွှတ်တော်အကြား ဟန်ချက်ညီညီဖြင့် ပြည်သူ့အကျိုးစီးပွားကို ရှေးရှုကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း အစည်းအဝေး (၂၈) ကြိမ်၊ ဝန်ကြီးဌာန/ ပြည်နယ်/ တိုင်းဒေသကြီးတို့နှင့် အစည်းအဝေး (၂၂) ကြိမ်၊ ပြည်ပအဖွဲ့အစည်းနှင့် အစည်းအဝေး (၁)ကြိမ်၊ အပြန်အလှန် ဆွေးနွေးခြင်း (၃)ကြိမ်ပြုလုပ်ခဲ့ပြီး ပုံမှန်အစီရင်ခံစာလေးစောင် ပြုစုနိုင်ခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**

ကော်မတီသည် ကော်မတီအစည်းအဝေး (၁၉) ကြိမ်၊ ဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးခြင်း (၁)ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း (Debate) (၁)ကြိမ်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဧည့်တွေ့ခြင်း (၄)ကြိမ်တို့ကို စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည်။

**အစိုးရ မဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ**

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅)ကြိမ်၊ ဝန်ကြီးဌာနနှင့်တွေ့ဆုံမှု (၆)ကြိမ်၊ INGOs အဖွဲ့များနှင့် တွေ့ဆုံမှု (၄)ကြိမ်၊ ဩစတြေးလျနိုင်ငံရှိ Earth System Pty.Ltd နှင့် တွေ့ဆုံမှု (၁)ကြိမ် စုစုပေါင်းတွေ့ဆုံမှု (၁၆) ကြိမ် ပြုလုပ်ခဲ့သည်။

**ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ**

ကော်မတီသည် မန္တလေးမြို့နှင့် တောင်ကြီးမြို့ရှိ ပြည်သူ့ဆေးရုံများ၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီးနှင့် ဇမ္ဗူသီရိ ဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတို့၌ ကင်ဆာရောဂါနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာခဲ့သည်။

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၇) ကြိမ်၊ ဝန်ကြီးဌာနနှင့် တွေ့ဆုံမှု (၂)ကြိမ်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၁၁) ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု (၂)ကြိမ်၊ အားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲများသို့ တက်ရောက်မှု (၁၆) ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အခမ်းအနားများနှင့် အစည်းအဝေးများ တက်ရောက်မှု (၇၈)ကြိမ်၊ ကွင်းဆင်းဆောင်ရွက်ခြင်း (၄) ကြိမ်နှင့် အပြန်အလှန် ဆွေးနွေးခြင်း(Debate) (၃) ကြိမ် ပြုလုပ်ခဲ့သည်။

**တိုင်းရင်းသားရေးရာကော်မတီ**

ကော်မတီသည် ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ဒီးမော့ဆိုမြို့တို့ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားဘာသာစာပေ သင်ကြားနေသော ဆရာ ဆရာမများ၏ လိုအပ်ချက်အခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်ရန် ကွင်းဆင်းသွားရောက်ခဲ့သည်။

စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၉) ကြိမ်၊ ဝန်ကြီးဌာနနှစ်ခုနှင့် ဘတ်ဂျက်စိစစ်ရေး ပူးပေါင်းအစည်းအဝေး (၃) ကြိမ်၊ ပြည်ပတွေ့ဆုံမှုတစ်ကြိမ်၊ ပြည်တွင်းခရီးစဉ်တစ်ကြိမ်၊ တိုင်းရင်းသားစာပေ သင်ကြားရေးကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှစ်ခုဖြင့် ညှိနှိုင်းအစည်းအဝေး (၂) ကြိမ်နှင့် တွေ့ဆုံကြားနာပွဲ (၂) ကြိမ် ပြုလုပ်ခဲ့ပြီး အစီရင်ခံစာတစ်ကြိမ် တင်သွင်းခဲ့သည်။

**တောင်သူလယ်သမားရေးရာကော်မတီ**

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း ကော်မတီအနေဖြင့် အစည်းအဝေး (၂၂) ကြိမ်၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တွေ့ဆုံမှု (၄) ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၂) ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၆) ကြိမ်နှင့် အပြန်အလှန်ဆွေးနွေးခြင်း (Debate) (၂) ကြိမ် ပြုလုပ်ခဲ့ပြီး အစီရင်ခံစာ (၃) ကြိမ် တင်သွင်းခဲ့သည်။

**အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ**

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂၅) ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၆) ကြိမ်နှင့် ပြည်ပအဖွဲ့ အစည်းများနှင့်တွေ့ဆုံမှု (၄) ကြိမ် စုစုပေါင်း (၃၅) ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

**ပညာရေးမြှင့်တင်မှုကော်မတီ**

ပညာရေးမြှင့်တင်မှု ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေး (၂၇) ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု (၁)ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု (၁၂) ကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး (၃) ကြိမ် ပြုလုပ်ခဲ့သည်။

ကော်မတီသည် အထူးဆောင်ရွက်ချက်အနေဖြင့် **"မိမိတို့ လူ့ဘောင်အဖွဲ့အစည်းနှင့် စီးပွားရေး၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သော သင်ရိုးညွှန်းတမ်းများအား ပြုစုခြင်း၊ သင်ကြားလေ့ကျင့်အကဲဖြတ်ခြင်း"** ခေါင်းစဉ်ဖြင့် စုံစမ်းလေ့လာမှုအစီရင်ခံစာပြုလုပ်ခဲ့သည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ**

ကော်မတီသည် မကွေးတိုင်းဒေသကြီး အမှတ်(၁၁) အထည်ချုပ်စက်ရုံ(ပခုက္ကူ) နေ့စားအလုပ်သမား ၃၇ ဦးကို အလုပ်မှထုတ်ပယ်ခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြေလည်မှုရရှိအောင် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကာ အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက် သဘောတူ စာချုပ်ချုပ်ဆိုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကော်မတီအနေဖြင့် အလုပ်သမား

အထူးကဏ္ဍ [ ဃ ] သို့ »»»

- **အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း ၂၀ အနက် ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသော ဥပဒေကြမ်းတစ်ခု၊ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေကြမ်း ၁၁ ခုနှင့် ပြဋ္ဌာန်းပြီး ဥပဒေရှစ်ခုတို့ကို စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဥပဒေကြမ်းကော်မတီက ဆောင်ရွက်ခဲ့**
- **ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော ဥပဒေကြမ်း ၁၀ ခုအနက် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့သော ဥပဒေကြမ်း ငါးခုနှင့် ပြဋ္ဌာန်းပြီး ဥပဒေငါးခုရှိ**
- **အမျိုးသားလွှတ်တော်က စတင်ဆောင်ရွက်သော ဥပဒေကြမ်း ၁၈ ခု၊ ပြည်သူ့လွှတ်တော်က စတင်ဆောင်ရွက်သော ဥပဒေ ကြမ်း ၁၁ ခု၊ ပြည်ထောင်စုလွှတ်တော်က တာဝန်ယူဆောင်ရွက်ခဲ့သော ဥပဒေခြောက်ခု စုစုပေါင်းဥပဒေ ၃၅ ခု ပြဋ္ဌာန်းနိုင်ခဲ့**

>>>> အထူးကဏ္ဍ [ ၈ ] မှ

ရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ၂၀၁၉ ခုနှစ် ဇွန်လ ၃ ရက်တွင် ဥပဒေအမှတ် ၁၇ ဖြင့် ပြည်ထောင်စုလွှတ်တော်၌ အတည်ပြု ပြဋ္ဌာန်းနိုင်အောင် ဆောင်ရွက်ခဲ့သည်။

ကော်မတီသည် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂၇) ကြိမ်၊ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများနှင့် အစည်းအဝေး (၁၀) ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၁)ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၆) ကြိမ်၊ ကွင်းဆင်းလေ့လာစိစစ်မှု (၁)ကြိမ်နှင့် ကြားနာတွေ့ဆုံမှု (၁)ကြိမ် ဆောင်ရွက်ခဲ့ပြီး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ (၁)ကြိမ် တင်ပြဆောင်ရွက်ခဲ့သည်။

**နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကော်မတီ**

ကော်မတီသည် ထုံးဘို (၁)၊ ထုံးဘို (၂) နှင့် တမာတောင်(အမျိုးသမီး) ကျောက်ထုတ်စခန်းများနှင့် မန္တလေးဗဟိုအကျဉ်းထောင်များသို့ သွားရောက်၍ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ အကျဉ်းသားများ၏ လူ့အခွင့်အရေးအခြေအနေများကို ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် အလုပ်သမားရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ရှိ ကျားဖောင်လုပ်ငန်းများနှင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်၊ မြိတ်ခရိုင် ကျွန်းစုမြို့နယ်တို့ရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကော်မတီသည် စတုတ္ထ (၁)နှစ်တာ ကာလအတွင်း အစည်းအဝေး (၂၆)ကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်း (၆) ကြိမ်၊ ပြည်တွင်းပညာရှင်များနှင့် တွေ့ဆုံမှု (၃) ကြိမ်နှင့် ပြည်ပတွေ့ဆုံမှု (၃) ကြိမ် ဆောင်ရွက်ခဲ့ပြီး တိုင်ကြားစာ ၁၆၂ စောင်ကို ဖြေရှင်းဆောင်ရွက်ခဲ့သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**

ကော်မတီသည် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၁)ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၆)ကြိမ်၊ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂၇) ကြိမ်၊ ဝန်ကြီးဌာန/လုပ်ငန်းရှင်များနှင့်တွေ့ဆုံမှု (၆) ကြိမ်၊ Westminster Foundation for Democracy–WFD ၏ အစီအစဉ်ဖြင့် **"၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေအား လက်ရှိပြည်သူများ ကျင့်သုံးနေမှုကို ပြန်လည်သုံးသပ်ရန်အတွက် စုံစမ်းလေ့လာမှု"** အနေဖြင့် လေ့လာရေးခရီး(Site Visit) (၂) ကြိမ် စုစုပေါင်း (၄၂)ကြိမ်ပြုလုပ်ခဲ့သည်။

**ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ**

ကော်မတီသည် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း တိုင်ကြားစာပေါင်း ၁၄၈၇ စောင် လက်ခံရရှိခဲ့ပြီး ကွင်းဆင်းစစ်ဆေးခြင်း အမှုတွဲ (၆)တွဲကို (၄)ကြိမ်၊ ကြားနာမှု (၁)ကြိမ်၊ အာဏာပိုင်အဖွဲ့အစည်းများသို့ ၄၆ စောင်၊ ဝန်ကြီးဌာနများသို့ ၁၃၈ စောင်၊ ပြည်နယ်/တိုင်းဒေသကြီးများသို့ ၃၃၈ စောင်၊ ပြည်ပအဖွဲ့အစည်းနှင့်တွေ့ဆုံမှု (၁)ကြိမ်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ ၂၂၅ စောင်၊ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၈) ကြိမ်နှင့် ကာယကံရှင်ထံ ပြန်ကြားခြင်း ၃၄၉ စောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် အစီရင်ခံစာ (၂)ကြိမ် တင်သွင်းခဲ့သည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

ကော်မတီသည် United Nations Development Programme – UNDP နှင့် ပူးပေါင်း၍ ကော်မတီက မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ်စေသော ဘေးထွက်ဆိုးကျိုးများကို လျှော့ချရေးဆိုင်ရာ လေ့လာစိစစ်မှု (Inquiry)ကို ပြုလုပ်ခဲ့သည်။

ထို့ပြင် နေပြည်တော် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာ အုပ်စုအတွင်းရှိ တောင်သူ ၅၆ ဦးတို့၏ ဂျပန်ဟင်းနုနယ် စိုက်ပျိုးခြင်းတွင် နစ်နာဆုံးရှုံးမှုများအတွက် ကူညီဖြေရှင်းပေးနိုင်ပါရန် တင်ပြလာသည့်အပေါ် စိုက်ပျိုးသူတောင်သူနှင့် Myanmar Agri Food ကုမ္ပဏီတို့အကြား ကြေအေးပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကော်မတီသည် စတုတ္တ (၁) နှစ်တာ ကာလအတွင်း ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇) ကြိမ်၊ ပြည်ပအဖွဲ့အစည်းများ နှင့်တွေ့ဆုံမှု (၃) ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၂) ကြိမ်၊ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေး (၇) ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း (Debate) (၄) ကြိမ်နှင့် ကွင်းဆင်းလေ့လာစိစစ်ခြင်း (၅) ကြိမ် ပြုလုပ်နိုင်ခဲ့သည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး Mr. Ly Quoc Tuan တို့ (၃၁-၁-၂၀၂၀) ရက်နေ့က တွေ့ဆုံစဉ်။

**ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ**

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအကြိမ် (၂၀)၊ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေး (၆)ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၁)ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၂)ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း(Debate) (၂)ကြိမ်နှင့် ကွင်းဆင်းလေ့လာစိစစ်ခြင်း (၂) ကြိမ် ဆောင်ရွက်ခဲ့ပြီး တိုင်ကြားစာ ၁၈ စောင်ကို စိစစ်ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖတ်ရှုလေ့လာနိုင်ရေးအတွက် သုတေသနစာတမ်းတိုအစောင် ၂၀၅၀ ရေးသားထုတ်ဝေခြင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် သုတေသနဆိုင်ရာ မေးခွန်း ၃၄၁ ခုကို ဖြေကြားပေးခြင်း၊ အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များကို ဧည့်ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်း၊ စာကြည့်တိုက်ဌာနခွဲမှ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် လိုအပ်သည့် သတင်းအချက်အလက်များရရှိစေရန် ဝန်ဆောင်မှုများပေးခြင်းတို့ဖြင့် ပံ့ပိုးကူညီဆောင်ရွက် လျက်ရှိသည်။

ထို့ပြင် အမျိုးသားလွှတ်တော် ဝက်ဘ်ဆိုက်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် စတင်ထုတ်လွှင့်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ထပ်မံအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။ အမျိုးသားလွှတ်တော်ကော်မတီများ၏ Facebook Page ကို ကော်မတီတစ်ခုချင်းအလိုက် ထည့်သွင်းထားရှိပြီး ဖြစ်သည်။

ထိုကဲ့သို့ ပြည်သူ့အကျိုး ကိုယ်စားပြုဖော်ဆောင်ရာ အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီမှ ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး စုစုပေါင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် ဖွဲ့စည်းရမည် ဖြစ်သည်။ လက်ရှိတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၂၂၃ ဦးက ပြည်သူ့ဆန္ဒများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ပြီးခဲ့သည့် ၄ နှစ်တာအတွင်း ပြည်သူ့အတွက် ကြိုးပမ်းဖော်ဆောင်ခဲ့သလို ကျန်ရှိသည့် လွှတ်တော်သက်တမ်းအတွင်း ပြည်သူ့အကျိုးအတွက် ပြည်သူ့ထံမှလာသည့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများကို ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ပေးနေမည် ဖြစ်သည်။

ကျန်ရှိသည့် လွှတ်တော်သက်တမ်းအတွင်း မိမိတို့ ကိုယ်စားလှယ်များအနေဖြင့် ပြည်သူမှအပ်နှင်းထားသည့် ဥပဒေပြုရေးအာဏာကို ပြည်သူများအတွက် အဓိကထားအားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းထမ်းဆောင်ရင်း လွှတ်တော်၏ ဆောင်ပုဒ်ဖြစ်သည့် **"ပြည်သူ့ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက်လွှတ်တော်ကဖော်ဆောင်ရွက်"** ဆိုသည့်အတိုင်း ပြည်သူတို့၏ မျှော်လင့်ချက်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ အမှာစကားကို ပြည်သူထံသို့ ထပ်ဆင့်တင်ပြရင်း .........။ ။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံအမတ်ကြီး Mrs. Hana Mottlova တို့ (၅-၁၂-၂၀၁၉) ရက်နေ့က တွေ့ဆုံစဉ်။

> **အမျိုးသား လွှတ်တော်ကိုယ်စားလှယ် များသည် ပြီးခဲ့သည့် ၄ နှစ်တာအတွင်း ပြည်သူ့အတွက် ကြိုးပမ်းဖော်ဆောင်ခဲ့သလို ကျန်ရှိသည့် လွှတ်တော်သက်တမ်းအတွင်း ပြည်သူ့အကျိုးအတွက် ပြည်သူ့ထံမှလာသည့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများကို ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ပေးနေမည်ဖြစ်**